# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၂) ရက်မြောက်နေ့ အစီအစဥ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၀၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ၂၂-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၉ ဦးရှိပြီး စုစုပေါင်း ကိုယ်စားလှယ် ၂၈ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၉ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၈ ဦးနှင့် ခွင့် ၃ ရက် တိုင်ကြားသူ

ကိုယ်စားလှယ် ၁ ဦး၊ စုစုပေါင်း ၉ ဦး ရှိပါတယ်။ ကိုယ်စားလှယ် ၉ ဦးမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊

(၂) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊

(၃) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၄) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး၊

(၅) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း၊

(၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်၊

(၇) ကရခမှ ဗိုလ်မှူးမျိုးဇော်ဦး၊

(၈) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင်၊

(၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း တို့သည် ခွင့်အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်မှာ ဖြစ်ပါတယ်။

**လွှတ်တော်အစည်းအဝေးများ၏ ဆွေးနွေးချက်များကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ (က) ပြည်သူလူထုသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ အစည်းအဝေးများကို စိတ်ဝင်စားပြီး သတင်းအချက်အလက်အပြည့်အစုံ ကြားသိလိုကြသည်ကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သိပါသလား။ (ခ) အာဖရိကတိုက်ရှိ နိုင်ငံငယ်တချို့သည်ပင်လျှင် လွှတ်တော်အစည်းအဝေး၏ အခင်းအကျင်းနှင့် ဆွေးနွေးချက်များကို ၎င်းနိုင်ငံရှိ ရုပ်မြင်သံကြားအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြနေသည်ကို သိပါသလား။ (ဂ) မြန်မာနိုင်ငံတွင်လည်း စတုတ္ထပုံမှန်အစည်းအဝေး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အစည်းအဝေးများ၏ အစီအစဉ်များနှင့် ဆွေးနွေးချက်များကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိပါသလား။ (ဃ) အစီအစဉ်ရှိပါက မည်သည့်အချိန်၌ မည်ကဲ့သို့ ထုတ်လွှင့်ပေးမည်ကို သိလိုပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးဝင်း (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးများမှ

ဆွေးနွေးပြောကြားချက်များကို ပြည်သူများအနေနဲ့ စိတ်ပါဝင်စားလျက်ရှိကြောင်း ကြားသိနေရပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ လွှတ်တော်ဝင်း ဇဗ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည့် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပရေး ညှိနှိုင်း အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြန်လည်ကျင်းပ ပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးများမှစတင်၍ လွှတ်တော် ပုံမှန်အစည်းအဝေးများ၏ ဆွေးနွေးချက်များကို MRTV နှင့် Joint Venture ဆောင်ရွက်နေသော SKY Net ရုပ်သံလိုင်းမှ ပြည့်ပြည့်စုံစုံ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိပြီး ဖြစ်ပါကြောင်းနှင့် MRTV နှင့် MI Channel တို့မှလည်း Breaking News များအဖြစ် အစည်းအဝေးကျင်းပနေသည့်ကာလ အတွင်း ထုတ်ပြန်ပေးလျက်ရှိပါတယ်။

လွှတ်တော်အသီးသီးရဲ့ အစီအစဉ်များနှင့် ဆွေးနွေးချက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV က တိုက်ရိုက် Live ထုတ်လွှင့်ပေးဖို့ဆိုရင် သီးခြားလိုင်းတစ်ခုဖြင့် ထုတ်လွှင့်ပေးရမှာဖြစ်ပါတယ်။ သို့ရာတွင် MRTV က လက်ရှိ Free to Air ထုတ်လွှင့်ပေးနေသည့် စနစ်မှာ လှိုင်းနှုန်းခွဲဝေမှု (Spectrum Sharing) ဆိုင်ရာ ကန့်သတ်ချက်ရှိသည့် Analogue စနစ်ဖြင့် ထုတ်လွှင့်နေခြင်းဖြစ်ပါတယ်။ Analogue စနစ်မှာ ရုပ်သံလွှင့်စက်တစ်လုံးမှ ရုပ်သံအစီအစဉ် Channel တစ်ခုတည်းကိုသာ ထုတ်လွှင့်၍ ရပါသည်။ Analogue ရုပ်သံလွှင့် ကွန်ရက်တစ်ခု ထပ်မံတည်ဆောက်ရန်အတွက် အချိန်၊ ငွေကြေးများစွာ စိုက်ထုတ်ရန် လိုအပ်ပါတယ်။ ဒါကြောင့် ယင်း Analogue စနစ်ဖြင့် ရုပ်သံလိုင်းတစ်လိုင်းအသစ်ထပ်မံ တိုးချဲ့ထုတ်လွှင့်ပေးရန် လက်ရှိအခြေအနေတွင် မဖြစ်နိုင်သေးပါသဖြင့် လက်ရှိကျင်းပနေတဲ့ လွှတ်တော်အသီးသီးရဲ့ အစီအစဉ်များနှင့် ဆွေးနွေးချက်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ထုတ်လွှင့်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးသိန်းညွန့်(သယ်န်းကွန်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နည်းဥပဒေ ၁၁၆ (ဃ)အရ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို ရှင်းလင်းဖို့ မေးချင်တဲ့ အချက်ကတော့ အာဖရိကတိုက်မှာ ဘော့စရီးဝါးလိုနိုင်ငံငယ်လေးမှာတောင် လွှတ်တော်ရဲ့ဆွေးနွေးချက်၊ အခင်းအကျင်းတွေကို တိုင်းရင်းသား ဘာသာစကားတွေနဲ့တောင် ဘာသာပြန်ပြီးတော့ ထုတ်လွှင့်ပေးနိုင်တဲ့ အခြေအနေ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ၂၆ ရာခိုင်နှုန်းသော ပြည်သူလူထုဟာ ဆင်းရဲမွဲတေမှု

အောက်မှာ ရောက်နေပါတယ်။ အဲဒါကြောင့် သူတို့ လွယ်လင့်တကူကြည့်နိုင်တဲ့ မြန်မာ့ ရုပ်မြင်သံကြားက ထုတ်လွှင့် ပေးနိုင်အောင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စတုတ္ထပုံမှန် အစည်းအဝေးမှာ မလုပ်နိုင်ဘူးဆိုရင် ပဉ္စမပုံမှန်အစည်းအဝေးမှာ လုပ်နိုင်ဖို့ ပြန်ကြားရေး ဝန်ကြီးဌာနက စွမ်းဆောင်နိုင်ပါသလား။ ဒီမေးခွန်းလေးကိုတော့ ပြည်သူလူထု သိရှိဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးစိုးဝင်း (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)** ။ ။ လက်ရှိကျွန်တော် ဖြေကြားတဲ့ အဖြေထဲမှာလည်းပါပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ MRTV ရဲ့ မူလဖွဲ့စည်းထားတဲ့ အနေအထားကိုက ဒီ Analogue စနစ်ဆိုတဲ့အတွက် Channel တစ်ခုတည်းပဲ ထုတ်လွှင့်လို့ ရပါတယ်။ လက်ရှိ MRTV-4 တို့၊ SKY Net တို့က ကျွန်တော်တို့နှင့် Joint Venture ဖြစ်ပါတယ်။ သူတို့ကတော့ သူတို့ရဲ့ Transmitter နဲ့ Degital စနစ်နှင့် ထုတ်လွှင့်နေတာဖြစ်ပါတယ်။ MRTV မှာတော့ Analogue စနစ် Transmitter တစ်လုံးတည်းရှိတဲ့အတွက် တစ်နေ့လုံးတောင် မလွှင့်နိုင်ပါဘူး။ နံနက် ၉ နာရီကနေပြီး တော့ ညနေ ၄ နာရီကြားမှာ မလွှင့်နိုင်ဘဲနှင့် ၄ နာရီမှ ပြန်လည်ထုတ်လွှင့်ရတဲ့ အနေအထားရှိပါ တယ်။ သို့သော်လည်း နောင်အနာဂတ် Plan တွေတော့ ၅ နှစ်စီမံကိန်း ဆွဲထားတာရှိပါတယ်။ ဆွဲထား တာကတော့ ၂၀၁၅ ခုနှစ်မှာတော့ ကျွန်တော်တို့သည် Analogue စနစ်ကို Switch Off လုပ်ဖို့ အတွက် အာဆီယံသဘောတူညီချက်လည်း ရှိထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို Analogue စနစ်က နေမှ Degital စနစ် ပြောင်းလဲဖို့အတွက် အဆင့်ဆင့် ပြောင်းလဲဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီလို အစီအစဉ် ရှိလာ တဲ့အခါမှာတော့ Analogue စနစ်ကနေပြီးတော့ Degital စနစ်ကို အဆင့်ဆင့် ပြောင်းလဲလာတဲ့ အခါမှာတော့ Free to Air ပြည်သူတွေ ကြည့်နိုင်ဖို့အတွက် လွှင့်ထုတ်နိုင်မယ့် Channel ဟာ ၁၅ ခု အထိ ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီလို ၁၅ ခုရှိလာတဲ့အခါမှာတော့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေး မှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**စက်မှုဇုန်များကဲ့သို့ ၁ တန်လိုက်ထရပ်ယာဉ်များကို ဘယ်မောင်းသာတင်သွင်းရန် သတ်မှတ်ပေးနိုင်၊ မပေးနိုင်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ကုန်သွယ်ခွန်၊ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အိုးအိမ်ကိုပစ်၊ မိသားစုဘဝကိုပစ်၊ လုပ်ငန်းကိုပစ်ပြီးတော့ ပြည်သူ့ဆန္ဒကိုကိုင်စွဲကာ အခွင့်အရေးကိုပဓာနမထား၊ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ ပြည်သူရဲ့အကျိုးစီးပွားကို ရှေးရှု ကြိုးစားနေကြသော လုပ်ဖော်ကိုင်ဖက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလည်းကောင်း စိတ်မှဦးညွှတ်ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်း ၂ ခုဖြစ်ပါတယ် ခင်ဗျား။ ယခုအခါမှာ စက်မှုဇုန်များကို ၁ တန်လိုက်ထရပ်ယာဉ်များကို အန္တရာယ်ကင်းရှင်းရေးကို ရည်ရွယ်ပြီးတော့ ဘယ်မောင်းယာဉ်များသာ ထုတ်လုပ်ခွင့်ပေးထားပါတယ်။ စက်မှုဇုန်တွေကလည်း ၁ တန်လိုက်ထရပ်ယာဉ်တွေကို စက်မှုဝန်ကြီးဌာနရဲ့သတ်မှတ်ချက်နှင့်အညီ ကောင်းမွန်စွာထုတ်လုပ် လျက်ရှိပါတယ်။ စက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်ရေး အထောက်အကူပြုလုပ်ငန်းတွေဖြစ်ကြတဲ့ ဘော်ဒီလုပ်ငန်း၊ ဖရိန်လုပ်ငန်း၊ ရှေ့ရုပ်ထုတ်လုပ်ငန်းနှင့် ထိုင်ခုံထုတ်လုပ်ရေးလုပ်ငန်း၊ ဘန်ကာ လုပ်ငန်း၊ ကားဆေးမှုတ်၊ မိုးကိုင်းမိုးကာ၊ ဝါယာထိန်းစတဲ့လုပ်ငန်းတွေမှာ မြန်မာတစ်နိုင်ငံလုံးရဲ့ စက်မှုဇုန်လုပ်သားသောင်းကျော်ခန့် မှီခိုအားထားနေရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံခြားမှ ကားများတင်သွင်းခွင့်ပေးတဲ့အခါမှာ လိုက်ထရပ်ယာဉ်များကို ဘယ်မောင်းရော၊ ညာမောင်းပါ တင်သွင်းခွင့်ပေးနေပါတယ်။ ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် တရားမျှတမှုမရှိဘူးလို့ ခံစားနေရပါတယ်။ လုပ်ငန်းရှင်များနှင့် စက်မှုဇုန်လုပ်သားများရဲ့ စားဝတ် နေရေးကိုထောက်ရှုလျက် နိုင်ငံခြားမှ ကားတင်သွင်းမှုကို စက်မှုဇုန်များနည်းတူ ဘယ်မောင်း ယာဉ်များသာ တင်သွင်းခွင့်ပေးမှသာ တရားမျှတညီညွတ်မှုရှိမယ်လို့ ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ စက်မှုဇုန်များကို ယာဉ်အန္တရာယ် ကင်းရှင်းရေးကိုဦးတည်၍ လိုက်ထရပ်ဘယ်မောင်းယာဉ်တွေသာ ထုတ်လုပ်ခွင့်ပေးထားသလို နိုင်ငံခြားကနေ တင်သွင်းတဲ့ ၁ တန်လိုက်ထရပ်ယာဉ်တွေကိုလည်း ဘယ်မောင်းသာခွင့်ပြုသင့်ပါတယ်။ သို့ဖြစ်ပါ၍ ယခုတင်ပြတဲ့အတိုင်း ၁ တန်လိုက်ထရပ်ယာဉ်တွေကို ဘယ်မောင်းသာ တင်သွင်းခွင့် ပြုနိုင်၊ မပြုနိုင်ကိုလည်းကောင်း ဒုတိယမေးခွန်းအနေနဲ့ ယခုအခါမှာ နိုင်ငံခြားမှကား တင်သွင်းခွင့်ပေးတဲ့အတွက်ကြောင့် စက်မှုဇုန်ကားထုတ်လုပ်ရေး လုပ်ငန်းများ ရပ်ဆိုင်းလုနီးပါး အခြေအနေရောက်ရှိနေပါတယ်။ အလုပ်လက်မဲ့များလည်းတိုးပွားလျက်ရှိပါတယ်။ စက်မှုဇုန်ကား ထုတ်လုပ်ရေးမှာ နိုင်ငံခြားကတင်သွင်းတဲ့ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းအပေါ်မှာ

တင်သွင်းလာစဉ်မှာ အခွန်ကောက်ခံပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မော်တော်ယာဉ် ဈေးနှုန်းများ ကျဆင်းချိန်မှာ စက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ လုပ်သားများအား သက်ညှာသောအားဖြင့် ယခုလက်ရှိကောက်ခံနေသော ဝင်ငွေခွန်၊ ကုန်သွယ်ခွန်များကို ကင်းလွတ်ခွင့်ပေးသင့်ပါတယ်။ ဝင်ခွန်နှင့် ပတ်သက်ပြီးတော့ ကင်းလွတ်ခွင့်မတောင်းဆိုပါဘူးခင်ဗျား။ ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များနှင့်လုပ်သားများ အလွန်အကြပ်အတည်း ဖြစ်နေပါတယ်။ ဒါကြောင့် စက်မှုဇုန် မော်တော်ယာဉ်လုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ယခုဘဏ္ဍာရေးနှစ်မှစ၍ ကုန်သွယ်ခွန်၊ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုနိုင်၊ မပြုနိုင်သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမှ မေးမြန်းသွားတဲ့မေးခွန်း၂ ခုအနေနဲ့မေးခွန်း (၁) ကို စက်မှုဝန်ကြီးဌာနကိုယ်စား ကျွန်တော်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်မှ ပြန်လည် ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်း (၂) ကိုတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်း (၁) နှင့်ပတ်သက်ပြီးတော့ စက်မှုဇုန်တွေမှာ ထုတ်လုပ်တဲ့ မော်တော်ယာဉ်တွေ ဘယ်မောင်း၊ညာမောင်းထုတ်လုပ်ခွင့်ကိစ္စတွေနှင့်ပတ်သက်လို့ မေးမြန်းသွားတာဖြစ်ပါတယ်။ ဒီမေးခွန်းကိုပြန်လည်ဖြေကြားရမယ်ဆိုရင်တော့ ကျွန်တော်တို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနဲ့ စက်မှုဇုန်များမှာထုတ်လုပ်ရန် ခွင့်ပြုထားတဲ့ မော်တော်ယာဉ်များနှင့်ပတ်သက်၍ အရည်အသွေးရှိတဲ့ မော်တော်ယာဉ်များ ထုတ်လုပ်အသုံးပြု နိုင်စေရေး၊ နိုင်ငံအတွက် လက်ရှိကျင့်သုံးနေတဲ့ လက်ယာကပ်မောင်းစနစ်နဲ့ ကိုက်ညီစေရေးရည်ရွယ်ပြီး ဘယ်မောင်းအမျိုးအစား မော်တော်ယာဉ်များကိုသာ စိစစ်ခွင့်ပြုပေးခဲ့ပါတယ်။ စက်မှုဇုန်များမှာ ထုတ်လုပ်ခွင့်ပြုထားသော ဘယ်မောင်းမော်တော်ယာဉ်အမျိုးအစားတွေက ဂျစ်ကား၊ ၁ တန် လိုက်ထရပ်၊ ၂ တန်ထရပ်၊ ၂.၅ တန် ထရပ်၊ ၃ တန်ထရပ်၊ ၄ တန်ထရပ်၊ ၆ ဘီး ၁၀ တန်ယာဉ်၊ ၁၂ ဘီး ၂၀ တန်ယာဉ်နှင့် အယောက် ၅၀ စီး ဘတ်စ်ကားများဖြစ်ကြပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဘယ်မောင်းအမျိုးအစား ထရပ်ဘတ်စ်ကားများကိုသာ

လုပ်ငန်းသုံးယာဉ်အဖြစ် တင်သွင်းခွင့်ပြုခဲ့သော်လည်း ပြည်တွင်းခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတို့တွင် ယာဉ်လိုအပ်ချက်များ ရှိနေပြီး ယာဉ်အို၊ ယာဉ်ဟောင်းအများစုကိုသာ အသုံးပြုနေရတဲ့အနေအထားမှာ ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှ စပြီးတော့ နိုင်ငံတော်ရဲ့အစီအမံနဲ့ ပြည်တွင်း၌ရှိနေတဲ့ အနှစ် ၄၀၊ အနှစ် ၃၀၊ အနှစ် ၂၀ သက်တမ်း ရှိတဲ့ ယာဉ်ဟောင်းများကို အပ်နှံပယ်ဖျက်စေပြီး ၁၉၉၅ ခုနှစ်မော်ဒယ်လ်မှ ၂၀၀၆ ခုနှစ်မော်ဒယ်လ် အထိ မော်တော်ယာဉ်အသစ်များအား ပြည်ပမှအစားထိုးတင်သွင်းခွင့်ပြု ခြင်းကို ဘယ်မောင်း၊ ညာမောင်း မခွဲခြားဘဲတင်သွင်းခွင့်ပြုထားသော်လည်း ခရီးသည်တင် ဘတ်စ်ကားများကိုမူ ဘယ်မောင်းယာဉ်များကိုသာ တင်သွင်းခွင့်ပြုထားပါတယ်။ ထို့အပြင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားတဲ့ နိုင်ငံသားတိုင်းအား ၂၀၀၇ ခုနှစ်မော်ဒယ်လ်မှ ၂၀၁၂ ခုနှစ် မော်ဒယ်လ်အထိ လူစီး မော်တော်ယာဉ်များကို ၂၀၁၂ ခုနှစ်၊ မေလမှစတင်၍ တင်သွင်းခွင့်ပြုထား ပါတယ်။ မော်တော်ယာဉ် တင်သွင်းသူများအနေနဲ့ ဂျပန်နိုင်ငံမှထုတ်လုပ်သော မော်တော်ယာဉ်များကို ပိုမိုနှစ်သက်ကြပြီး အဆိုပါမော်တော်ယာဉ်များဟာ ညာမောင်းယာဉ်အမျိုးအစားများ ဖြစ်ကြပါတယ်။ ဘယ်မောင်း အမျိုးအစားမော်တော်ယာဉ်များအနေနဲ့ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှထုတ်လုပ်တဲ့ ယာဉ်များသာဖြစ်ကြပြီး သုံးစွဲသူအကြိုက်နည်း၍ တွင်တွင်ကျယ်ကျယ် တင်သွင်း နိုင်မှုမရှိဘဲ လက်ရှိညာမောင်းအမျိုးအစား မော်တော်ယာဉ်များကိုသာ အများဆုံးတင်သွင်းကြောင်း တွေ့ရှိနေရပါတယ်။ ထိုသို့တင်သွင်းခွင့်ပေးခြင်းအားဖြင့် ပြည်သူများအနေနဲ့ မော်တော်ယာဉ်များကို ထိုက်သင့်တဲ့ဈေးနှုန်းများဖြင့် ဝယ်ယူအသုံးပြုလာနိုင်ခြင်း၊ မော်တော်ယာဉ်ရောင်းဝယ်မှုကို အဆင့်ဆင့် အမြတ်တင်ရောင်းချသည့် ပုံမှန်မဟုတ်သော စီးပွားရေးလုပ်ငန်းများ လျော့နည်းလာခြင်း၊ တရားမဝင် သောနည်းလမ်းများဖြင့် မော်တော်ယာဉ်များဝင်ရောက်မှု လျော့နည်းလာခြင်း၊ နိုင်ငံတော်မှ ရသင့် ရထိုက်တဲ့အခွန်အကောက်များရရှိလာခြင်းနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းသုံးယာဉ်များ၊ ခရီးသည် တင် အငှားယာဉ်များတင်သွင်းခွင့်ပြုတဲ့အတွက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက် ကောင်းမွန်လာစေခြင်းစတဲ့ အကျိုးကျေးဇူးများကို ရရှိလာပါတယ်။ ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်သူများအနေနဲ့ အရည်အသွေးစံချိန်စံညွှန်းမီတဲ့ မော်တော်ယာဉ်များကို ဈေးကွက် လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်းနှင့် ပြည်သူလူထု အသက် အန္တရာယ်မဖြစ်အောင် စံချိန်စံညွှန်းနှင့်ကိုက်ညီတဲ့ မော်တော်ယာဉ်များကို ထုတ်လုပ်သွားနိုင်မည် ဆိုပါက စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ဘယ်မောင်း၊ ညာမောင်းမခွဲခြားဘဲ

မော်တော်ယာဉ်ထုတ်လုပ်ခွင့်ပြုနိုင်ရေးကိစ္စကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဆက်ဖြေပါ။

**ဖြေကြားချက်**

**ဦးဝင်းရှိန်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ ပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့်လုပ်သားများ အလွန်အကြပ်အတည်း ဖြစ်နေပါသဖြင့် စက်မှုဇုန်မော်တော်ယာဉ်လုပ်ငန်းများကို ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုနိုင်ခြင်းရှိ၊ မရှိသိလိုပါသည်ဟု မေးမြန်းလာခြင်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းရှိန်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စက်မှုဇုန်မော်တော်ယာဉ်လုပ်ငန်းများရဲ့ အခွန်ဖြေလျှော့မှုနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဟာ စက်မှုဇုန်များမှ ထုတ်လုပ်ရောင်းချသော ကုန်ပစ္စည်းများအား ပြည်တွင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများနှင့်ယှဉ်ပြိုင်ရောင်းချနိုင်ရေး အားပေးတဲ့အနေဖြင့် စက်မှုဇုန်များတွင် စနစ်တကျမှတ်ပုံတင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများက ထုတ်လုပ်ပြီး ပြည်တွင်း၌ရောင်းချသည့်ကုန်စည်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ နှုန်းထားအသီးသီးဖြင့်ကျသင့်မည့်အစား ယင်းနှုန်းများ၏ ၂၀ ရာခိုင်နှုန်းအထိသာ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ကောက်ခံရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၁-၁၀-၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄၃/၉၉) ဖြင့်ထုတ်ပြန်ပေးခဲ့ပါတယ်။ အကယ်၍ ပြည်ပမှမော်တော်ယာဉ်တင်သွင်းပါက ကုန်သွယ်လုပ်ငန်းခွန် ၂၅ ရာခိုင်နှုန်းကျသင့်မှာ ဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါအမိန့်ကြော်ငြာစာအရ ပြည်တွင်း၌မော်တော်ယာဉ်ထုတ်လုပ်ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်အနေဖြင့် ကျသင့်ရမည့် ၂၅ ရာခိုင်နှုန်းအစား ၎င်း၏ ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ ၅ ရာခိုင်နှုန်းသာထမ်းဆောင်ရမှာဖြစ်ပါတယ်။ ယခုအခါ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၁၅-၃-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၂) အရ အခွန်ဆိုင်ရာဖြေလျှော့မှုများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဇယား ၂ မှ ဇယား ၅ ပါကုန်စည်များကို နှုန်းအသီးသီးဖြင့်ကျသင့်စေခြင်းမှ

၅ ရာခိုင်နှုန်းဖြင့်သာကျသင့်စေရန် ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ထို့အပြင် စက်မှုဇုန်များမှထုတ်လုပ်ရောင်းချသည့်ကုန်ပစ္စည်းများနှင့် ပြည်တွင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းသည့်ကုန်ပစ္စည်းများ ယှဉ်ပြိုင်ရောင်းချနိုင်ရေးအားပေးတဲ့အနေဖြင့် စက်မှုဇုန်များတွင်တည်ရှိပြီး စနစ်တကျမှတ်ပုံတင်ဆောင်ရွက်လျက်ရှိတဲ့ မော်တော်ယာဥ်ထုတ်လုပ်ရောင်းချသူများအပေါ် အထက်ပါ ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည့်အစား ၃ ရာခိုင်နှုန်းဖြင့်သာကျသင့်စေရန် သက်သာခွင့်များခွင့်ပြုပေးခဲ့ပါတယ်။ ဒါ့အပြင် အခွန်တစ်ကြိမ်တည်းသာကျသင့်စေရေးဆိုင်ရာ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဥ်းများကို ပြင်ဆင်ပြဌာန်းပေးပြီးဖြစ်ပြီး ပြည်ပမှကုန်ကြမ်းတင်သွင်းမှုအပေါ်ပေးဆောင်ခဲ့တဲ့ ကုန်သွယ်လုပ်ငန်းခွန်အားလည်း ခုနှိမ်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် စက်မှုဇုန်ကားထုတ်လုပ်ရေးအတွက် ပြည်ပမှတင်သွင်းအသုံးပြုသော အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများအတွက် ပေးဆောင်ခဲ့တဲ့ ကုန်သွယ်လုပ်ငန်းခွန်အား ခုနှိမ်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုရေးကိစ္စနှင့် ပတ်သက်၍လည်း လုပ်ငန်းမှအမြတ်ငွေရရှိမှသာလျှင် အခွန်ကျသင့်မှာဖြစ်ပါတယ်။ အကယ်၍ အရှုံးပေါ်ပေါက်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တရားမဝင် ဝင်ရောက်လာသောလူများသည် မမှန်ကန်သော နည်းမျိုးစုံသုံး၍ နိုင်ငံသားများဖြစ်အောင် လုပ်ဆောင်ခဲ့သည်ကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဂါရဝတရားရှေ့ထား၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ မြန်မာနိုင်ငံဟာ ကမ္ဘာတွင် လူဦးရေအလွန်များတဲ့ နိုင်ငံကြီးတချို့နဲ့ နယ်စပ်ချင်း ထိစပ်လျက်ရှိနေပါတယ်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ထိုလူဦးရေအလွန်များတဲ့ နိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုရှိနေသည်ကို တွေ့ရပါတယ်။ ထိုဝင်ရောက်သောသူများသည် မမှန်မကန်သော နည်းမျိုးစုံသုံး၍ ဧည့်နိုင်ငံသား၊ နိုင်ငံသားများဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့ကြပြီး ပေါ်ပေါ်ထင်ထင် အခြေချ၍ နေထိုင်လျက်ရှိသည်ကို တွေ့ရပါသည်။ တချို့ ထိုသို့လုပ်ဆောင်နိုင်စွမ်းမရှိသူများဟာ ပုန်းလျှိုး၊ ကွယ်လျှိုး

နေထိုင်နေကြသည်ကို တွေ့ရပါတယ်။ မခန့်မှန်းနိုင်သော သန်းချီသည့်အရေအတွက်ပင်ရှိနိုင် သည်ဟု ယူဆသုံးသပ်မှုများ ရှိနေကြပါသည်။ ဒေသခံတိုင်းရင်းသားများဟာ လူမှုရေး၊ စီးပွားရေးအရ အသံတိတ်နယ်ချဲ့ခြင်းခံရသည်လို့ ခံစားနေကြရပါသည်။ မြေမျိုး၍ လူမျိုးမပျောက်၊ လူမျိုးမှ လူမျိုး ပျောက်မှာ စိုးရိမ်ပူပန်နေကြပါတယ်။ ထိုသို့ကိစ္စမျိုးအား ကာကွယ်သောအားဖြင့် မည်သို့ စီမံမှုများ ပြုလုပ်ထားသည်ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေကြားပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့မေးမြန်းချက်နဲ့ပတ်သက်၍ ကျွန်တော် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းမှ လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ၁၅-၁၀-၁၉၈၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဟူ၍ အမျိုးအစားခွဲခြားထားပါတယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၃၊ ၅၊ ၆၊ ၇ တို့တွင် အောက်ဖော်ပြပါသူတို့အား နိုင်ငံသားအဖြစ် သတ်မှတ်ပါတယ်။ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ ဥပဒေအာဏာ တည်သည့်နေ့တွင် ယခင်ဥပဒေများအရ နိုင်ငံသားဖြစ်ပြီးသူများ၊ ဥပဒေအာဏာတည်ပြီးနောက်ပိုင်း မွေးဖွားလာသော နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနှင့်ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊ ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသောသားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊

ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် နိုင်ငံသား၊ သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားအက်ဥပဒေပုဒ်မ ၂၃၊၂၅ တို့အရ အောက်ဖော်ပြပါသူတို့သည် ဧည့်နိုင်ငံသားများဖြစ်ကြပါတယ်။ ယခင် ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားအဖြစ် လျှောက်ထားခဲ့ပြီး ခွင့်ပြုရန် ကျန်ရှိနေသူများ၊ ဧည့်နိုင်ငံသားဖြစ်သော မိဘနှစ်ပါးတို့မှ မွေးဖွားသူများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၄၂၊ ၄၃၊ ၄၅၊ ၄၇ တို့အရ အောက်ဖော်ပြပါသူတို့သည် နိုင်ငံသားပြုခွင့်ရသူများအဖြစ် လျှောက်ထားနိုင်ခွင့်ရှိပါတယ်။ ၄-၁-၁၉၄၈ ရက်နေ့မတိုင်မီ နိုင်ငံတော် အတွင်း၌ ရောက်ရှိနေထိုင်သူများနှင့် ၎င်းတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသောသူများ၊ ဥပဒေအာဏာ တည်သည့်နေ့မှစ၍ နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါ သူတို့သည်လည်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်ပါသည်။ နိုင်ငံသားနှင့် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသား ပြုခွင့်ရသူနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူနှင့် အိမ်ထောင်ကျခဲ့သော ဤဥပဒေအာဏာတည်သည့်နေ့ မတိုင်မီက နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်ကိုင်ဆောင်သူ၊ နိုင်ငံသားပြုခွင့်လက်မှတ်တွင် အမည်ထည့်သွင်းပေးခြင်းခံရသောသားသမီးများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုပ်မ ၆၇ အရ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ဆုံးဖြတ်ခြင်းကို အဖွဲ့ဝင် ၅ ဦး ပါသော ဗဟိုအဖွဲ့ဖြင့် ဆောင်ရွက်ပါတယ်။ ဗဟိုအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများမှ အဖွဲ့ဝင်အဖြစ်ပါဝင်၍ အတွင်းရေးမှူးအဖြစ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူအားပါဝင်ဖွဲ့စည်းထားပါတယ်။ ထို့ကြောင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ဆုံးဖြတ်ရာတွင် နိုင်ငံတော်၏ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် အမျိုးသားစီးပွားရေး အမြင်တို့ဖြင့် ဆုံးဖြတ်နိုင်သော အားသာချက်များရှိမှာ ဖြစ်ပါတယ်။ ထို့ပြင် ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက် အပေါ်တွင် မကျေနပ်သူသည် အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်ပြီး အစိုးရအဖွဲ့အနေဖြင့် ဗဟိုအဖွဲ့၏

ဆုံးဖြတ်ချက်အပေါ် ထပ်ဆင့်စိစစ် ဆုံးဖြတ်နိုင်ပါတယ်။ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားသူများနှင့် ပတ်သက်၍ စိစစ်ရာတွင် မြို့နယ်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် နိုင်ငံသားစိစစ်ရေးအဖွဲ့များ ဖြစ်ကြသော မြို့နယ်အဆင့်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်၊ မြို့နယ်ဦးစီးဌာနမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး၊ပြည်နယ် အဆင့်တွင်လည်း တိုင်းဒေသကြီး ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ပြည်နယ် ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့အဖွဲ့ဝင်၊ တိုင်းဒေသကြီး၊ပြည်နယ် ဦးစီးဌာနမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အတွင်းရေးမှူးတို့ဖြင့် အဆင့်ဆင့်စိစစ်အတည်ပြု၍ ဗဟိုအဖွဲ့သို့ တင်ပြရပြီး ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်နှင့် နိုင်ငံသား ပြုခွင့်ရသူအဖြစ် သတ်မှတ်ထုတ်ပေးခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆၅ တွင် ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ခံယူရန် အကြောင်းကိစ္စပေါ်ပေါက်ပါက ဗဟိုအဖွဲ့သို့ လျှောက်ထားနိုင်သဖြင့် စိစစ်ရန် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ ၅-၂-၂၀၀၉ ရက်စွဲပါ စာအမှတ် ၄၃၅/၃(ဇ)-၂/နယကဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကိုလည်း မြို့နယ်အဆင့်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဥက္ကဋ္ဌ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်၊ လျှောက်ထားသူနှင့် ပတ်သက်သည့် ဒေသအဖွဲ့အစည်းများမှ အများကြည်ညိုလေးစားခံရသူ ၃ ဦး အဖွဲ့ဝင်၊ မြို့နယ်ဦးစီးဌာနမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင်လည်း တိုင်းဒေသကြီး၊ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွထွ အုပ်ချုပ်ရေးဦးစီးဌာနဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်၊ လျှောက်ထားသူနှင့် သက်ဆိုင်သည့် ဒေသအဖွဲ့အစည်းများမှ အများကြည်ညိုလေးစားခံရသူ ၃ ဦး အဖွဲ့ဝင်၊ တိုင်းဒေသကြီး၊ပြည်နယ်ဦးစီး ဌာနမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန အတွင်းရေးမှူးအဖြစ် အဆင့်ဆင့် စိစစ်အတည်ပြု၍ ဗဟိုအဖွဲ့သို့ တင်ပြရပြီး ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်ထုတ်ပေးပါတယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သူများမှာ ၄-၁-၁၉၈၄ ရက်နေ့

မတိုင်မီကာလက မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်သော နိုင်ငံခြားသားများနှင့် ၎င်းတို့၏ မျိုးဆက်များသာဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ် မြန်မာ နိုင်ငံသားဥပဒေပေါ်ပေါက်ပြီးနောက်ပိုင်း ပြည်ပနိုင်ငံတစ်ခုခုမှ မည်သည့်နိုင်ငံခြားသားမှ နိုင်ငံသား ပြုခွင့်အဖြစ် လျှောက်ထားခွင့်မရှိပါ။ ယနေ့အချိန်ထိ ဧည့်နိုင်ငံသားအဖြစ် ၂၇၅၃၀ ဦး၊ နိုင်ငံသားပြု ခွင့်ရသူအဖြစ် ၁၉၅၃၉ ဦးနှင့် ပုဒ်မ ၆၅ အရ နိုင်ငံသားပြုခွင့်ရသူအဖြစ် ဆုံးဖြတ်ပြီးသူ ၁၀၇၁၀၅ ဦး ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ သန်းချီ၍ ထုတ်ပေးထားခြင်း မရှိသကဲ့သို့ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်ပေးခြင်းမှာ ဥပဒေအရဖွဲ့စည်း ထားသော ဗဟိုအဖွဲ့၏ခွင့်ပြုချက်၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာဆောင်ရွက်ပေးလျက်ရှိပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ။ မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မည့်အတွက်လည်း နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်မှုများအား တားဆီးကြပ်မတ်နိုင်ရန် လူဝင်မှုကြီးကြပ်ရေး လတ်တလော ပြဋ္ဌာန်းချက်များ အက်ဥပဒေကို ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်တွင်းတွင် ရောက်ရှိ နေထိုင်ကြသော နိုင်ငံခြားသားများကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ နိုင်ငံခြားသားများမှတ်ပုံတင်ရေး အက်ဥပဒေကို ၁၉၄၀ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေး နည်းဥပဒေကို ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းပြီး နိုင်ငံခြားသားများ မှတ်ပုံတင်ခြင်းလုပ်ငန်းဖြင့် ထိန်းသိမ်းကြပ်မတ် လျက်ရှိပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နိုင်ငံခြားသားများ မတရား ဝင်ရောက်မှုမရှိစေရန် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ကင်းစခန်း ၄၅ ခု ဖွင့်လှစ်၍ လည်းကောင်း မိမိဌာန ဝန်ထမ်းအင်အားဖြင့် ကြပ်မတ်ခဲ့ပါတယ်။ ကင်းစခန်းများအား ရှောင်တိမ်း လျက် တောလမ်းများမှ တရားမဝင် ဝင်ရောက်လာသူများအား ကြပ်မတ်နိုင်ရန် လှည့်ကင်းအဖွဲ့ ၂၂ ဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက် ရှိခဲ့ပါတယ်။ ဥပဒေမဲ့ဝင်ရောက်လာသူ နိုင်ငံခြားသားများ သွားလာလှုပ်ရှားမည့် လမ်းဆုံများ၊ ရေလမ်းခရီးများတွင် အမြန်ကင်းအဖွဲ့ ၁၃ ဖွဲ့ကို ဖွဲ့စည်းလျက် စစ်ဆေးခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်ခြင်းကာကွယ်မှုကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် နေ့တွင် နိုင်ငံခြားသားများ မတရားဝင်ရောက်မှုကာကွယ်ရေး နယ်မြေများအဖြစ် နယ်မြေ ၂၃ ခု သတ်မှတ်လျက် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ယနေ့ကာလအချိန်ထိ စဉ်ဆက်မပြတ် ကြပ်မတ်

ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ယာယီသက်သေခံ အဖြူရောင် ကိုင်ဆောင်ထားသည့် ပြည်သူများကို မည်သည့်အချိန်တွင် နိုင်ငံသား ၃ မျိုး ကို စိစစ်ခွင့်ပြုသတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ (တာမွေမဲဆန္ဒနယ်)** ။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ ဖြစ်ပါတယ်။ ကျွန်မမေးမယ့် မေးခွန်း ၂ ခုရှိပါတယ်ရှင့်။ ၂ ခုမှာမှ ပထမမေးခွန်းက အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကိုကြီး မေးသွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မက မေးခွန်း ၁ ခုပဲ မေးပါတော့မယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာ ယာယီသက်သေခံ လက်မှတ်အဖြူရောင်ကတ် ကိုင်ဆောင် ထားတဲ့ ပြည်သူတွေများစွာရှိနေပါတယ်။ သူတို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ၎င်းအဖြူရောင်ကတ်ကို ကိုင်ဆောင်ထားကြပါတယ်။ ၎င်းတို့အနေနဲ့ အဲဒီအဖြူရောင်ကတ် ကိုင်ဆောင်ပြီး ခရီးသွား၍မရခြင်း၊ ပညာရေး အခက်အခဲများ ရှိခြင်း၊ အလုပ် အကိုင်အခွင့်အလမ်းများ နည်းပါးခြင်းကို တွေ့ကြုံနေရပါတယ်။ ဒါ့ကြောင့် ဒီအဖြူရောင်ကတ်ကိုင်ဆောင်ထားတဲ့ ပြည်သူတွေကို ဘယ်အချိန်မျိုးမှာမှ နိုင်ငံသားကတ်ထုတ်ပေးနိုင်မလဲဆိုတာကို သိချင်တဲ့အတွက်ဒီအဖြေလေးကိုတော့ ဖြေကြားပေးပါလို့ လေးစားစွာဖြင့် တင်ပြရင်းနိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း ( ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်အပ် ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းချက်နှင့်ပတ်သက်၍ ကျွန်တော် လူဝင်မှု

ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းမှ လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ် ခင်ဗျား။ ဒေါ်လဲ့လဲ့ဝင်းဆွေရဲ့ ပထမမေးခွန်းအား ပထမပိုင်း ကျွန်တော် ဖြေကြားတဲ့အထဲမှာ ပါရှိပြီးဖြစ်တဲ့ အတွက်ကြောင့် ဒုတိယပိုင်းကိုသာ ဖြေကြားပေးပါရန် မေးခွန်းရှင်က မေးမြန်းထားတဲ့အတွက် ကြောင့် ဒုတိယပိုင်းမေးခွန်းကို ဖြေကြားပါ့မယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့် ရသူဟူ၍ မြန်မာနိုင်ငံသား ၃ မျိုးသတ်မှတ်ထားကြောင်း။ အဆိုပါ နိုင်ငံသား ၃ မျိုးကို မည်သို့စီစဉ်ခွင့်ပြု သတ်မှတ်ကြောင်းမေးခွန်းနှင့် ပတ်သက်၍ ဆက်လက် ဖြေကြားလိုပါတယ်။ ၁၉၈၂ ခုနှစ် မြန်မာ နိုင်ငံသား ဥပဒေပုဒ်မ ၅ နှင့်ညီညွတ်သည့် တိုင်းရင်းသားနှင့် တိုင်းရင်းသားမိဘ နှစ်ပါးမှ မွေးဖွားသည့် နိုင်ငံသားများ ပုဒ်မ ၆ အရ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအာဏာတည်သည့် ၁၅-၁၀-၁၉၈၂ ရက်နေ့ မတိုင်မီ နိုင်ငံသားဖြစ်ပြီးသူများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအာဏာတည်ပြီးမှ မွေးဖွားသည့် ပုဒ်မ ၇ နှင့်ကိုက်ညီသူ (က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ (ခ) နိုင်ငံသားနှင့် ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ (ဂ) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ နှစ်ပါးမှမွေးဖွားသူများ (ဃ) ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောသားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါး မှမွေးဖွားလာသူများ (င) နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးမှ မွေးဖွားသူများ (စ) ဧည့်နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးရပါတယ်။ ဧည့်နိုင်ငံသားလက်မှတ်ကိုမူ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ မပြဋ္ဌာန်းမီ ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားခဲ့သူများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံ သားဥပဒေ ပုဒ်မ ၂၃ အရလည်းကောင်း၊ ၁၉၈၃ ခုနှစ် ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားလာသူများ အားလည်းကောင်း ဧည့်နိုင်ငံသားအဖြစ်သတ်မှတ်၍ ဧည့်နိုင်ငံသား ထုတ်ပေးခြင်း ဖြစ်ပါတယ်။ ဧည့်နိုင်ငံသားပြုခွင့်ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၄၂ အရ ၄-၁-၁၉၄၈ မတိုင်မီ

နိုင်ငံတော်အတွင်းရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးများသည် ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ဗဟိုအဖွဲ့သို့လျှောက်ထားသူများ၊ ၁၅-၁၀-၁၉၈၂ ရက်နေ့မှစ၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် ပုဒ်မ ၄၃ နှင့် ညီညွတ်သူများ၊ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူနှင့် အိမ်ထောင်ကျခဲ့သည့် ၁၅-၁၀-၁၉၈၂ ရက်နေ့မတိုင်မီ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သည့် ပုဒ်မ ၄၅ နှင့် ညီညွတ်သူများ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ်ခံယူရန် အကြောင်းပေါ်ပေါက်သဖြင့် ပုဒ်မ ၆၅ အရ ဗဟိုအဖွဲ့သို့လျှောက်ထားသူများအား နိုင်ငံသားပြုခွင့်ရသူအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်သူများအား နိုင်ငံသားပြုခွင့် လက်မှတ်များ ထုတ်ပေးခြင်းဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်လဲ့လဲ့ဝင်းဆွေ (တာမွေမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးကို၊ ဒုတိယဝန်ကြီးကို ကျွန်မ မေတ္တာရပ်ခံပါတယ်။ ခုနက ဒုတိယဝန်ကြီး ဖြေသွားတဲ့အဖြေက အောင်မြေသာစံမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ကြီးကို ဖြေသွားတဲ့အဖြေပါ။ ကျွန်မသိချင်တာက အဖြူရောင်ကတ်ကိုကိုင်ထားသော တိုင်းရင်းသားများ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက ကနေ့အချိန်အထိ ကြာကြာ ကိုင်ထားပါတယ်ရှင်။ အဲဒါနဲ့ ပတ်သက်ပြီး ၎င်းတိုင်းရင်းသား လုပ်သားပြည်သူများဟာ ခရီးသွား၍ မရခြင်း၊ ပညာရေးအခက်အခဲရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်းနှင့် ပတ်သက်ပြီး ၎င်းအဖြူရောင်ကတ်ကိုင်ဆောင်ထားတဲ့ ပြည်သူတွေကို ဘယ်အချိန်မျိုးမှာမှ နိုင်ငံသားကတ် ပေးမယ်ဆိုတဲ့ အဖြေလေးကို ထပ်မံဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး)**။ ။ ကျွန်တော် ပထမပိုင်း ဖြေကြားတဲ့အထဲမှာလည်း ဒါဥပဒေအကြောင်းအရ စီမံဆောင်ရွက်ပြီးတော့ ခွင့်ပြုပေးတယ်ဆိုတာ ကို ဖြေကြားပြီးဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ဒီဘက်အစိုးရလက်ထက်မှာ ဆောင်ရွက်ပြီးခဲ့တဲ့ နိုင်ငံသားပြုခွင့်လက်မှတ် ထုတ်ပေးမှုအခြေအနေနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြပါ့မယ်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ နိုင်ငံသားဥပဒေနဲ့ အညီ

နိုင်ငံသားပြုခွင့် လျှောက်ထားသူ ၂၅၅၄ ဦးအတွက် ဗဟိုအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၂) ကျင်းပပြီးတော့ ပြည်ထောင်စုဝန်ကြီးများ အစည်းအဝေး ထိုင်ပြီးတော့ ဆုံးဖြတ်ပေးခဲ့တဲ့ အမှုတွေရှိပါတယ်။ ၎င်းက ခုနက ကျွန်တော်တင်ပြသွားခဲ့တဲ့ ဥက္ကဋ္ဌက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ပြီးတော့ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် နောက်တစ်ခုက ဒီပြည်ထဲရေး ဝန်ကြီး တို့ကပါဝင်တဲ့ အဖွဲ့နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံသားအက်ဥပဒေပုဒ်မ ၄၂၊ ၄၃၊ ၄၅ အရ နိုင်ငံသားပေးခဲ့တဲ့ဥစ္စာက အားလုံးပေါင်း ၅၀၀ ရှိပါ တယ်။ ပုဒ်မ ၆၅ အရ ကျွန်တော်တို့ အားလုံးပေါင်း နိုင်ငံသားသံသယဖြစ်သူ ၂၀၅၄ ဦးကို ဒီစိစစ်ရေးဘုတ်အဖွဲ့နဲ့ ၂၀၅၄ ဦးပေးခဲ့တာရှိပါတယ်။ ၎င်းကြောင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ခွင့်ပြုပေးခဲ့တဲ့ ဥစ္စာ အားလုံးပေါင်း ၂၅၅၄ ဦးရှိကြောင်း ပထမပိုင်း တင်ပြအပ်ပါတယ်။ ၎င်းကိုလည်း ဒုတိယအချက် ကတော့ ဒုတိယလုပ်ခဲ့တဲ့ အစည်းအဝေးဟာ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှာ မြန်မာနိုင်ငံ သားဥပဒေနဲ့အညီ နိုင်ငံသားပြုခွင့်လျှောက်ထားသူ ၆၂၇ ဦးအတွက် ဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၂) ကျင်းပပြီး ခွင့်ပြုပေးခဲ့တာရှိပါတယ်။ ၎င်းဟာ မြန်မာနိုင်ငံသားအက်ဥပဒေပုဒ်မ ၄၂၊ ၄၃၊ ၄၅ ဒီဟာတွေနဲ့ ၆၂၇ ဦးကို ခွင့်ပြုပေးပြီးဖြစ်ပါတယ်။ သို့အတွက်ကြောင့် ဒီဗဟိုအဖွဲ့ အနေနဲ့ရှိတဲ့ ခွင့်ပြုသင့် ခွင့်ပြုထိုက်တာတွေကို အဆိုလွှာရှင်တွေရဲ့ လျှောက်လွှာတွေ နောင်ကျွန်တော် တို့ စီစစ်ချက်တွေ၊ အဆင့်ဆင့် စိစစ်ချက်တွေနဲ့ ပြန်လည်စိစစ်ပြီးတော့ စဉ်ဆက်မပြတ် ခွင့်ပြု ပေးလျက်ရှိပါကြောင်း တင်ပြဖြေကြားအပ်ပါ တယ်ခင်ဗျား။

**ကယားပြည်နယ်အတွင်းရှိ လမ်းများကောင်းမွန်ရန် ပြည်ထောင်စုအစိုးရမှ ရန်ပုံငွေများ ပိုမိုချထား ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ခိုင်ဝင်း၊ မဲ့စဲ့မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မဲ့စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်အတွင်းရှိ ဆက်သွယ်သွားလာနေသော လမ်းများဟာ ပြည်ထောင်စုအစိုးရမှ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းစရိတ်များဖြင့် ပြင်ဆင်ပေးနေသော်လည်းပဲ သတ်မှတ်ရန်ပုံငွေ နည်းပါးခြင်း၊ မိုးရွာသွန်းမှု များပြားခြင်း၊ လုံခြုံရေးစိတ်မချရခြင်းနှင့် ပြင်ဆင်ပြီးအပိုင်းများကို သတ်မှတ်စံချိန်စံညွှန်း နှင့်ကိုက်ညီမှုရှိ၊ မရှိ ပြန်လည်စစ်ဆေးမှု အားနည်းခြင်းစတဲ့ အကြောင်းအမျိုးမျိုးကြောင့် ကောင်းတဲ့

အပိုင်းကနည်းပြီး ချို့ယွင်းပျက်စီးတဲ့အပိုင်းက များပြားနေတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ၂၈-၃-၂၀၁၁ အစီအစဉ်မှာ ဆောက်လုပ်ရေးဝန်ကြီး ကိုယ်တိုင်ဖြေကြားသွားတာကတော့ ဖာဆောင်းမြို့နယ်မှ မဲ့စဲ့၊ နမ့်မံမြို့နယ်အထိ မိုင် ၄၀ မှာ ကတ္တရာခင်းရန် ၃ မိုင်သာကျန်ရှိကြောင်း ဖြေဆိုသွားပါတယ်။ ဒါပြောင်းပြန် ဖြစ်ပါတယ်။ လက်ရှိအမှန်တရားကတော့ ဖာဆောင်းမြို့မှအထွက် ကတ္တရာ ၂ မိုင်ခန့်နှင့် မဲ့စဲ့မြို့အဝင်မြို့တွင်း ၁ မိုင်ခန့်သာ ကတ္တရာလမ်းဖြစ်ပြီး ယနေ့မှာ အဆိုပါလမ်းတွေဟာလည်း ပြန်လည်ပျက်စီးနေပြီ ဖြစ်ကြောင်းပါခင်ဗျား။ သို့ဖြစ်ပါ၍ ကယားပြည်နယ်အတွင်းရှိ လမ်းများ ကောင်းမွန်ရန် ပြည်ထောင်စုအစိုးရမှ ရန်ပုံငွေများ ပိုမိုချထားပေးနိုင်ခြင်းရှိ၊ မရှိနှင့် ပြည်နယ်အစိုးရမှ တာဝန်ယူဆောင်ရွက်ရမယ့် လမ်းအပိုင်း ၁၁ လမ်းကို ဗဟိုအစိုးရမှ ကနဦးပြင်ဆင်ဆောင်ရွက်ပြီးမြောက်မှသာ ပြည်နယ်အစိုးရလက်သို့ လွှဲပြောင်းပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ မဲ့စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းတဲ့ ကယားပြည်နယ်အတွင်းရှိ လမ်းများကောင်းမွန်ရန် ပြည်ထောင်စုအစိုးရမှ ရန်ပုံငွေများပိုမိုချထားပေးနိုင်ခြင်းရှိ၊ မရှိနှင့် ပြည်နယ်အစိုးရမှ တာဝန်ယူဆောင်ရွက်ရမယ့် လမ်းအပိုင်း ၁၁ လမ်းကို ဗဟိုအစိုးရမှ ပြင်ဆင်ဆောင်ရွက်ပြီးမှသာ ပြည်နယ်အစိုးရလက်သို့ လွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတဲ့ လမ်းများမှာ ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲတဲ့လမ်း ၈ လမ်း၊ လမ်းမိုင်ပေါင်း ၃၃၄ မိုင်နဲ့ ၃ ဖာလုံ ရှိပါတယ်။ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲတဲ့လမ်း ၁၁ လမ်း၊

လမ်းမိုင်အရှည် ၁၆၅ မိုင် ၅ ဖာလုံ ဖြစ်ပါတယ်။ ယခုတင်ပြတဲ့ ဖာဆောင်း-မဲ့စဲ့-နမ့်မံလမ်းဟာ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ လမ်းအပိုင်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၅ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၃၀ မိုင် ၃ ဖာလုံ ၊ မြေလမ်း ၃မိုင်၊ စုစုပေါင်း ၄၀ မိုင်ဖြစ်ပါတယ်။ ကတ္တရာလမ်း ၃ မိုင်သာကျန်ရှိခြင်းမဟုတ်ဘဲ မြေလမ်း ၃ မိုင်သာ ကျန်တဲ့အတွက် မြေလမ်း ၃ မိုင်ကို အမာခံလမ်း အဆင့် တိုးမြှင့်ဆောင်ရွက်ပြီးပါက ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဆင့် ရောက်ရှိမှာ ဖြစ်ကြောင်း ပြီးစီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ ဖြေကြားခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ၁ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၃ ¹/₂ ဖာလုံတို့ကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ပြည်ထောင်စုအစိုးရ စီမံခန့်ခွဲတဲ့လမ်း ၈ လမ်းအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၆၃ သန်းနဲ့ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၁၅၁ သန်း၊ စုစုပေါင်းကျပ် ၁၀၁၄ သန်းနှင့် (၁) တောင်ငူ- လိပ်သို- ယာဒို- လွိုင်ကော် - ဟိုပုံးလမ်း (၂) တောင်ငူ- မော်ချီး- လွိုင်ကော်လမ်း (၃) ဘောလခဲ- ရွာသစ်- စွပ်ပိုင်လမ်း (၄) ဖာဆောင်း- မဲ့စဲ့-နမ့်မံ လမ်းစတဲ့ လမ်း ၄လမ်းကို ပွင့်လင်းရာသီမှာ ငွေလုံးငွေရင်းရန်ပုံငွေများ အသုံးပြုပြီးတော့ တိုးတက် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လျာထားပါတယ်။ ဒီအထဲမှာ ဖာဆောင်း- မဲ့စဲ့- နမ့်မံလမ်းမှာ ကျန်ရှိတဲ့ မြေလမ်း ၃ မိုင်ကို အမာခံလမ်းအဆင့် တိုးတက်ဆောင်ရွက်သွားမယ့် လုပ်ငန်းလည်း ပါဝင်မှာဖြစ်ပါတယ်။ ကျန်ရှိတဲ့ ပြည်ထောင်စုလမ်းများကိုတော့ ပြင်ဆင်ထိန်းသိမ်း ခြင်း လုပ်ငန်းများသာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကယားပြည်နယ် အစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲတဲ့ လမ်းပိုင်း ၁၁ လမ်းကိုတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရရဲ့ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၀၄ သန်း၊ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် သန်း ၁၅၀၀ ၊ စုစုပေါင်း ကျပ် ၁၇၀၄ သန်းနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းများကတော့ လွိုင်ကော်-မြို့သစ်လမ်း၊ ဒီမောဆို-နန်းဖယ်ခုံ-မိုးဗြဲလမ်း၊ ဒီမောဆို-ဒေါတမ-ဒေါ်ညေးခူလမ်း၊ ဖရူဆို-မူဆို-ဟိုယာလမ်း ၄ လမ်းကို ပွင့်လင်းရာသီမှာ တိုးတက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှာဖြစ်ပြီးတော့ ကျန်ရှိတဲ့လမ်း ၇ လမ်းကိုတော့ ပြင်ဆင်ထိန်း သိမ်းခြင်းရန်ပုံငွေများ အသုံးပြုပြီးတော့ ထိန်းသိမ်းဆောင်ရွက်သွားရန် စီစဉ်ထားလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်းမှာ လမ်းများကောင်းမွန်စေရန် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲတဲ့လမ်း ၈ လမ်းအတွက် ရန်ပုံငွေစုစုပေါင်း

၁၀၁၄ သန်းနှင့်လည်းကောင်း၊ ကျန် လမ်း ၁၁ လမ်းကို ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေကျပ် ၁၇၀၄ သန်းဖြင့်လည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှပင် တာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့အတွက် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲမည့်လမ်း ၁၁ လမ်းကို ဗဟိုအစိုးရမှ ကနဦး ပြင်ဆင်ဆောင်ရွက်ပြီးမှသာ ပြည်နယ်အစိုးရလက်သို့ လွှဲပြောင်းပေးရန် မလိုအပ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မုံရွာ-ယာကြီး-ကလေးဝလမ်း၏ မြေသားအခြေအနေကို စစ်ဆေးလေ့လာမှု မည်သို့ရှိသည်၊ ဝန်ကြီးဌာန အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဒေသဖွံ့ဖြိုး ရေး သာမက နိုင်ငံတော်၏ လမ်းကွန်ရက်မှာပါ အရေးပါတဲ့ မုံရွာ-ယာကြီး-ကလေးဝ လမ်း ၁၁၅ မိုင် ၄ ဖာလုံကို အဆင့်မြှင့်တင်ပေးဖို့ မေးမြန်းတင်ပြခဲ့ပါတယ်။ ကျွန်တော် တင်ပြခဲ့တာ တစ်နှစ်ခန့်ရှိပြီ ဖြစ်ပေမယ့် လမ်းကတော့ အချိန်တန်ရင် ပျက်မြဲပါပဲခင်ဗျား။ ဒီလိုလမ်းကြောင်းက ကြည့်ရတာကလည်းပဲ လမ်းကြောင်းရဲ့ မြေသားဟာ ဖယောင်းမြေဖြစ်တာ၊ ကျစ်မြေဖြစ်တာ၊ ပြတ်ရွေ့ကျောမှာတည်ရှိတာတွေ ကြောင့်မို့လို ဖြစ်တယ်လို့ သိရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ပြုပြင်သလောက်၊ လမ်းခင်းသလောက် အကျိုးသက်ရောက်မှု မရှိပဲနဲ့ ဒီလိုဖြစ်နေရတယ် ဆိုတဲ့အကြောင်းကိုလည်းပဲ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီပြတ်ရွေ့ကြောမှာတည်ရှိနေတဲ့ မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်မလဲဆိုတဲ့ဟာကို ကျွန်တော်မေးမြန်းတင်ပြချိန်မှာ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့မှ နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် ပညာရှင်များနဲ့ တိုင်ပင်ညှိနှိုင်း ပြီးတော့မှ ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်လို့ ဖြေကြားခဲ့ပါတယ်။ ဒီလမ်းကြောင်းဟာ ဆိုလို့ရှိရင် မုံရွာ-ကလေးဝ လမ်းကြောင်းဟာ ဆိုလို့ရှိရင် ကနီမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးဝ မြို့နယ်များကို ဖြတ်သန်းသွားလာပြီးတော့မှ အဲဒီ လမ်းကြောင်းမှာရှိတဲ့ ကျေးရွာပေါင်းများစွာကို ဖြတ်သန်းသွားတဲ့အတွက်ကြောင့်မို့လို့ ဒေသဖွံ့ဖြိုးရေး မှာလည်း အထောက်အကူပြုတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ အနောက်

မြောက်ဒေသမှာရှိတဲ့ ကလေးမြို့ကနေတစ်ဆင့် ချင်းပြည်နယ်မြောက်ပိုင်း ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံအစရှိတဲ့ မြို့နယ်များအတွက် လည်း အသက်မျှ အားကိုးရတဲ့ လမ်းတစ်ခုလည်း ဖြစ်ပါတယ်။ နောက်အိန္ဒိယနယ်စပ် တမူးမြို့နဲ့လည်း ဆက်သွယ်သွားလာနိုင်တဲ့ လမ်းကြောင်း လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းဟာ မဟာဗျူဟာ အရရော အင်မတန် အရေးပါတဲ့ ပြည်ထောင်စုလမ်းမကြီးတစ်ခုဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမုံရွာ- ယာကြီး- ကလေးဝလမ်းနဲ့ ပတ်သက်ပြီးတော့မှ မေးမြန်းတင်ပြလိုတာကတော့ (၁) မုံရွာ-ယာကြီး-ကလေးဝ လမ်းရဲ့ပထဝီမြေသားအခြေအနေကို နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် ပညာရှင်များနဲ့ စစ်ဆေး လေ့လာချက် အခြေအနေကို မည်သို့ရှိသည်ကို ပြည်သူများသိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ (၂) အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ အိန္ဒိယ၊ မြန်မာ၊ ထိုင်း ၃ နိုင်ငံ အဝေးပြေးလမ်းမကြီးရဲ့ မုံရွာ-ယာကြီး-ကလေးဝ လမ်းပိုင်းကို အိန္ဒိယနိုင်ငံက တာဝန်ယူဆောင်ရွက် ပေးမယ်လို့ သိရှိရပါတယ်။ ၎င်းတို့ ဆောင်ရွက်မပေးခင် ဝန်ကြီးဌာနအနေနဲ့ ပြည်သူများ ပုံမှန် ခရီးသွားလာနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ မည်ကဲ့သို့ ဆောင်ရွက်ပေးမည် ဆိုတာကိုလည်း သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြ အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။ (ဩဘာသံများ )

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်မှ ပြည်သူ့ လွှတ်တော် အစည်းအဝေးသို့ မေးမြန်းတဲ့ မုံရွာ-ယာကြီး-ကလေးဝလမ်းရဲ့ပထဝီမြေသားအခြေအနေကို နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် ပညာရှင်များနဲ့ လေ့လာချက်အခြေအနေ မည်သို့ရှိသည်ကို သိရှိလိုသည့် မေးခွန်းနှင့် အိန္ဒိယ သမ္မတနိုင်ငံဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ ဒီလမ်းရဲ့ ယာကြီး-ကလေးဝလမ်းအပိုင်းကို ဆောင်ရွက်ပေးမယ်လို့ သိရပါတယ်။ ၎င်းတို့မဆောင်ရွက်မီ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသအတွင်းမှာ ရှိတဲ့ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်နဲ့ ကလေးဝမြို့နယ်ထဲကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ မုံရွာ-ယာကြီး-ကလေးဝလမ်းဟာ ၁၁၅ မိုင် ၅ ဖာလုံရှည်လျားပါတယ်။ ၃၁-၃-၂၀၁၂ ရက်နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၇၀ မိုင်၊ မြေလမ်း ၄၅ မိုင် ၅ ဖာလုံ၊ စုစုပေါင်း ၁၁၅ မိုင်နဲ့ ၅ ဖာလုံရှည်လျားတာ ဖြစ်ပါတယ်။ မုံရွာ-ယာကြီး-ကလေးဝလမ်းရဲ့ မုံရွာ-ယာကြီးအပိုင်း မိုင် ၀/၀ မှ ၄၀ အထိ ၄၀ မိုင်ကိုတော့ မုံရွာ အုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုထားပြီး ယာကြီး-ကလေးဝ အပိုင်း မိုင် ၄၀ မှ ၁၁၅ မိုင် ၅ ဖာလုံ အထိ ၇၅ မိုင် ၅ ဖာလုံကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ မုံရွာ-ယာကြီး-ကလေးဝလမ်းရဲ့ ပထဝီမြေသားအခြေအနေကို ကိုရီးယားနိုင်ငံ KOICA (Korea International Cooperative Agency) မှ ပညာရှင်များ၊ NEDA (Neighboring Country Economic Development Agency) မှပညာရှင်များနဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ ပူးပေါင်းပြီးတော့ တောင်ပြိုမြေဖြစ်တဲ့ မိုင် ၆၀နဲ့ ၇၅ မိုင်အကြားမှာ လေ့လာမှုများ ပြုလုပ်ခဲ့ပါတယ်။ ပညာရှင်များမှ မြေအနေအထားမှာ မြေထိန်းစနစ်များနဲ့ ရေထုတ်စနစ်များကောင်းမွန်အောင် စနစ်တကျခိုင်ခန့်အောင် ပြုလုပ်ပေးလျှင် လက်ရှိလမ်းအူကြောင်းကို ဆက်လက်အသုံးပြုနိုင်ကြောင်းနှင့် အချို့နေရာများမှာ လမ်းအူကြောင်းအသစ် ထပ်မံရှာဖွေရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြထားတာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် လမ်းပုံစံနဲ့ အသေးစိတ်အတိုင်းအတာများ တွက်ချက်ထုတ်ရန် အကြိုကွင်းဆင်းခြင်းလုပ်ငန်းကို အိန္ဒိယနိုင်ငံမှ BRTF (Border Road Task Force) အဖွဲ့မှ ပညာရှင် ၁၅ ဦးခန့်ကလည်း ကွင်းဆင်းတိုင်းတာရန် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါတယ်။ အသေးစိတ်တိုင်းတာ တွက်ချက်မှုဆောင်ရွက်ပြီးမှသာ စီမံကိန်းကာလကို သတ်မှတ်သွားမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ် အင်ဖာမြို့မှ ၃ နိုင်ငံလမ်းမကြီးကို ဖြတ်ပြီးတော့ မုံရွာမြို့မှတစ်ဆင့် မန္တလေးမြို့အထိ ခရီးသည်တင်ဘတ်စ်ကားများ ပြေးဆွဲရန်၊ ထားရှိရန်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသလို မဏိပူရပြည်နယ်မှတစ်ဆင့် မြန်မာနိုင်ငံကိုဖြတ်ပြီး အရှေ့တောင် အာရှဒေသအထိ အိန္ဒိယကုန်စည်များနှင့် ဒေသတွင်းကုန်စည်များ အပြန်အလှန်ကုန်သွယ်ရေး အလားအလာများ ကောင်းတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယဘက်မှ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်

အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၅၀၀ နှင့် မိုင် ၆၀ မှ ၇၅ အကြားရှိ မြေသား ဆိုးရွားတဲ့ လမ်းအပိုင်းကို တည်ငြိမ်ရေး မြေကြောဖြတ်ခြင်း၊ တာပေါင်တင်ခြင်း၊ ရေလမ်းကြောင်း ပြောင်းခြင်း၊ ရေမြောင်းကြီးများတူးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါ တယ်။ အားလုံးကိုအထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

## မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကုန်သွယ် လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီအား ဥပဒေကြမ်း တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး ( အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ကျွန်တော် အတွင်းရေးမှူးဖြစ်တဲ့ မုံရွာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက အစီရင်ခံစာကိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပထမတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်တွေ ကို အတိုချုပ်ရှင်းလင်းတင်ပြသွားပါမယ်။ ကျွန်တော်တို့ ဒီဥပဒေဟာ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုဥပဒေကြမ်းကို ပေါ်ပေါက်လာအောင် ရည်ရွယ်ထားတဲ့ အကြောင်းကတော့ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ဖော်ဆောင်တဲ့ဥပဒေတစ်ခုဖြစ်တဲ့အတွက် အလျင်အမြန်ပေါ်ပေါက်လာ အောင်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ နည်းပညာ၊ ငွေကြေး၊ ဈေးကွက် ပိတ်ဆို့တားဆီးမှုများကြောင့် နောက်ကျကျန်ရစ်ခဲ့တဲ့ နိုင်ငံတော်ရဲ့စီးပွားရေးအခြေအနေကို ပြောင်းလဲမြှင့်တင်ဖို့ရာ အင်အားကြီး နိုင်ငံများက ပိတ်ဆို့ထားတဲ့ဟာ ကျွန်တော်တို့ နိုင်ငံမှာ အလူးအလဲခံနေရပါတယ်။ ဒီလိုကိစ္စမျိုးမှာ

နည်းပညာလည်း နောက်ကျခဲ့ပါတယ်။ ငွေကြေးအားဖြင့်လည်း ပိတ်ဆို့မှုများကြားထဲမှာ ဖြစ်တဲ့ အတွက် နိုင်ငံတကာက လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံချင်ပေမယ့် အကြပ်အတည်းအနှောင်အဖွဲ့ များကြားထဲက ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးကို အလွန်ရုန်းကန်နေရတဲ့အတွက် အလွန်နောက်ကျ နေတာကို အလျင်အမြန်ပြောင်းလဲလိုတဲ့ ရည်ရွယ်ချက်လည်း ပါရှိပြီးတော့ ဒီနေ့တင်ပြခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ကောင်းမွန်တဲ့ နိုင်ငံရေးအဆောက်အအုံ ပြောင်းလဲနိုင်မှုနှင့် ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီကျင့်စဉ်များနှင့် အလွန်ကောင်းမွန်တဲ့ နိုင်ငံရေးအဆောက်အအုံ ပြောင်းလဲနေပါပြီ။ ဒါနဲ့ လိုက်လျောညီထွေမယ့် စီးပွားရေးအဆောက်အအုံလည်းပဲ လိုအပ်လာတဲ့ အတွက် ဒီဥပဒေကိုတင်ခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်ရဲ့ ကြွယ်ဝသော သယံဇာတ ပစ္စည်းများကို ဖော်ထုတ်ရမယ်။ ဖော်ထုတ်တဲ့အခါမှာလည်းပဲ ပြည်သူများ လောက်ငှစွာ သုံးစွဲခံစားနိုင် ကြရန်နှင့် အဲဒါကို ဦးစားပေးပြီးတော့ ပိုလျှံတဲ့သယံဇာတတွေကို ပြည်ပပို့ကုန် တိုးမြှင့်လုပ်ကိုင်ခြင်းများ ပြည်သူတို့အတွက် လုပ်ငန်းကိုင်ခန်း အလုပ်နေရာသစ်များ ပေါ်ပေါက်လာရန် ရည်ရွယ်ပြီးတော့ ဒီဥပဒေကို တင်သွင်းခြင်း ဖြစ်ပါတယ်။ အလားတူပဲ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတော်ရဲ့ ဒေသအနှံ့အပြားမှာ အခြေခံအဆောက်အအုံများ ပေါ်ပေါက်လာစေရန်၊ Indicated Industrity တွေ ပေါ်ပေါက်လာအောင် ရည်ရွယ်ပြီးတော့ ဒီဥပဒေရေးဆွဲခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာ နှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံသားများပိုင် စီးပွားရေးလုပ်ငန်းများ စီးပွားရေးအခြေခံဥပဒေမှာ လည်း ပါပြီးသား ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းများဟာ နိုင်ငံသားများလက်ဝယ်တွင် ရှိရေးတို့ကို ဦးတည်ပြီးတော့ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ် ပြီးတော့ ဒီလိုရည်ရွယ်ချက်များနှင့် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဒီဥပဒေကို တင်သွင်းခြင်းဖြစ်တဲ့အကြောင်း ပဏာမ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ရေးဆွဲဖို့ရာ အကြောင်း ပေါ်ပေါက်လာတဲ့ဟာကိုလည်း မလွဲမသွေဒီနေရာမှာတင်ပြဖို့ အကြောင်းရှိပါတယ်။ ကျွန်တော်တို့ အမေရိကန်နှင့် EU တို့ကနေ စီးပွားရေးပိတ်ဆို့မှု အဆုံးသတ်ပယ်ဖျက်ခြင်းမရှိသေးတဲ့ ကာလမှာ နိုင်ငံတကာ စီးပွားရေး ပိတ်ဆို့မှုဖြေလျှော့လာတဲ့အချိန်မျိုးမှာ တည်ဆဲနိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပိုကောင်းအောင်ဆိုပြီးတော့ ပြည်ထောင်စုအစိုးရဘက်ကနေပြီးတော့ ဥပဒေ ကြမ်းအသစ် ပြင်ဆင်တင်ပြလာတဲ့အခါမှာ တိုင်းရင်းသားပြည်သူတို့က မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေကိုလည်း ရချင်ပါပြီ၊ ဆောလျင်စွာ မြင်ချင်ပါပြီ။ တွေ့ချင်ပါပြီဆိုတဲ့ အကြောင်းတွေကို

ပြည်သူ့အသံ လွှတ်တော်အသံ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးဆောင်တဲ့ သက်ဆိုင်ရာကော်မတီများဟာ အနယ်နယ်အရပ်ရပ်ကို အကြိမ်ကြိမ်အခါခါသွားပြီးတော့ ဒီအသံတွေကို နားထောင်တဲ့အခါမှာ မြန်မာနိုင်ငံသားများဟာ သူတို့ စိုးရိမ်တဲ့အသံတွေ ထွက်လာတာကို တွေ့ရှိခဲ့ကြရပါတယ်။ ဒါနဲ့အတူပဲ စိုးရိမ်တဲ့အသံတွေကို ဆောင်ရွက်ဖို့ရန်အတွက် လွှတ်တော်မှာ တာဝန်ရှိသလို လွှတ်တော်က တာဝန်ပေးထားတဲ့ ကော်မတီမှာ တာဝန်ရှိတဲ့အတွက် ဒီဟာတွေဟာ ဒီဥပဒေကြမ်း ရေးဆွဲဖို့ ပေါ်ပေါက်လာတဲ့အကြောင်း ပဏာမ တင်ပြလိုပါတယ်။ ဒီမှာ နောက်တစ်ခုက ဘာတွေ့လဲဆိုတော့ International မှာ လေ့လာလိုက်တဲ့အခါမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေဟာ သီးသန့်ထုတ်ထားခြင်းမရှိဘဲနှင့် တစ်ဆက်တည်း ဖော်ပြတဲ့အနေအထားရှိကြောင်းလည်း လေ့လာသုံးသပ် တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လုပ်ငန်းရှင်တွေဟာ တခြားနိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေပေါ်ပေါက်လာပြီး သူတို့က အရင်ထွက်သွားလို့ရှိရင် တော့ဖြင့် ကျွန်တော်တို့ နိုင်ငံသားတွေက နောက်ကျတော့မယ်လို့ စိုးရိမ်စိတ်တွေ တစ်ခါတည်း အတူတူထွက်ချင်လည်း ထွက်ပေးပါဆိုတဲ့ ဆန္ဒများကို ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မတီဝင်များအားလုံး ဒီအသံကို ပြည်သူဆီက ရခဲ့ကြပါတယ်။ ဒါဟာလည်းပဲ ရေးဆွဲဖို့ ပေါ်ပေါက်လာတဲ့ အဓိက အကြောင်းအရင်း ဖြစ်ကြောင်း လေးစားစွာ တင်ပြလိုပါတယ်ခင်ဗျား။ အခြားတစ်ခုကတော့ ကာလအရ နိုင်ငံခြားသား အရင်းအနှီးများ ဝင်ရောက်လာတော့မယ့် အချိန်နှင့်တစ်ပြေးညီကာလမှာ နိုင်ငံသားများဟာ အရင်တုန်းက ရည်မှန်းပြီးတော့ လုပ်ခွင့်မရခဲ့တဲ့လုပ်ငန်းတွေကို အခုအချိန်အခါမှာ လုပ်ဆောင်ခွင့်ရရှိဖို့ အသင့်ပြုထားတဲ့ ဥပဒေ၊ အဲဒီဥပဒေအရ လုပ်ကိုင်ခွင့် အမိန့်ရထားတဲ့ အဆင့်ဆင့်သော နိုင်ငံသားများဟာ အဆင်သင့်ရောက်နေရန် အလွန်အရေးကြီးသော ကာလဖြစ်နေတယ်။ ကျွန်တော်တို့က လက်ဦးအောင် လည်း လုပ်ရပါမယ်။ နိုင်ငံသားတွေ လုပ်နိုင်တဲ့အခွင့်အလမ်းတွေကို ပြဋ္ဌာန်းနိုင်တဲ့ ဒီဥပဒေမရှိခဲ့ရင် ကျွန်တော်တို့ နိုင်ငံသားတွေဟာ နောက်ကျမှာဆိုတဲ့ ကာလအရ၊ လိုအပ်ချက်အရ ဒီဥပဒေက ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။ သုံးသပ်ချက်အနေနဲ့ တင်ပြရမယ်ဆိုရင် စောစောက ပြောတဲ့ အမေရိကန်နှင့် EU က ပိတ်ဆို့ထားတဲ့ ပိတ်ဆို့တားမြစ်မှုအမျိုးမျိုးကြားထဲကနေပြီး နိုင်ငံသားတွေဟာ လုပ်ငန်းရှင်အများ SME, SMI တွေဟာ အကုန်လုံးက ရုန်းကန်လှုပ်ရှားပြီးတော့ ဒီအချိန်အထိ မရှင်သန်ဘဲနှင့် ရပ်တည်နေရတဲ့ကာလ ဖြစ်ပါတယ်။ အခုလိုမျိုးပွင့်လင်းလွတ်လပ်ချိန်ကျတော့မှ သက်တောင့်သက်သာလေးနဲ့လာမယ့် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၊ လုပ်ငန်းရှင်များရဲ့ ဘက်ပေါင်းစုံအင်အားတောင့်တင်းမှုအောက်မှာ ကျွန်တော်တို့နိုင်ငံသားများ ရင်းနှီးမြှုပ်နှံတဲ့အဖွဲ့တွေ

ဟာ ပြိုကွဲမသွားစေရေးနှင့် ရရှိပြီးသော ရသင့်ရထိုက်သော လုပ်ငန်းများ ပျောက်ဆုံးမသွားစေရန် ကိုလည်း ရည်ရွယ်ပြီးတော့ ဒီဥပဒေကို အလျင်အမြန်ပြဋ္ဌာန်းနိုင်ခြင်းဖြင့် အကျိုးသက်ရောက်မှု ရှိနေကြောင်း ကျွန်တော်တို့ ကော်မတီက သုံးသပ်ရရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၆၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၇၇ နည်းဥပဒေခွဲ(က)နှင့် (စ)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၈ တို့နှင့်အညီ ဤမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ရည်ညွှန်းပါစာများဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆွေးနွေးညှိနှိုင်းပါရန် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား နိုင်ငံတော်၏ စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်လိုက်လျောညီထွေရှိစေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

ပေါ်ထွန်းလာစေရန်၊ စီးပွားရေးအဆောက်အအုံကို ကောင်းစွာပြောင်းလဲရန်၊ ပြည်သူများအတွက် အလုပ်အကိုင်နေရာသစ်များ ပေါများစွာ ပေါ်ပေါက်လာစေရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် အတူ နိုင်ငံတော်၏ဒေသအနှံ့အပြားတွင် အခြေခံအဆောက်အအုံများ ပေါ်ပေါက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ရေးဆွဲပြုစုထားကြောင်း ဖော်ပြထားပါသည်။

၃။ နိုင်ငံတော်၏ ပြောင်းလဲကျင့်သုံးနေသော စီးပွားရေးစနစ်နှင့်အညီ ပြည်သူ့လွှတ်တော်မှ ပြန်လည်စိစစ် အတည်ပြုပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အတူ နိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သော စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများ လုပ်ကိုင်နိုင်ခွင့် ရရှိစေရန် မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ အလျင်အမြန်ထုတ်ပြန်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာ ဥပဒေများ၌ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့အား ဥပဒေတစ်ခုတည်း ဖြင့်သာ တစ်ပေါင်းတစ်စည်းတည်း ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။ နောင်တွင် မိမိတို့ နိုင်ငံ၌လည်း လိုအပ်လာပါက ယင်းဥပဒေနှစ်ခုအား တစ်ပေါင်းတစ်စည်းတည်း ပြဋ္ဌာန်းနိုင်ရေးကို ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား လေ့လာစိစစ်နိုင်ရန် ၁၇-၈-၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့ လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ တာဝန်ရှိသူများနှင့်လည်း ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ပါသည်။

၆။ မူလဥပဒေကြမ်းတွင် အခန်း ၂၁ ခန်း အပိုဒ် ၉၄ ပိုဒ်ပါရှိပြီး လေ့လာစိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဥပဒေခေါင်းစီးတွင် ပါရှိသော ၁၃၇၃ ခုနှစ်အစား ၁၃၇၄ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(၂) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ)အား ပိုမိုပြည့်စုံစေရန်အတွက် မူလအဆိုပြုချက်၏ နောက်တွင် ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားငွေတို့ဖြင့် ဖွဲ့စည်းသော စီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်ဟု ဖြည့်စွက်ပါသည်။

(၃) အပိုဒ် ၂ အပိုဒ်ခွဲ (င)အား အထက်ပါ အပိုဒ်ခွဲ (ဃ)နှင့် ညီညွတ်စေရန် ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံခြားရင်းနှီးငွေဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်ဟု ဖြည့်စွက်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ၏ မူလအဆိုပြုချက်တွင်ပါရှိသော ကမကထပြုသူက ရည်ရွယ်ထားသောဆိုသည့် စကားရပ်အစား ရင်းနှီးမြှုပ်နှံလိုသူကဟု ရေးထုံးနှင့်ညီညွတ်စေရန်ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)အား အရေးအသားကျစ်လျစ်စေရန်အတွက် သဘောတူခွင့်ပြုချက်ကို ဖော်ပြသည့်အမိန့်ဟူသော စကားရပ်အစား သဘောတူခွင့်ပြုသည့် အမိန့်ဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) တွင် ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ စကားရပ်အစား ပိုမို ရှင်းလင်းပြည့်စုံစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုရာတွင် နိုင်ငံတော်နယ်နိမိတ်အတွင်းဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) အပိုဒ်ခွဲငယ် (၄) တွင်ပါရှိသော စတော့(ခ်)များဟူသည့် စကားရပ်အား ပိုမိုသိသာထင်ရှားစေရန် စတော့(ခ်) (Stock)ဖြင့် ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) တွင် ပါရှိသော မြေငှားခဆိုသည့် စကားရပ်ကို ရှေ့နောက်ဆီလျော်မှုရှိစေရန်အတွက် မြေငှားရမ်းခဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ (ဎ) တွင် ပါရှိသော B.O.T ဆိုသည့် စကားရပ်အစား နားလည်သဘောပေါက်စေရန်အတွက် ဘီ.အို.တီ (B.O.T) Build-Operate-Transfer ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ (ဏ) တွင်ပါရှိသော B.O.O ဆိုသည့် စကားရပ်အစား နားလည်သဘောပေါက်စေရန်အတွက် ဘီ.အို.အို(B.O.O) Build-Own-Operate ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၈ အပိုဒ်ခွဲ (ဂ)တွင်ပါရှိသော B.O.T စနစ်၊ B.O.O စနစ် ဆိုသည့် စကားရပ်တို့အား မြန်မာစာအရေးအသားဖြင့် ဘီ.အို.တီ၊ ဘီ.အို.အို စနစ်ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၈ အပိုဒ်ခွဲ (ဃ) ကို ရှေ့နောက်အထားအသို မှန်ကန်စေရန်နှင့် ရေးထုံးနှင့်ညီညွတ်စေရန် လုပ်ငန်းဆိုင်ရာ ပဋိညာဉ်စာချုပ်ပါ ဥပဒေနှင့်ညီညွတ်သောစနစ် တစ်ခုခုဖြင့် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၉ အပိုဒ်ခွဲ (ခ) အဆိုပြုပြဋ္ဌာန်းချက်အား အရေးအသားကျစ်လျစ်စေရန်အတွက် ပုဒ်မခွဲ (က)အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် ပဋိညာဉ်စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ၍ဖြစ်စေ၊ လုပ်ငန်းပြီးဆုံး၍ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် နိုင်ငံတော်၏ ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဟူသော စကားရပ်ဖြင့် ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၁၀ ပါ မူလပြဋ္ဌာန်းချက်ရှိ အဖွဲ့အစည်းများဟူသော စကားရပ် ၏နောက်တွင် စီးပွားရေးနယ်ပယ်အသီးသီးရှိ ကျွမ်းကျင်သူများထဲမှဟူသော စကားရပ်ကို ထပ်မံဖြည့်စွက်ပါသည်။

(၁၅) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၏ ခံစားခွင့်များကို ထည့်သွင်းပေးရန် လိုအပ်သဖြင့် အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)အဖြစ် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခွင့်ပြုသောလစာ၊ စရိတ်နှင့်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၆) အပိုဒ် ၁၁ မူလအဆိုပြုချက်တွင် ပါရှိသော ယုံကြည်စိတ်ချမှုဆိုသည့်စကားရပ်အစားပိုမိုတိကျစေရန်အတွက် ယုံကြည်စိတ်ချရမှုဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဃ)အား ပြည့်စုံရှင်းလင်းမှုရှိစေရန်အတွက် နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော နိုင်ငံသားတို့၏ အဆိုပြုချက်များကို ဘီ.အို.အို စနစ်ပေါ်တွင် အခြေခံစဉ်းစား ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၁၁ အပိုဒ်ခွဲ(င)ပါ ၆ လအား ဂဏန်း ၆ နေရာတွင် စာဖြင့် ခြောက်လဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဆ)အား အထားအသိုမှန်ကန်စေရန်အတွက် ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ပမာဏနှင့်လုပ်ငန်း သက်တမ်းတို့ကိုသတ်မှတ်ခြင်းနှင့် ပြောင်းလဲသတ်မှတ်ခြင်းဟု ပြင်ဆင် ပါသည်။

(၂၀) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဈ)တွင် မူလအဆိုပြုချက်၊ အပိုဒ်ခွဲအစ၌ မိမိဌားရမ်းခွင့် သို့မဟုတ် ကို ဖြည့်စွက်ပြီး ပိုမိုပြည့်စုံစေရန်အတွက် တွင်းထွက်နှင့် ရတနာသိုက်တို့ကို ဖြည့်စွက် ပါသည်။

(၂၁) အပိုဒ် ၁၁ အပိုဒ်ခွဲ (ည)၏ အောက်တွင် အပိုဒ်ခွဲ(ဋ)အဖြစ် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ပေးခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၂၂) မူလအပိုဒ် ၂၃ အား အခန်းခေါင်းစဉ်နှင့် ညီညွတ်မှုရှိစေရန် အတွက် အပိုဒ် ၁၁ အပိုဒ်ခွဲ (ဌ) အဖြစ် ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အလုပ် လုပ်ကိုင်သည့် နိုင်ငံခြားသားများသည် နိုင်ငံတော်ကထုတ်ပေးသော အလုပ်လုပ်ခွင့် လက်မှတ်၊ ပြည်တွင်းနေထိုင်ခွင့်လက်မှတ်ရရှိရေးအတွက် ကော်မရှင်က ကူညီ ဆောင်ရွက်ပေးရမည်ဟု ပြောင်းရွှေ့ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)ပါ မူလပြဋ္ဌာန်းချက်အား ပိုမိုပြည့်စုံစေရန်အတွက် သက်ဆိုင်ရာတို့က လျှောက်ထားလာလျှင် ပဋိညာဉ်စာချုပ်ပါ သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ရန်ဖြစ်စေ၊ လျှော့ပေါ့ရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေလိုအပ်ပါက ဤဥပဒေနှင့် အညီ ခွင့်ပြုခြင်းဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၁၂ အပိုဒ်ခွဲ (ဃ)ပါ မူလပြဋ္ဌာန်းချက်အား အရေးအသားကျစ်လျစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံသူထံမှ လိုအပ်သည့် အချက်အလက် အထောက်အထား များကို တင်ပြရန် တောင်းဆိုခြင်းဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၁၂ အပိုဒ်ခွဲ(င)အား အရေးအသားကျစ်လျစ်စေရန်နှင့် တိကျမှု ရှိစေရန် အတွက် ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက် သို့မဟုတ် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ခိုင်လုံသောအထောက်အထားများ ပေါ်ပေါက်လျှင် လုပ်ငန်းကို ရပ်ဆိုင်းထားသည် အထိ အမိန့်တစ်စုံတစ်ရာချမှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၁၂ အပိုဒ်ခွဲ (စ) မူလပြဋ္ဌာန်းချက်ပါ ကမကထပြုသူ သို့မဟုတ်ဟူသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၇) အပိုဒ် ၁၃ မူလပြဋ္ဌာန်းချက်၌ မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဟူသော စကားရပ်ကို ဖြည့်စွက်ပါသည်။

(၂၈) မူလအပိုဒ် ၁၉ အား အခန်းခေါင်းစဉ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ)အဖြစ် ကော်မရှင်က ထုတ်ပေးသော ခွင့်ပြုမိန့်ကိုရရှိပါက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် လိုအပ်သော ပဋိညာဉ်စာချုပ် ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ထောင်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၉) မူလအပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)ရှိ တည်ဆဲဥပဒေနှင့်အညီ စကားရပ်အစား ရေးထုံးနှင့် ညီညွတ်စေရန်အတွက် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့်ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ)တွင် ပြဋ္ဌာန်းပြီး အပိုဒ်များနှင့် ညီညွတ်စေရန်အတွက် ရတနာသိုက် ဟူသောစကားရပ်ကို ဖြည့်စွက်ပါသည်။

(၃၁) အပိုဒ် ၁၅ အပိုဒ်ခွဲ (င) မူလပြဋ္ဌာန်းချက်အား ပိုမို ပြည့်စုံမှုရှိစေရန်အတွက် ညစ်ညမ်းမှု စကားရပ်၏ နောက်တွင် ပျက်စီးမှုဟူသောစကားရပ်ကို ထပ်မံ ဖြည့်စွက်ပါသည်။

(၃၂) မူလ အပိုဒ် ၂၁ အား အခန်းခေါင်းစဉ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အပိုဒ် ၁၅ အပိုဒ်ခွဲ(ဆ)အဖြစ် ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် လုပ်ငန်းတစ်ခုခုတွင် သတ်မှတ်သော အာမခံအမျိုးအစားများကို ထားရှိခြင်းဟု ဖြည့်စွက်ပါသည်။

(၃၃) အပိုဒ် ၁၆ အပိုဒ်ခွဲ(င)ပါ တစ်စိတ်တစ်ဒေသဆိုသည့် စကားရပ်အား အချို့ဟူသော စကားရပ်ဖြင့် ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဆ) ပါ B.O.O စနစ်ဆိုသည့် စကားရပ်အား ရှေ့နောက်ညီညွတ် စေရန်အတွက် ဘီ.အို.အို ဟု ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၁၆ အပိုဒ်ခွဲ(ည)တွင်ပါရှိသော လွှတ်တော်အရပ်ရပ်ဆိုသည့် စကားရပ်သည် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၃၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဍ)အား အရေးအသားကျစ်လျစ်၍ တိကျမှုရှိစေရန်အတွက် ကော်မရှင်၏ ထောက်ခံချက်၊ အတည်ပြုချက်များဖြင့် ပြည်တွင်း၊ ပြည်ပဘဏ်ချေးငွေများ ရယူနိုင်ရန်အလို့ငှာ ရယူခွင့်ရှိခြင်းဟု ပြင်ဆင်ပါသည်။

(၃၇) မူလအပိုဒ် ၁၇ ပြဋ္ဌာန်းချက်ပါ သို့မဟုတ် ကမကထပြုသူ စကားရပ်သည် ထည့်သွင်းရန် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၃၈) မူလအပိုဒ် ၁၈ အပိုဒ်ခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အား အပိုဒ် ၁၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂) အဖြစ် အဆိုပြုချက်ကို လက်ခံပါက ခွင့်ပြုမိန့်ကို ရက်ပေါင်း ၉၀ အတွင်း ထုတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၃၉) မူလအပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်အား အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ)အဖြစ် အထက်တွင် ပြဋ္ဌာန်းထားသော စကားရပ်အား ဤဥပဒေတွင်ဟုလည်းကောင်း၊ ဥပဒေအရဟူသော စကားရပ်အား တာဝန်ဝတ္တရား ပျက်ကွက်မှုဖြင့်ဟူသော စကားရပ်များဖြင့် အသီးသီး အစားထိုးပါသည်။

(၄၀) အပိုဒ် ၂၄ အပိုဒ်ခွဲ (က)ပါ မူလပြဋ္ဌာန်းချက်များမှ နိုင်ငံတော်မှအထူးလိုအပ်ချက်အရ ဆောင်ရွက်သော စကားရပ်ကို မလိုအပ်၍ ပယ်ဖျက်ပြီး အပိုဒ်ခွဲ (ခ)ပါ ပုဒ်မခွဲ(က)အရဟူသော စကားရပ်အစား ပုဒ်မခွဲ (က)ပါဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ (င)ရှိ ပုဒ်မခွဲ (က)ပါဟူသောစကားရပ်အစား ပုဒ်မခွဲ(က)အရဟုပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၂၄ အပိုဒ်ခွဲ (ဆ)ပါ မူလပြဋ္ဌာန်းချက်ရှိ ငါးနှစ် စကားရပ်အစား သုံးနှစ်ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၂၄ အပိုဒ်ခွဲ (ဈ)ပါ စက်ကိရိယာခွန်ကိုဖြစ်စေဟူသော စကားရပ်အစား စက်ကိရိယာ အခွန်ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၂၇ အား ရှင်းလင်းပြည့်စုံမှုရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံသူ၏ မတည်ငွေရင်းတွင် နိုင်ငံခြားချေးငွေများပါရှိခဲ့ပါက ၎င်းချေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးဆပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်ဟု ပြင်ဆင်ပါသည်။

(၄၄) မူလအပိုဒ် ၂၉ ပါ ရင်းနှီးမြှုပ်နှံသူအား အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် စကားရပ်၏နောက်တွင် နိုင်ငံတော်မှ မြေငှားရမ်းခွင့်ရရှိသော ရင်းနှီးမြှုပ်နှံသူအားဟု ပြင်ဆင်ပြီး နှစ် ၅၀ အစား နှစ် ၆၀ ဟု ပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၃၂ မူလပြဋ္ဌာန်းအား အရေးအသားရှင်းလင်းကျစ်လျစ်စေရန်အတွက် ကော်မရှင်သည် အစိုးရဌာန၊ အဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ပေးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၆) ဒေသခံ တိုင်းရင်းသားများအား အထူးဦးစားပေးသည့်အနေဖြင့် ကော်မရှင်သည် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများကိုသာ အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ကိုင်ခွင့် သတ်မှတ်ပေးရမည်။ ဒေသခံတိုင်းရင်းသားများ မလုပ်ကိုင်နိုင်ပါက နိုင်ငံသားများအား လုပ်ကိုင်ခွင့်ပြုရမည်ဟု အသစ်ထပ်မံ ဖြည့်စွက်ပါသည်။

(၄၇) အပိုဒ် ၃၇ ပါ ကျပ်ငွေဟူသော စကားရပ်အစား မြန်မာကျပ်ငွေဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၄၂ အား ပိုမိုပြည့်စုံစေရန်အတွက် ကိုယ်ပိုင်အရင်းအနှီးရှိကြောင်း သို့မဟုတ် ဟူသော စကားရပ်အား ထပ်မံဖြည့်စွက်ပါသည်။

(၄၉) အပိုဒ် ၄၅ တွင် ဥပဒေပါစာသားပြည့်စုံစေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုသည့် စကားရပ်အား ဖြည့်စွက်ပြီး ဥပဒေအမှတ် (၄/၄၉) အစား ဥပဒေအမှတ် (၄/၉၄) ဟု ပြင်ဆင်ပါသည်။

(၅၀) အပိုဒ် ၄၆ ပါ မူလပြဋ္ဌာန်းချက်ရှိ ဤဥပဒေဖြင့် ရုပ်သိမ်းမည့် စကားရပ်အား ပယ်ဖျက်ပြီး ဥပဒေ အမှတ် (၄/၄၉) အစား ဥပဒေအမှတ် (၄/၉၄) ဟု ပြင်ဆင်ပါသည်။

(၅၁) ပြည်သူ့လွှတ်တော်မှအတည်ပြုပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် ဆီလျော်မှုရှိစေရန်အတွက် -

အပိုဒ် ၄၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

အပိုဒ် ၄၁။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်နှင့်အတူ ပူးတွဲပါစာရင်း ဇယားများ၊ စာချုပ်စာတမ်း အထောက်အထားများ၊ ငွေရေးကြေးရေးများ၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက်အထားများစသည်တို့ကို တမင်မမှန်မကန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသော သက်သေအထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

အပိုဒ် ၄၂။ ဤဥပဒေကအပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်ကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် အတည် ဖြစ်သည်။

အပိုဒ် ၄၃။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရဟု အသစ်ထပ်မံ ဖြည့်စွက်ပါသည်။

(၅၂) အပိုဒ် ၄၇ အပိုဒ်ခွဲ (က)ပါ ရက်ပေါင်း ၆၀ အား ရက်ပေါင်း ၉၀ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(ခ)အား ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ကော်မရှင်သည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၅၃) မူလအပိုဒ် ၄၉ အား ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် အပိုဒ် ၄၅ အဖြစ် နေရာပြောင်းရွှေ့ပြီး ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၄/၉၄) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ဆက်လက်ကျင့်သုံးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၅၄) မူလပြဌာန်းချက်ပါ အပိုဒ် ၂ အပိုဒ်ခွဲ (စ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(င)၊ အခန်း(၁၃) ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသည့်လုပ်ငန်းများ၊ အပိုဒ် ၃၁ အခန်း (၁၉) ပြစ်မှုနှင့် ပြစ်ဒဏ်များအား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပေးပို့လာသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အတည်ပြုနိုင်ပါရန် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၆-၈-၂၀၁၂ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခွဲခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၃၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[နေ့လယ်စား သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁၁း၃၀ နာရီခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒေါက်တာချမ်းငြိမ်း၊ ကန့်ဘလူမဲဆန္ဒနယ်၏ မြန်မာနိုင်ငံနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းတင်သွင်းတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဒီအဆိုကိုလည်း ဒီနေ့ အပြီးဆောင်ရွက်လိုပါတယ်။ ဆောင်ရွက်တဲ့အခါမှာ အဆိုရှင်ရဲ့အဆိုကို ဖြစ်မြောက်ရေးနဲ့ ပြီးစီး ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက ညှိနှိုင်းထားချက်အရ မိမိတို့သိရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်ပြောနေကျစကားအတိုင်းပဲ တိုတိရှင်းလင်းစွာ ဆွေးနွေး ပေးဖို့ ပန်ကြားလိုပါတယ်။ အဆိုနဲ့ပတ်သက်၍ ဦးစွာ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း အားဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းရဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများ နှင့်ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်းပြုစုထားရှိရေးအဆိုကို အပြု သဘောဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤအဆိုဟာ အမိမြန်မာ နိုင်ငံအတွက်ရော၊ မြန်မာနိုင်ငံတိုင်းရင်းသားများအားလုံးအတွက်ပါ အလွန်တန်ဖိုးရှိတဲ့ အဆိုဖြစ်ပါ တယ်လို့

ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိမယ်ဆိုရင် အောက်ပါအကျိုးကျေးဇူးများ ဖြစ်ပေါ်စေမယ်လို့မြင်ပါတယ်။ (၁) နိုင်ငံခြားတိုင်းပြည်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အပေါ် ပိုမိုစိတ်ဝင်စားမှုရှိလာပြီး နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကိုမြင့်တက်စေခြင်း၊ (၂) မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများကို ကျန်အခြားတိုင်းရင်းသားများ သိရှိနားလည်ကြသဖြင့် ရှောင်ရန်၊ ဆောင်ရန်နှင့် နားလည်မှုများပိုမိုရရှိကာ မြန်မာတိုင်းရင်းသားအချင်းချင်း ပိုမိုချစ်ခင်သွေးစည်းမှုရရှိစေခြင်း၊ (၃) ပြည်သူမြန်မာတိုင်းရင်းသားများ ပီတိဝမ်းသာကျေနပ်မှုဖြစ်ပေါ်စေခြင်း၊ (၄) နိုင်ငံခြားဝင်ငွေ FE ကို တစ်ဖက်တစ်လမ်းမှရရှိစေခြင်း စတဲ့ အကျိုးကျေးဇူးများဖြစ်ပေါ်စေမှာဖြစ်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မှတ်တမ်းစွယ်စုံကျမ်း ပြုစုတဲ့နေရာမှာ အလွန်အရေးကြီးလှပါတယ်။ အတိမ်းအစောင်းနဲ့ အမှားအယွင်းမရှိအောင် အချိန်ယူပြီးတော့ ကချင်တိုင်းရင်းသားများအတွက်ဆိုရင် ကချင်တိုင်းရင်းသား သမိုင်းပညာရှင်နဲ့ စာပေ၊ ယဉ်ကျေးမှုပညာရှင်များ၊ မွန်တိုင်းရင်းသားများအတွက်ဆိုရင် မွန်တိုင်းရင်းသားသမိုင်းပညာရှင်နဲ့ စာပေ၊ ယဉ်ကျေးမှုပညာရှင်များ အစရှိတဲ့ သက်ဆိုင်ရာ တိုင်းရင်းသားများအလိုက် သမိုင်းပညာရှင်နှင့် စာပေယဉ်ကျေးမှုပညာရှင်များပါဝင်တဲ့ စွယ်စုံကျမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့များ ဖွဲ့စည်းပြီးတော့ အဆိုရှင်ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းတင်ပြခဲ့တဲ့ ဒီဇိုင်းအကောင်းစားနှင့် ရောင်စုံဓာတ်ပုံများ ထည့်ဝါစွာပါရှိတဲ့ မှတ်တမ်းဓာတ်ပုံစွယ်စုံကျမ်းများကို ဖြစ်မြောက်အောင် ဆောင်ရွက်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့မှတ်တမ်းစွယ်စုံကျမ်း ထွက်ခဲ့ပြီဆိုရင် မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားဧည့်သည်များအတွက်လည်း စိတ်ဝင်စားစွာနဲ့ ဝယ်ယူကြမှာဖြစ်တဲ့အတွက် ကြော်ငြာတဲ့ သဘောသက်ရောက်စေပြီး နောက်ဆက်တွဲ အကျိုးဆက်များဖြင့် ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံကို ပိုမိုပြီးတော့ လာရောက်လည်ပတ်ကြမှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ပိုပြီးတိုးတက်ရရှိစေမှာဖြစ်ပါတယ်။ အဆိုရှင်အဆိုတင်သွင်းတဲ့ မှတ်တမ်းစွယ်စုံကျမ်းရှိခဲ့ပြီဆိုရင် နိုင်ငံတော်အစိုးရမှာလည်း မြန်မာတိုင်းရင်းသားများရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများကို အသေးစိတ်သိရှိနားလည်သဘောပေါက်ပြီး မြန်မာတိုင်းရင်းသားများ အလေးထားတဲ့ အထင်ကရနှစ်သစ်ကူးပွဲတော်များ ဥပမာ ကချင်နှစ်သစ်ကူး

ပွဲတော်၊ ရှမ်းနှစ်သစ်ကူးပွဲတော်၊ ချင်းနှစ်သစ်ကူးပွဲတော်နှင့် ရခိုင်လှေလှော်ပြိုင်ပွဲနေ့များကို နိုင်ငံတော် အစိုးရအဖွဲ့မှ အစိုးရရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးနိုင်ရန် အထောက်အကူဖြစ်စေသလို ကျောင်းသုံးမြန်မာစာသင်ရိုးညွှန်းတမ်းရေးဆွဲရာမှာလည်း များစွာ အထောက်အကူ ဖြစ်စေမယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာတိုင်းရင်းသားများအချင်းချင်း ဘာသာစကား နားလည်မှုလွဲပြီး ခိုက်ရန်ဖြစ်ပွားတဲ့ သာဓကတစ်ခုကို တင်ပြရမယ်ဆိုရင် ရုပ်ရှင်ရုံထဲကို ဝင်သွားတဲ့ ရခိုင်တိုင်းရင်းသားတစ်ဦးဟာ ဗမာတိုင်းရင်းသားကို မတော်တဆတိုက်မိတော့ ဗမာတိုင်းရင်းသားက ဟေ့ ဘာဖြစ်လို့တိုက်သလဲလို့ မေးတဲ့အခါမှာ ရခိုင်တိုင်းရင်းသားက မှောင်လို့ပါလို့ဖြေရမယ့်အစား မိုက်လို့ပါဟု ရခိုင်ဘာသာဖြင့် ပြန်ဖြေတော့ နားလည်မှုလွဲပြီးတော့ ဗမာတိုင်းရင်းသားက ရခိုင်တိုင်းရင်းသားကို လက်သီးနဲ့ထိုးခဲ့တဲ့ အဖြစ်မျိုးရှိခဲ့ဖူးကြောင်း ကိုယ်စားလှယ်များအားလုံး အသိဖြစ်ပါတယ်။ အဆိုရှင် အဆို တင်သွင်းတဲ့ မှတ်တမ်းစွယ်စုံကျမ်းမျိုး ခပ်စောစောပိုင်းက ရှိခဲ့မယ်ဆိုရင် မြန်မာတိုင်းရင်းသားများ အချင်းချင်း နားလည်မှုလွဲပြီး ပဋိပက္ခဖြစ်ရတဲ့အဖြစ်မျိုးမှ ရှောင်လွဲစေနိုင်မှာ မုချဧကန်ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်ဘလူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းရဲ့ မြန်မာနိုင်ငံသားများရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်းပြုစုထားရှိရေးအဆိုကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသိန်းအောင်(လှိုင်းဘွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ လှိုင်းဘွဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စတုတ္ထပုံမှန်အစည်းအဝေး ၁-၈-၂၀၁၂ ရက်နေ့က ကန့်ဘလူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းရဲ့ မြန်မာနိုင်ငံ တိုင်းရင်းသားများရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်တဲ့ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေးအဆိုကို ထောက်ခံ ဆွေးနွေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်တွင် တည်ရှိကြတဲ့ လူသားများရဲ့မျိုးနွယ်စုများဟာ မိမိတို့ရဲ့ရွှေ့လျားဆင်းသက်လာရာ တောတောင်ရေမြေ သဘာဝဝန်းကျင်နဲ့ လိုက်လျောညီထွေတဲ့ သမိုင်းစဉ်၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများ

အသီးသီးရှိကြပါတယ်။ ထို့အတူ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများမှာလည်း ၎င်းနဲ့သက်ဆိုင်တဲ့ သမိုင်းစဉ် ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံတမ်းကိုယ်စီရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ရှေးပဝေသဏီ ဘိုးဘေးဘီဘင်လက်ထက်က လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြတဲ့ အစဉ်အလာ ရှိခဲ့တယ်။ စာပေအက္ခရာမပေါ်ခင်ကပင် တိုင်းရင်းသားရဲ့ မိမိတို့ရဲ့ဘိုးဘွားမှတစ်ဆင့် တေးကဗျာ လင်္ကာများကို နှုတ်တိုက်အာဂုံဆောင်ပြီး မျိုးဆက်တစ်ခုကနေ တစ်ခုနောင်မျိုးဆက်သစ်ဆီကို လက်ဆင့်ကမ်း သယ်ဆောင်ထိန်းသိမ်းသမှုပြုလာခဲ့ကြပါတယ်။ အတီး၊ အမှုတ်၊ အကအခုန်များဖြင့် လည်း လက်ဆင့်ကမ်းသယ်ယူကာ နောင်ရင်းတိုင်းရင်းဆွေဖော်များ မိမိတို့၏ယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းလာခဲ့ကြပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ တိုင်းရင်း ဆွေစစ်၊ နောင်ဆွေချစ်များဟာ မိမိတို့ယဉ်ကျေးမှုကို မိမိတို့သမိုင်းစဉ်တစ်လျှောက် မျိုးချစ်စိတ်ဓာတ် အရင်းခံပြီးတော့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာမှာ ရှေးဘိုးဘေးဘီဘင်လက်ထက်က ယဉ်ကျေးမှု ထိန်းသိမ်းမှုတွင် တည်တည်ငြိမ်ငြိမ်ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာကြီးက ရွာကြီး တစ်ရွာလိုတိုးတက်ပြောင်းလဲလာပြီးဖြစ်တဲ့ Global ခေတ်ကြီးမှာတော့ တိုင်းရင်းပြည်ဖွားမျိုးချင်း များဟာ ရှေးဘိုးဘေးခေတ်ကလို မိမိတို့ရဲ့ယဉ်ကျေးမှုကို တည်ငြိမ်စွာဆက်လက်ထိန်းသိမ်းမှုပြုရာမှာ စိန်ခေါ်မှုတွေအမျိုးမျိုး တွေ့ဆုံရတဲ့အတွက် ခက်ခဲမှုတွေများစွာ ရင်ဆိုင်ရပါတယ်။ စားဝတ်နေမှု အခက်အခဲကြောင့်လည်းကောင်း၊ မိမိတို့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေ ကိုစွန့်ခွာပြီး တစ်ရပ်တစ်ကျေး သို့မဟုတ် တစ်မြေရပ်ခြားသို့ စီးပွားရှာထွက်ရခြင်းကြောင့်လည်းကောင်း၊ တိုင်းတစ်ပါးယဉ်ကျေးမှု သို့မဟုတ် သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှုကြောင့်လည်းကောင်း လက်ရှိ တိုင်းရင်းဆွေစစ် နောင်ညီချစ်တို့ရဲ့ ယဉ်ကျေးမှုထုံးတမ်းဓလေ့များဟာ တစ်ဆတစ်ဆလျော့ပါး မှေးမှိန်စပြုနေပါပြီး၊ အဲ့ဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်း ဓလေ့ပျောက်ဆုံးမည်ဖြစ်တဲ့အတွက်ကြောင့် မီးနီအချက်ပြလိုက် ခြင်းပင်ဖြစ်ပါတယ်။ ဤသို့သော အနေအထားမျိုးမှာ ကျွန်တော်တို့ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့ကို သတိကြီးစွာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရန် အထူးလိုအပ်နေပြီ ဖြစ်ပါတယ်။ သမိုင်းအရ ယဉ်ကျေးမှု အစဉ်အလာကြီးခဲ့တဲ့ ပျူအမျိုးသားရဲ့ ခမ်းနားထည်ဝါခဲ့တဲ့ မိမိတို့၏ယဉ်ကျေးမှုအက၊ အခုန်များကို တရုတ်ပြည်ကို ခန့်ခန့်ထည်ထည်ဂုဏ်သိက္ခာရှိစွာ သွားရောက်တင်ဆက်နိုင်ပြီး တရုတ်များပင် ချီးကျူးသြဘာထောပနာပြုခြင်းခံခဲ့ရပါတယ်။ အဲ့ဒီလို အစဉ်အလာကြီးမားခဲ့တဲ့ မျိုးနွယ်ကြီးများပင် မိမိတို့ယဉ်ကျေးမှုသာမက မျိုးနွယ်စုတစ်ခုလုံးပင် ပျောက်ဆုံးပါလျှင် ယခုခေတ်ရှိ ကိုယ့်တိုင်းရင်းသား

ယဉ်ကျေးမှု၊ ကိုယ့်လူမျိုး၊ ကိုယ့်မျိုးနွယ်စုများဟာ Global ခေတ်ကြီးမှာ အချိန်မရွေးပျောက်ဆုံး နိုင်ကြောင်းသတိချပ်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ သာဓကအနေနဲ့ ကျွန်တော်တို့ပျောက်ဆုံးရတဲ့ ကရင်အမျိုးသားယဉ်ကျေးမှုထဲက ယဉ်ကျေးမှုပျောက်ဆုံးပုံ နည်းနည်းတင်ပြလိုပါတယ်။ ယနေ့ ရေပန်းစားလျက်ရှိတဲ့ အများနှစ်သက်ကြတဲ့ ကရင်အမျိုးသားရဲ့ ဒုံးအကဟာ ယခင်ဒုံးအကထက် ဝ.၁ ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ ရှေးယခင် ကရင် အမျိုးသားများရဲ့ မိမိဆင်းသက်လာရာ ရေမြေ၊ အနေအထားအရ တောတောင်တွေမှာ နေလာခဲ့ကြတဲ့ အတွက်ကြောင့်မို့လို့ ၎င်းတို့ရဲ့ မှီခိုရာ ဒေသတွေမှာ ရှိကြတဲ့ သားရဲတိရစ္ဆာန်တွေအသွားအလာ၊ အနေအထိုင် အပြုအမူဟန်အမူအရာတွေကို လေ့လာပြီး သားရဲတိရစ္ဆာန်ရဲ့သဘာဝကို အနုပညာအဖြစ် ပြန်လည်ဖန်တီးခဲ့ကြပါတယ်။ ဥပမအားဖြင့် သမင်ဒုံး၊ ကျားဒုံး၊ ဆင်ဖြူတော်ဒုံး၊ ကျွဲဒုံး၊ မျောက်ဒုံး၊ မိကျောင်းဒုံးတွေဟာ ယခုခေတ် ၁၅ မိနစ်လို နာရီဝက်ကပြခဲ့တဲ့ ဒုံးမဟုတ်ဘဲ ဇာတ်ဟန်ခင်းကျင်းပြီး ညလုံးပေါက်ကပြနိုင်တဲ့ ဇာတ်သဘင် ဖြစ်ပါတယ်။ ဒီဇာတ်သဘင်ဆောင်သော ဒုံးအကယခုမရှိတော့ပါ။ ပျောက်ဆုံးနေပါပြီ။ အဲဒါ ထိန်းသိမ်း မြှင့်တင်ဖော်ထုတ်မှုမရှိတဲ့အတွက်ကြောင့် ပျောက်ဆုံးရခြင်းဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ကရင်ရိုးရာတေးလင်္ကာမှာဆိုရင် ညလုံးပေါက်သီဆိုရတဲ့လင်္ကာတွေ၊ ကဗျာတွေရှိပါတယ်။ အဲဒါက တော့ သြပွဲပါ။ အဲဒီ သြပွဲမှာ အမျိုးသား၊ အမျိုးသမီးတွေဆုံကြတယ်။ အဲဒီမှာ ချစ်ကြည်ရင်းနှီးပြီးတော့ သူတို့ အဲဒီကစ မေတ္တာမျှလာပြီးတော့ အမျိုးသားက အမျိုးသမီးအိမ်ကို ၃ နှစ်တာသွားလာပြီးတော့ လယ်လုပ်ကိုင်တယ်။ မိဘတွေလည်း သွန်သင်ပေးတယ်။ ဆုံးမပေးတယ်။ အဲဒါကြောင့် သူတို့က အချစ်တည်မြဲလာခဲ့ကြတယ်။ အခုခေတ်မှာတော့ အဲဒီသြပွဲတွေမရှိတဲ့အတွက် အင်မတန်မှ လေးစားစရာကောင်းလှတဲ့ ဂန္ထဝင်မြောက်တဲ့ ဂီတ၊ လင်္ကာတွေမရှိတဲ့အတွက် အခုခေတ်မှာ တော်တော် ပျက်စီးနေကြပါတယ်။ ကောင်းမွန်တဲ့ထိန်းကျောင်းမှုတွေ ပျောက်ဆုံးနေတာကြောင့် အခုခေတ် လူငယ်မောင်မယ်တွေဟာ Global ခေတ်ရဲ့ကျေးဇူးနဲ့မိဘမျက်ကွယ်မှာ ဆိုင်ကယ်တစ်စီးမှာ နှစ်ယောက်အတူ အရှက်ကင်းမဲ့စွာတွဲစီးနေကြပါပြီ။ ပွဲလယ်ခေါင်မှာ စားသောက်ဆိုင်ရှေ့မှာ နှစ်ယောက်အတူဘီယာ ဖိမ်ပြေနပြေ သောက်နေကြပါပြီ။ ဟီရိသြတ္တပ္ပတရားတွေ မရှိတော့ပါဘူး။ အဲဒါသည်လည်းပဲ အရင်တုန်းက အစဉ်အလာကြီးတဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင် ဖော်ထုတ်စွမ်းဆောင်မှုမရှိတဲ့အတွက် အဲဒီလိုဖြစ်ရခြင်းဖြစ်ပါတယ်။ အဲဒီတော့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကောင်းပျောက်ဆုံးလို့ ကောင်းမွန်တဲ့ နည်းညွှန်းလမ်းပြမရှိတဲ့အတွက် ယနေ့ခေတ်လူငယ် တွေဟာ ခုတွေ့၊ ခုချစ်၊ ခုမုန်း၊ ခုပစ် ယုံလွယ်၊ ချစ်လွယ်၊ မုန်းလွယ်၊ ကွဲလွယ်ကြတာဖြစ်လို့

စလယ်ဝင်မမဲခင်က လင်မယားကွဲတာတွေ သမရိုးကျဖြစ်စဉ်တစ်ခုလို ဖြစ်နေပါပြီ။ ဒီတင်မက အစစအရာရာ မဆင်ခြေကြတော့တဲ့အတွက် အိမ်ထောင်ရေးမှာပျော်သလို လက်ခံကြပြီး မိန်းမ တစ်ယောက်မှာ လင်သုံးလေးဆက်၊ ယောကျ်ားတစ်ယောက်မှာ မိန်းမသုံးလေးဆက်နဲ့ မော်ဒန်စတိုင်လို အမှားကို အမှန်ထင်ကြလို့ လူငယ်တွေရဲ့ အိမ်ထောင်ရေးဟာ သပွတ်အူလို ရှုတ်ထွေးကုန်ပါပြီ။ ဒီသုံးလေးဆက်အိမ်ထောင်စုက ပေါက်ဖွားလာခဲ့တဲ့ ကလေးများအနေနဲ့ အနာဂတ် ခေါင်းဆောင်အဖြစ် မွေးထုတ်လို့ရပါဦးမှာလားခင်ဗျား။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြချက်များဟာ တန်ဖိုးကြီးမားလှတဲ့ဂန္ဓဝင်ရှေးရိုးရာယဥ်ကျေးမှု ပျောက်ကွယ်သွားခြင်းနှင့် ယနေ့လူငယ်တို့ရဲ့ ဆိုးကျိုးဆက်စပ်ပုံကို မီးမောင်းထိုးပြခြင်းဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးသလို ကျန်တဲ့ညီအစ်ကို မောင်နှမ တိုင်းရင်းသားများမှာလည်းပဲ မိမိတို့ရှုထောင့်မှ မိမိတို့ယဥ်ကျေးမှု ရိုးရာဓလေ့ပျောက်ကွယ် ခြင်း၊ ပျောက်လုနီးပါးဖြစ်ခြင်း၊ မိမိတို့လူမျိုးနွယ်စုအတွက် လွန်စွာထိတ်လန့် ဖွယ်ဖြစ်ပုံကိုဆွေးနွေးမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာတိုင်းရင်းသားများရဲ့ အစဥ်အလာ ကောင်းခဲ့တဲ့ ရိုးရာယဥ်ကျေးမှု နောက်ထပ်ဆက်လက်မကွယ်ပျောက်စေဖို့ စေတနာဖြင့် အဆို တင်သွင်းတဲ့ ကန့်ဘလူမဲဆန္ဒနယ်က ဒေါက်တာချမ်းငြိမ်းရဲ့အဆိုကို လေးနက်စွာထောက်ခံရင်း ဆွေးနွေးချက်ကို အဆုံးသတ်အပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်မှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများ မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်က ၁-၈-၂၀၁၂ ရက်နေ့က စစ်ကိုင်း တိုင်းဒေသကြီး၊ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း၏ တိုင်းရင်းသားများ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ စာပေစသည်တို့ကို မြန်မာ့စွယ်စုံကျမ်းကဲ့သို့ ပြုစုမှတ်တမ်းတင်ထားရှိရေးအဆိုနှင့် ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် ဂူဘုရားအချို့တို့မှာ လူမျိုး ၁၀၁ ပါးပုံများကို နံရံဆေးရေးပန်းချီများမှာ တွေ့ရှိ ရပါသည်။ ဥပမာပြောရရင် စစ်ကိုင်းတိုင်း ရွာသစ်ကြီးရှိ လောင်းမော်ဦးဘုရား၊ ပခုက္ကူမြောက် ဆင်ကျိုး၊ ရွှေဂူဘုရားအနီးရှိ ရှင်ပင်ပွင့်လန်းဘုရား၊ မင်းဘူးမြို့ ဝတ်ကြီးဂူဘုရား နံရံဆေးရေးပန်းချီ၊

စစ်ကိုင်းတိုင်း အနိမ့်ဒေသရှိ ဘုရားအမှတ် ၆၉၊ ဆားလင်းကြီး၊ မုံရွေးဘုရားအမှတ်(၂)များတွင် လေ့လာတွေ့ရှိ နိုင်ပါတယ်။ အဲဒီလို လူမျိုးများ အမည်နှင့်တကွရှိသော်လည်း အချို့ပျူ ကမ်းရံတို့မှာ ရောနှောသွား သဖြင့် ပျောက်ကွယ်သွားပြီး ဖြစ်ပါတယ်။ ပျူစစ်လျှင် မြန်မာဟူ၍ ဆိုရိုးစကား ပျူသား ပျူးသမီးဟု ဆိုရိုးစကားရှိခဲ့ပြီး မြန်မာနှင့် ရောနှောပျောက်ကွယ်သွားပြီး ယခုအခါမှာ ပျူစာနှင့်ပျူအက္ခရာတို့ ပါရှိပြီး ပျူကျောက်စာများသာ ကျန်ရစ်ခဲ့ပါတယ်။ သက်လူမျိုးများကတော့ ရခိုင်ပြည်မြောက်ပိုင်းများမှာ ရှိနေပါ သေးတယ်။ ပခုက္ကူခရိုင် ပခန်းကြီးမြောက်ဘက်မှာ သက်ရွာဆိုတာရှိပါတယ်။ မင်းဘူးခရိုင် ရွှေစက်တော်ဘုရားသွားလမ်းဘေးရှိ သက်ရွာဆိုတာရှိပါတယ်။ ပျူလူမျိုးတို့ရဲ့ပုံစံကိုမူ ရွှေဘိုခရိုင် ပျူမြို့တော်တစ်ခုဖြစ်သော ဟန်လင်းပျူမြို့ဟောင်းမှ တွေ့ရှိသည့် ကျောက်ချပ်မှ လောကနာထနတ် ဘုရားကို ပူဇော်ရှိခိုးနေဟန် လူရုပ် ၅၈ ရုပ်မှာ ခေါင်းပေါင်းကြီးများနှင့် ပေါင်းထားသည်ကို တွေ့ရှိရပါ သည်။ တစ်ဖန် ပြည်မြို့အနီးရှိ သရေခေတ္တရာပျူမြို့ဟောင်းအမှတ် (၈) ကုန်းမှ တွေ့ရှိရတဲ့ ပျူတူရိယာ တီးမှုတ်နေသူ ကချေသည်နှင့် လူရှင်တော်ပုံတို့ကို လေ့လာရခြင်းအားဖြင့် သူတို့ခေတ်က ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုကို သိရပါတယ်။ ပုဂံမြို့ တူရင်းတောင် အရှေ့ဘက်ရှိ ကူရွာခေါ် ပျူရွာမှာလည်း ပျူလူမျိုးများ ယနေ့အထိ ဆက်တိုက်နေထိုင်လာကြသည်ကို တွေ့ရှိရခြင်းအားဖြင့် ပျူစစ်လျှင် မြန်မာ ဟူသော ဆိုရိုးစကား အတိုင်း မြန်မာပုံများ ဖြစ်ကုန်ကြပါတယ်။ သို့ပါ၍ ကြာလျှင် လက်ရှိတိုင်းရင်းသား များရဲ့ ဓလေ့ထုံးစံ၊ စာပေ၊ ယဉ်ကျေးမှုများ အဓွန့်ရှည်စွာ တည်တံ့နေစေရန်အတွက် လည်းကောင်း၊ နောင်လာနောက်သား များ လေ့လာခွင့်ရရှိစေရန် အတွက်လည်းကောင်း၊ ခေတ်ပုံမှတ်တမ်းများနှင့်တကွ အဓိပ္ပာယ် ဖော်ပြချက်များပါဝင်သော စာပေများ၊ ယင်းတို့၏ ဓလေ့ထုံးစံများကို မှတ်တမ်းအဖြစ် ကျန်ရစ် စေရန်အတွက် လည်းကောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ အသေးစိတ်မှတ်တမ်းများကို စွယ်စုံကျမ်းအဖြစ် ပြုစုသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ ဖြစ်နိုင်လျှင် အခြားနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များ လေ့လာသိရှိနိုင်ရန်အလို့ငှာ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ နှစ်ဘာသာ ဖြင့် ပြုစုသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှု ဝန်ကြီးဌာန လက်အောက်မှာ ပြည်တွင်းပြည်ပဧည့်သည်များ လေ့လာနိုင်ရန် အချို့တိုင်းရင်းသားများ အတွက် ပြည်နယ်၊တိုင်းဒေသကြီးဆိုင်ရာ ပြတိုက်များရှိပြီး ဖြစ်ပါတယ်။ သို့ရာတွင် တစုတဝေးတည်း တစ်အုပ်တည်း လေ့လာနိုင်ရန် စွယ်စုံကျမ်းကဲ့သို့ အပြည့်အစုံ ကျမ်းတစ်စောင် ရှိသင့်နေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အချို့တိုင်းရင်းသားလူမျိုးများသည် မှတ်တမ်းတင်ရန် ကျန်ရှိနေပါသေး

သည်။ ဥပမာ စိတ်ဝင်စားဖွယ်ကောင်းသော ထရုန်လူမျိုး၊ မြန်မာ ပစ်ဂမီ လူပုလေးများမှာ မြန်မာပြည် မြောက်ဖျားမှာ ရှိနေပါသေးတယ်။ လူဦးရေ အတော်နည်းသွားပြီး ဖြစ်ပါတယ်။ တဖန် ရှမ်းပြည်နယ်တွင် ရှေးမြန်မာကြီးများကဲ့သို့ အရပ်မြင့်သော အိန်းလူမျိုးများလည်းရှိကြောင်း သိရပါတယ်။ ၎င်းကျန်ရှိနေသော အရပ်မြင့်၊ အရပ်ပုဖြစ်သော တိုင်းရင်းသားများမှာ ပျောက်ကွယ်လုနီးပါး ဖြစ်နေ၍ ၎င်းတို့ကိုလည်း အဆိုပါ စွယ်စုံကျမ်းတွင် အသေးစိတ် မှတ်တမ်းတင်သင့်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း၏ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုဆိုင်ရာ မှတ်တမ်းစွယ်စုံကျမ်းကြီးတစ်ခု ပြုစုသင့်ပါကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာချမ်းငြိမ်းရဲ့အဆိုနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း စီစဉ်ထားတဲ့ အခြေအနေကို လွှတ်တော်ကိုယ်စားလှယ်များ နားထောင်ကြည့်ခြင်းအားဖြင့် မိမိတို့ဆက်လက်ဆွေးနွေးတဲ့အခါမှာ မည်သို့မည်ပုံ ဆွေးနွေးနိုင်မှာ ဖြစ်တဲ့အတွက် ဒီအဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက မည်သို့မည်ပုံစဉ်းစားဆောင်ရွက်နေသည်ကို ပြန်လည်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းရဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံများနှင့် ပတ်သက်ပြီး မှတ်တမ်းစွယ်စုံကျမ်းပြုစုထားရှိရေးအဆိုနှင့် ပတ်သက်ပြီး လက်ရှိလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တိုင်းရင်းသားများ၏စကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံထဲမှာရှိတဲ့ တိုင်းရင်းသားများရဲ့သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံများနှင့်ပတ်သက်ပြီး မှတ်တမ်းများပြုစုထားရှိရေးဟာ ကျွန်တော်တို့အားလုံး အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းလည်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းနှင့်ပတ်သက်ပြီး ယခင်အစိုးရအဆက်ဆက်ကလည်း ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ တော်လှန်ရေးကောင်စီလက်ထက်ကလည်း ၁၉၆၄ ခုနှစ်မှာ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နှင့် မော်လမြိုင်ကောလိပ်တို့ကို ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှုနှင့်ပတ်သက်သော စာတမ်းများကို ပြုစုရန်တာဝန်ပေးအပ်ခဲ့တဲ့အတွက် ၁၉၆၅ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့်ရှမ်းလူမျိုးများအတွက် တိုင်းရင်းသားယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံစာအုပ်များကို ၁၉၆၇ ခုနှစ်မှာ ထုတ်ဝေနိုင်ခဲ့တာကို တွေ့ရပါတယ်။ လက်ရှိအချိန်မှာလည်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှာလည်း တိုင်းရင်းသားရေးရာအဖွဲ့များကိုဖွဲ့စည်းပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများရဲ့သမိုင်း၊ ဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာပွဲတော်များ၊ အနုသုခုမများနှင့် ပတ်သက်ပြီး မှတ်တမ်းမှတ်ရာများစုဆောင်းလေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ သုတေသနပြုခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များရဲ့ မနုဿဗေဒဌာန၊ ရှေးဟောင်းသုတေသနဌာနများမှာလည်း ဘွဲ့ကြို၊ဘွဲ့လွန်သုတေသနစာတမ်းများ သတ်မှတ်ပြီး စဉ်ဆက်မပြတ်သုတေသနပြုလုပ်လျက်ရှိကြောင်းသိရှိရပါတယ်။ အလားတူပဲ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ ယဉ်ကျေးမှုအဖွဲ့များကလည်း မိမိတို့လူမျိုးအလိုက် ရိုးရာဓလေ့ထုံးစံများကို စုစည်းမှတ်တမ်းတင်မှုများပြုလုပ်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ရှိပါတယ်။ အချို့ တိုင်းရင်းသား လူမျိုးစုများမှာ တိုင်းရင်းသားလူမျိုးစုကြီးတစ်ခုအတွင်းမှာ ဘာသာစကားအရအနည်းငယ် ကွဲပြားနေသောလူမျိုးစုများဖြစ်ခြင်း၊ မြန်မာနိုင်ငံအတွင်းနှစ်ပေါင်းထောင်ချီပြီး အတူတကွယှဉ်တွဲ နေထိုင်ခဲ့ခြင်းကြောင့် အချို့ရာသီပွဲတော်များ၊ လူမှုရေးအခမ်းအနားများ၊ ရိုးရာဓလေ့များရောနှော ယှက်နွယ်နေခြင်းများလည်းရှိပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ပြုစုရာမှာ အငြင်းပွားမှုများ၊ သဘောထားကွဲလွဲမှုများကို ရှောင်ရှားနိုင်ရန်အတွက် အဖွဲ့တစ်ဖွဲ့၊ ဌာနတစ်ခုတည်းက တာဝန်ယူဆောင်ရွက်မည့်အစား သုတေသီပညာရှင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားအသီးသီးရဲ့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ အခြားကျွမ်းကျင်သူပညာရှင်များပါ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ အဲ့ဒီလိုပြုစုရာမှာလည်း တိုင်းရင်းသားလူမျိုးစုတစ်ခုချင်းအတွက် သမိုင်းကြောင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကို ခေတ်ပုံမှတ်တမ်းများနှင့်တကွ ပြည့်စုံစွာစုစည်းပြီး မြန်မာနိုင်ငံတိုင်းရင်းသားများမှတ်တမ်းစွယ်စုံကျမ်းအတွဲ

၁၊ ၂၊ ၃ စသည်ဖြင့် ပြုစုဖို့လိုအပ်တယ်လို့လည်းထင်မြင်ယူဆပါတယ်။ အထက်ပါအချက်များအရ ဒီလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်ပြီး အချိန်၊ ရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ်မယ့် လုပ်ငန်းလည်းဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားအဆင့်ကော်မရှင် တစ်ရပ် ဖွဲ့စည်းဖို့လိုအပ်မှာလည်း ဖြစ်ပါတယ်။ အဆိုပါကော်မရှင်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အဖွဲ့ဝင်များဖြင့်ထည့်သွင်းဖွဲ့စည်းသွားပါ့မယ်။ အဆိုပါ အမျိုးသားအဆင့်ကော်မရှင်ဖွဲ့စည်းနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ယူ၍ နိုင်ငံတော်သမ္မတရုံးသို့တင်ပြပြီး မြန်မာနိုင်ငံတိုင်းရင်းသားများ၏သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေးကို ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါ့မယ်။ အစည်းအဝေး ပြန်စတဲ့ချိန်မှာ ဒီကိစ္စဆက်ပြီးတော့ ဆွေးနွေးဆောင်ရွက်ပါ့မယ်။

**အချိန်၊ ၁၃ း ၄၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါသည်။]**

**အချိန် ၊ ၁၄ း ၀၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်မယ့်အစီအမံများနဲ့ အဖြေလည်း ကျွန်တော်တို့အားလုံး ကြားသိပြီးဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးမဆုံးရှုံးစေဖို့နဲ့ အချိန်မီပြီးစီးရေးအတွက်တော့ ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားပါမယ်။ ဟိုခုနက ကျွန်တော် ဆွေးနွေးဖို့ဖိတ်ခေါ်တဲ့ပုဂ္ဂိုလ်များသည် ပြည်နယ်၊ တိုင်းဒေသမတူသော ပုဂ္ဂိုလ်များဦးစွာဆွေးနွေးခိုင်းခဲ့ပြီးဖြစ်ပါတယ်။ အခုတော့ သက်ဆိုင်ရာဝန်ကြီး

ဌာနရဲ့ဆောင်ရွက်မယ့် အခြေအနေကိုသိပြီးဖြစ်တဲ့အတွက် အစဉ်လိုက်ပဲ ကျွန်တော် ပြန်ပြီးတော့ ဆွေးနွေးဖို့ တင်ပြဖိတ်ခေါ်ပါတယ်။ အချိန်ကိုသာ လိုအပ်သလောက်သုံးဖို့ပါ။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်လူကြီးမင်းများအားလုံးကို ဂါရဝပြုတယ်။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်း တင်သွင်းသွားတဲ့ အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများဟာ နိုင်ငံတော်အနှံ့အပြားမှာ မှီတင်းနေထိုင်ကြသလို မြန်မာ့သမိုင်းမှာလည်းပဲ ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ခဲ့ကြပေမယ့် မကြာသေးမီခေတ်ကာလတွေမှာ လျစ်လျူရှုခံရခြင်း၊ ပစ်ပယ်ခြင်းခံရခြင်းများကိုခံစားခဲ့ကြရပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွေမှာ ဒေါက်တာဦးကျော်သက်၊ ဒေါက်တာသန်းထွန်းတို့ရေးသားခဲ့တဲ့ သမိုင်းသင်ရိုးတွေထဲမှာ ရှမ်းခေတ်၊ ရှမ်းညီနောင် ၃ ဦး၊ အင်းဝခေတ်၊ ပင်းယခေတ်၊ မွန်ဘုရင် ရာဇာဓိရာဇ်၊ မွန်ဘုရင်မ ရှင်စောပု၊ နှစ် ၄၀ မွန်မြန်မာစစ်ပွဲ ယခင်ဘုရင်ကြီးများစတဲ့စတဲ့ပုဂ္ဂိုလ်တို့ကို သင်ကြားမှတ်သားခဲ့ရပါတယ်။ နောက်ပိုင်း ဆိုရှယ်လစ်ခေတ်မှာ ပဒေသရာဇ်အတွေးအခေါ်များ ကျယ်ပြန့်ကူးစက်မှာစိုးလို့ဆိုပြီး ကျောင်းသုံးသင်ရိုးတွေမှာ မပါတော့တဲ့အပြင် ပြင်ပစာပေတွေမှာလည်းပဲ အကိုးအကားအဖြစ် အသုံးမပြုခဲ့ရသလောက် အားနည်းခဲ့ရပါတယ်။ ဒါဟာ ဖြစ်ရပ်မှန်သမိုင်းကိုခေတ်နဲ့ မလျော်ညီဘူးဆိုတဲ့ နိုင်ငံရေးအမြင်နဲ့ ပလပ်ချန်ထားခဲ့တာတွေဟာ မဖြစ်သင့်တဲ့ကိစ္စလို့ တိုင်းရင်းသားအများစုက ထင်မြင်ယူဆခဲ့ကြပါတယ်ခင်ဗျား။ သမိုင်းတွေထဲမှာ ကောင်းတာဆိုးတာ တွေ့ရှိခဲ့ပေမယ့် သင်ခန်းစာတစ်ခုအနေနဲ့ သုံးသပ်ဖို့တော့ လက်ခံရမှာဖြစ်ပါတယ်။ အနော်ရထာမင်း၊ ဘုရင့်နောင်၊ အလောင်းမင်းတရားတို့ဟာ ပဒေသရာဇ်တွေပဲဖြစ်ပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့ ကလေးတွေက သင်ကြားမှတ်သားခဲ့ရသလို အတုယူစရာ အားကျစရာ သင်ခန်းစာယူစရာတွေလည်းရှိခဲ့ပါတယ်။ မြန်မာ့သမိုင်းမှာ ကောင်းတာရော ဆိုးတာပါထင်ရှားခဲ့တဲ့ ကျွန်တော်တို့ တိုင်းရင်းသားပဒေသရာဇ်ဘုရင်များ အကြောင်းကိုလည်းပဲ ရိုးရိုးသားသား သမိုင်းအမြင်နဲ့ ကျွန်တော်တို့ မျိုးဆက်သစ်တွေ နားလည်သဘောပေါက်အောင် သင်ယူခွင့်ရရှိဖို့လိုအပ်မယ်လို့ ထင်ပါတယ်ခင်ဗျား။ သင်ခန်းစာဆိုသည်မှာ အကောင်းအဆိုး အားလုံးထဲက ထုတ်နုတ်ယူရတာဖြစ်လို့၊ မကောင်းလို့၊ ဆိုးလို့ သိစရာမလိုဘူးလို့ ယူဆရင် ပြည့်စုံတဲ့ သင်ခန်းစာမရနိုင်ပါဘူးလို့ ထင်မြင်ယူဆပါတယ်ခင်ဗျား။ သမိုင်းဆိုတာ

အားလုံးကတန်ဖိုးထားတဲ့ အဖိုးတန်ပစ္စည်းဖြစ်ပါတယ်။ နိုင်ငံတကာမှာ ပညာရှင်အဖွဲ့တွေနှင့် နှစ်ပေါင်းရာထောင်က အခြေအနေ တွေကိုသိရအောင် မြေကြီးတွေကိုတူးဆွ ရှာဖွေနေကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ပညာရှင်အဖွဲ့တွေနဲ့ အချိန်ကုန် ငွေကုန်ခံ တူးဆွရှာဖွေနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီလို တူးဆွရှာဖွေနေတဲ့ လုပ်ငန်းစဉ်များမှာလည်းပဲ တာဝန်ရှိပုဂ္ဂိုလ်များက နေရာဒေသ၊ လူမျိုးစွဲတွေမရှိပဲ၊ မခွဲခြားပဲနဲ့ သမိုင်းအမြင် အရသာလုပ်ဆောင်မယ်ဆိုရင် တိုင်းရင်းသားများအားလုံးကလည်းပဲ ဝမ်းဝမ်းသာသာနဲ့ပဲ ကြိုဆိုကြမှာဖြစ်ပါတယ်။ တိုင်းရင်းသားဒေသတွေမှာ မြေကြီးထဲ မရောက်သေးတဲ့၊ ကျန်ရှိနေသေးတဲ့သမိုင်း အမွေအနှစ်တွေများစွာ ရှိနေပါသေးတယ်။ မြေကြီးထဲရောက်သွားပြီးမှ ပညာရှင်တွေနဲ့ အချိန်ကုန်ခံ၊ ငွေကုန်ခံပြီးတူးဆွရှာဖွေနေမှာထက် မြေကြီးထဲမရောက်ခင်မှာ ကာကွယ်ထိန်းသိမ်းကြမယ်ဆိုရင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာကိုများစွာအထောက်အကူပြုနေမှာ ဖြစ်ပါတယ်။ ဥပမာ ကျိုင်းတုံကဟော်နန်းဆိုရင် မြေကြီးထဲမရောက်ခင် ဟိုတယ်ဖြစ်သွားတာ ဟော်နန်းကနေဟိုတယ် ဖြစ်သွားရတာ စိတ်မကောင်းစရာ သမိုင်းဝင်အဆောက်အဦး သမိုင်းအမွေနှစ်တွေဆုံးရှုံးမှုကြီးပဲ ဖြစ်ပါတယ်။ မြေကြီးထဲက တူးဆွလို့ရတဲ့ရှေးဟောင်းအထောက်အထား ပုတီးစေ့လေးတွေ၊ အကြွေစေ့လေးတွေကိုတောင်မှ တန်ဖိုးထားအမြတ်တနိုး ရှာဖွေနေကြတာ မြေကြီးပေါ်မှာရှိနေသေးတဲ့ တိုင်းရင်းသားအမွေအနှစ်တွေကိုလျစ်လျူရှုခံရတာဟာ မဖြစ်သင့်တဲ့ကိစ္စလို့ ထင်မြင်ယူဆမိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းကြောင်းအချိန်ကာလပေါ်ကိုရောက်လာတဲ့နောက်ဖြစ်စဉ် တစ်ခုကတော့ ကျွန်တော်တို့တိုင်းရင်းသားများရဲ့ အမျိုးသားနေ့၊ ပြည်နယ်နေ့ကိစ္စများဖြစ်ပါတယ်။ ပြည်ထောင်စုနေ့ မတိုင်မီ ဖြစ်ပေါ်၊ ဖြစ်ထွန်းခဲ့တဲ့ ရှမ်းအမျိုးသားနေ့ဟာ ပစ်ပယ်ထားလို့မရတဲ့ သမိုင်းဝင်အထင်ကရနေ့ ဖြစ်ပါတယ်။ ခေတ်အဆက်အဆက် အုပ်ချုပ်ရေး ယန္တရားတွေကြောင့် အမြင်တွေတောင်မှ အမျိုးမျိုး ပြောင်းပြီးတော့ လုပ်ဆောင်ကျင်းပခဲ့လို့ အထင်အမြင်လွဲမှားမှုခံရတဲ့ အနေအထားကို ရောက်ခဲ့ရတဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ဟာ ရှမ်းအမျိုးသား နေ့လို့သတ်မှတ်ပြီး အားလုံးအသိအမှတ်ပြုခဲ့ကြပါတယ်။ နောက်ပိုင်းမှာ ရှမ်းပြည်နယ်နေ့လို့ ပြောင်းလဲသွားပါတယ်။ ဘာကြောင့် ဒီလိုပြောင်းလဲသွားတယ်ဆိုတာ မျိုးဆက်သစ်တွေ ကလေးတွေ မေးတဲ့အခါမှာ ကျွန်တော်တို့ကလည်းပဲဝေ့လည်ကြောင် ပတ်ဖြေကြားခဲ့ရပါတယ်။ ဒဲ့တိုးဖြေရင် လူမျိုးရေးအမြင်ကျဉ်းတယ်လို့ အပြောခံရမှာအထင်လွဲခံရမှာစိုးလို့ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားမှာချည်း မဟုတ်ပါဘူး။

တခြားကျန်တဲ့တိုင်းရင်းသားတွေရဲ့ အမျိုးသားနေ့ သတ်မှတ်ထားရှိမှုများလည်းပဲ ဒီလိုပဲပြောင်းလဲ ခေါ်ဝေါ်ခြင်း ခံကြရတဲ့ဖြစ်ရပ်များစွာရှိကြပါတယ်။ လူမျိုးစုကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ရှိရင်းစွဲ သမိုင်းကြောင်းပေါ်ရောက်နေတဲ့ အထိမ်းအမှတ်နေ့ကိုတော့ အရှိကိုအရှိတိုင်း ကျင်းပခွင့်ရကြမယ် ဆိုရင် အုပ်ချုပ်ရေးယန္တရားက စိုးရိမ်သလိုမဟုတ်ပဲ ပကတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မြဲစေမယ်လို့ ထင်မြင်ပါတယ်။ တိုင်းရင်းသားများဟာ မိမိတို့အရေးကိစ္စကို မိမိတို့ကိုယ်တိုင် ဆောင်ရွက်တဲ့အခါမှာ ခင်ဗျားတို့က ကျဉ်းမြောင်းတဲ့ လူမျိုးရေး စိတ်ပဲရှိတယ်လို့ အထင်ခံရတာ၊ အပြောဆိုခံရတာ တော်တော်နားလည်ရခက်ခဲတဲ့ အနေအထား ဖြစ်ပါတယ်။ လူတိုင်းလူတိုင်းမှာ မွေးနေ့ကိုယ်စီရှိကြပါတယ်။ အဲဒီမွေးနေ့ဟာ မိမိရဲ့ ကိုယ်ပိုင်အမျိုးသားနေ့ ဖြစ်ပါတယ်။ မွေးနေ့မရှိဘူးလို့ပြောတဲ့သူဟာ ကြပ်မပြည့်တဲ့သူပဲ ဖြစ်ပါ လိမ့်မယ်။ လူတိုင်းကိုယ်စီရှိကြတဲ့ မွေးနေ့ကို အားလုံးက အသိအမှတ်ပြု လေးစားကြပါတယ်၊ မွေးနေ့ပွဲတွေ ကျင်းပကြပါတယ်။ ဆုတောင်းပွဲတွေ ကျင်းပကြပါတယ်၊ ဒီလိုပါပဲ တိုင်းရင်းသားတွေရဲ့ သမိုင်းဝင် အမျိုးသားနေ့ကို မွေးနေ့လို သဘောထားနိုင်ကြမယ်ဆိုရင် ခိုင်မာတဲ့ စည်းလုံးညီညွတ်ရေးကိုပိုပြီး ရရှိနိုင်ကြလိမ့်မယ်လို့ ထင်မြင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာပေါ်မှာ သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုတဲ့ ကဏ္ဍထိပ်တန်းမှာ ရောက်နေပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲရှိကြတဲ့ တိုင်းရင်းသား တွေဟာ နှစ်ပေါင်းရာထောင်ချီပြီး ဒီဒေသ၊ ဒီသဘာဝပတ်ဝန်းကျင်နဲ့အတူ နေထိုင်လာကြလို့ သဘာဝ ပတ်ဝန်း ကျင်နှင့် တစ်သားတည်း ဖြစ်နေကြပါပြီ။ သက်မဲ့သဘာဝပတ်ဝန်းကျင်ကိုတောင်မှ ဖျက်ဆီးဖို့ထက် ထိန်းသိမ်းဖို့ အလေးထားနေကြတဲ့ ဒီကမ္ဘာကြီးမှာ သက်ရှိဖြစ်တဲ့ တိုင်းရင်းသားတွေရဲ့ အနေအထား ကို မပျက်မစီးအောင်၊ ရေရှည်တည်တံ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြမယ်ဆိုရင်ဖြင့် စစ်မှန်တဲ့၊ ခိုင်မာတဲ့ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် များစွာ အထောက်အကူပြုလိမ့်မယ်ဟု ယုံကြည်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုတော့ ထိန်းသိမ်းပြီး အဲဒီ သဘာဝပတ်ဝန်းကျင်မှာ ပေါက်ဖွားနေထိုင်ကြတဲ့ တိုင်းရင်းသားများ ပျောက်ကွယ်သွားကြမယ်ဆိုရင် သဘောဝကို ထိန်းသိမ်းရကျိုးနပ်မယ် မထင်ပါဘူး။ အင်းလေးဒေသပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ ကြိုးစားကြပေမယ့် အင်းလေးဒေသက တိုင်းရင်းသားယဉ်ကျေးမှုတွေ ပျောက်ကွယ်သွားမယ်ဆိုရင် သဟဇာတ ဖြစ်မယ်မထင်ပါဘူး။ တိုင်းရင်းသားတွေဟာ မိမိသမိုင်း၊ မိမိယဉ်ကျေးမှု၊ မိမိကိုယ်ပိုင် လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လုပ်ဆောင်ရမယ့်တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်

ရာမှာ အုပ်ချုပ်ရေးယန္တရားက အဟန့်အတားမဖြစ်ဖို့က အင်မတန်မှ အရေးကြီးတဲ့အချက်တစ်ချက် ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားများရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ ထုံးစံများကို မှတ်တမ်းစွယ်စုံ ကျမ်းပြုစုရေးအဆိုဟာ ပိုတန်ဖိုးကြီးမားတဲ့ ပစ္စည်းများ မြေကြီးထဲ မရောက်ခင် ကာကွယ်ထိန်းသိမ်းရေးအတွက် များစွာအထောက်အကူဖြစ်စေတဲ့အတွက် ၎င်းအဆိုကို တင်သွင်းသူ ဒေါက်တာချမ်းငြိမ်းအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ၎င်းအဆိုအား လေးလေး နက်နက်နဲ့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းမြင့်ဦး၊ မိုင်းပန်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်ဦး ( မိုင်းပန်မဲဆန္ဒနယ် )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ဖြစ်ပါတယ်။ ကန့်ဘလူမဲဆန္ဒနယ်က ဒေါက်တာချမ်းငြိမ်းတင်သွင်းသွားတဲ့အဆိုကို တစ်ထောင့်တစ်နေရာက အနည်းငယ်ပဲဖြစ်ဖြစ် အထောက်အပံ့ဖြစ်စေလိုတဲ့အတွက် အင်းတိုင်းရင်း သားများရဲ့သမိုင်း ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့၊ ထုံးတမ်းများနဲ့ပတ်သက်ပြီး အကျဉ်းသဘောမျှ ဥပမာပြဆွေးနွေး တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးတစ်မျိုးဆိုတာ ကျွန်တော် ယုံကြည်တာကတော့ (၁) မိမိမျိုးနွယ် ဘိုးဘေးဘီဘင်မိဘများအခြေချနေထိုင်လာတဲ့ နေရာဒေသ အတိုင်း မိမိရဲ့ ဇာတိချက်ကြွေ၊ သက်ဆိုင်မြေရှိသူမျိုး ဖြစ်ရပါမယ်။ (၂) နီးစပ်ရာလူမျိုးတစ်မျိုးရဲ့ စကားမဟုတ်ပဲ ကိုယ်ပိုင်ဒေသန္တရ စကားရှိသူမျိုးဖြစ်ရပါမယ်။ (၃) ကိုယ်ပိုင်စာပေအရေးအသား လည်း ရှိရပါမယ်။ (၄) ကိုယ်ပေါက်လက်ရောက် ခန္ဓာကိုယ်နဲ့ မျက်နှာပုံစံအားဖြင့် နိုင်ငံတွင်းသားများနဲ့ သိပ်မကွာခြားလှတဲ့ သီးခြားရုပ်သွင်ရှိရပါမယ်။ (၅) ကိုယ်ပိုင်ဓလေ့ထုံးတမ်းတွေရှိသူမျိုး ဖြစ်ရပါမယ်။ ဒီအချက် ၅ ချက်နဲ့ ပြည့်စုံသူတွေဟာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုး စစ်စစ်တွေ ဖြစ်ကြပါတယ်။ အင်းသားတွေဟာ ဒီအချက် ၅ ချက်နဲ့ ကိုက်ညီတဲ့ မြန်မာနိုင်ငံရဲ့တိုင်းရင်းသားလူမျိုး လက္ခဏာတွေနဲ့ ပြည့်စုံသူတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ရဲ့ဘိုးဘွားမိဘတွေ ရှေးပဝေသဏီကတည်းက အစဉ် အဆက်နေထိုင်လာတဲ့ ရှမ်းပြည်နယ် အင်းလေးကန်ဒေသဟာ ကျွန်တော်တို့ရဲ့ ဇာတိချက်ကြွေ သက်ဆိုင်မြေဖြစ်ပါတယ်။ အင်းသားအမွေခံ သက်ဆိုင်မြေရှိပါတယ်။ အင်းသားတွေ ပြောဆိုတဲ့ စကားဟာ နီးစပ်ရာအခြားလူမျိုးရဲ့စကားနဲ့ ပြောဆိုတာမဟုတ်ပါဘူး။ မိမိဘိုးဘွားမိဘအစဉ်အဆက် ပြောဆိုလာတဲ့ အမွေခံစကားဖြစ်ပြီး ကိုယ်ပိုင်ဒေသန္တရစကား အခေါ်အဝေါ်အသုံးအနှုန်းနဲ့ ကိုယ်ပိုင်ဟန်တွေရှိပါတယ်။ ကိုယ်ပိုင်စာပေဖြစ်တဲ့ ပေ၊ ပုရပိုက်နဲ့ရေးတဲ့ စာပေ၊ ပုံနှိပ်စာပေ၊

တေးကဗျာ၊ အလင်္ကာပေတွေရှိပါတယ်။ ကဗျာ၊ အလင်္ကာ ရေးပုံဆိုပုံ အင်မတန်လှပတဲ့ တိုက်တေးစာအုပ်၊ တိုက်တေးစာတမ်းများ အထင်အရှား ရှိပါတယ်။ အထူးသဖြင့် ကုန်းဘောင်ခေတ်ဦးက အင်းသားစာဆိုဦးထင်ကြီးဆိုသူလည်း ရှိခဲ့ဖူးပါတယ်။ အင်းသားများဟာ ကိုယ်ပေါက်လက်ရောက် ခန္ဓာကိုယ်နဲ့ မျက်နှာပုံစံအားဖြင့် မြန်မာနိုင်ငံရဲ့ တခြားသော တိုင်းရင်းသားလူမျိုးများနဲ့ မကွာခြားလှပါဘူး။ အင်းတိုင်းရင်းသားများ မှာကိုယ်ပိုင်ဓလေ့ ထုံးတမ်းတွေရှိတဲ့အပြင် ကိုယ်ပိုင်ဓလေ့ထူးတွေလည်း ရှိနေပါတယ်။ ဥပမာအားဖြင့် အင်းရေ မျက်နှာပြင်ပေါ်မှာ ဟင်းသီးဟင်းရွက် စိုက်ခင်းကြီးများစိုက်ပျိုးခြင်း၊ အခြားမည်သည့်တိုင်းပြည်မှာမှ မရှိတဲ့ ခြေထောက်နဲ့ လှေလှော်ခတ်ခြင်း စသည်တို့ဖြစ်ပါတယ်။ ရှေးသမိုင်းကြောင်းအနေနဲ့ ကျောက်ခတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် အထောက်အထားများစွာ ရှိနေပါတယ်။ အနော်ရထာ၊ အလောင်းစည်သူ၊ နရပတိစည်သူစတဲ့ ရှေးမြန်မာမင်းအဆက်ဆက်တို့က အင်းလေး ဒေသမှာ ပြုခဲ့ကြတဲ့ ဘာသာရေးကောင်းမှုကုသိုလ်များနဲ့ဆိုင်တဲ့ ပေ၊ ပုရပိုက် မှတ်တမ်း တွေရှိပါတယ်။ အင်းလေးဖောင်တော်ဦးဘုရားဟာ ပုဂံနဲ့ အင်းလေးဒေသဆက်သွယ်မှု ကြီးမားတာရဲ့ သမိုင်းသက်သေ ဖြစ်ပါတယ်။ သာသနာရေးအနေနဲ့ အင်းလေးဒေသတစ်ခုလုံး ခေတ်အဆက်ဆက်က ဘုရားစေတီ ကျောင်းကန်စတဲ့ သာဿနိက အဆောက်အဦများစွာ ဆောက်လုပ်လှူဒါန်းခဲ့ကြပါတယ်။ အင်းလေး ကန်အနောက်ဘက်ကမ်းရှိ ရွှေအင်းတိမ် စေတီစုအတွင်းမှာ ပုဂံခေတ်စေတီ ၂ ဆူ ယခုတိုင် ရှိနေ ပါသေးတယ်။ ဘိုးတော် ဗဒုံမင်းလက်ထက်မှာ တစ်နိုင်ငံလုံး ရွှေဂူစေတီ ၂၃၀ တည်တဲ့အခါ အင်းလေး ဟဲယာရွာမှာလည်း ရွှေဂူစေတီတစ်ဆူ တည်ခဲ့ပါတယ်။ ဘကြီးတော်မင်းတရား လက်ထက်မှာ ရှမ်းပြည်နယ်က ဆရာတော် ၃၆ ပါးကို ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရာမှာ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့ကိုတော့ အင်းလေးရွာမှ ဆရာတော် အရှင်နန္ဒမဥ္စူကို ဆက်ကပ်ခဲ့ပါတယ်။ အင်းသားများဟာ ဗုဒ္ဓဘာသာကို အလွန်ယုံကြည်ကိုးကွယ်သူများ ဖြစ်ကြပါတယ်။ အင်းလေးကန်ရဲ့ အနောက်ဘက်ကမ်း တစ်လျှောက် တည်ထားခဲ့တဲ့ စေတီပေါင်း ရာထောင်မကတွေဟာ ဗုဒ္ဓဘာသာဝင် အင်းသားတွေရဲ့ ဒါန၊ သီလ၊ ဘာဝနာ အမှတ်အသားတွေပဲ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ဖြစ်ကြပေမယ့် ရိုးရာ နတ်ကိုးကွယ်မှုလည်း မကင်းလှသူတွေဖြစ်ကြပါတယ်။ရှေးအင်းသားများဟာ ခိုင်မာတဲ့ သမိုင်း၊ မှတ်တမ်းမှတ်ရာများကို ပြုစုလေ့ရှိပါတယ်။ အခြားသော တိုင်းရင်းသားများတို့ရဲ့ မှတ်တမ်း၊ စွယ်စုံ ကျမ်းအတွက် အသုံးဝင်မယ့် မှတ်တမ်းမျိုးလည်း ထားရှိကြပါတယ်။ ခရစ်နှစ် ၁၀၈၂ ခုနှစ် ဗဒုံမင်း လက်ထက် ရှေးနှစ်ပေါင်း ၂၁၀ ခန့်က သမိုင်း စစ်တမ်းတစ်ခုလည်း ရှိပါတယ်။

လူဦးရေပေါင်း ၁၁၁၆၆ ယောက်၊ နောက်တိုးစာရင်း ၉၃၁ ယောက်စသည်ဖြင့် လူဦးရေမှတ်တမ်းတင် ရေးသားခဲ့ တာတွေကိုလည်း တွေ့ရှိလေ့ လာသိရှိခဲ့ရပါတယ်။ ၁၇၈၇ ခုနှစ် သက္ကရာဇ်စာမှာ ကုန်းဘောင်ခေတ်ဦးက အင်းသားစာဆိုတစ်ဦးဖြစ်တဲ့ ဦးထင်ကြီးက ရွှေအင်းဝက တာချပြန်သော် ခြောက်သောင်းကျော်တွင် ငွေခွန်ဆက်သွင်း သတင်းသညာ အင်းလေးရွာလို့စပ်ဆိုထားရာ အင်းဝ နေပြည်တော်နှင့် အင်းလေးငွေ ခွန်မှူးနေထိုင်ရာ ဟဲယာရွာမဟာ တာပေါင်း ၆၀၀၀၀ ကျော်ကွာ ဝေးကြောင်း၊ အင်းဝနေပြည်တော်နှင့် အင်းလေးဒေသဟာ ၁၁၉.၃၁ မိုင်ဝေးကြောင်း၊ အင်းလေးဒေသ မှာ အဓိကရွာကြီးလေးရွာ တည်ထား ရှိကြောင်း သမိုင်းမှတ်တမ်းတင် ထားရှိခြင်း ဖြစ်ပါတယ်။ အင်းသားတွေဟာ အနီးပတ်ဝန်းကျင် ဒေသရှိ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ ဓနော့၊ တောင်ရိုးစတဲ့ တိုင်းရင်းသားတွေနဲ့ နှစ်ပေါင်းများစွာ အနီးကပ် ပူးတွဲနေထိုင်လာခဲ့ကြပေမယ့် ခိုက်ရန်ဖြစ်လေ့ဖြစ်ထ မရှိကြပါ။ မကျေနပ်ချက်များ၊ အငြင်းပွားချက်များ ပြုလုပ်လေ့မရှိကြပါ။ တစ်မြေတည်းနေ တစ်ရေတည်းသောက် အခြားတိုင်းရင်းသားများနှင့် ချစ်ခင် အေးချမ်းစွာနှင့် ဆွေမျိုးရင်းချာပမာ နေထိုင်တတ်သူများ ဖြစ်ကြပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကတော့ ရှမ်းပြည်နယ် အင်းလေးဒေသက အင်းတိုင်းရင်းသားတို့ရဲ့ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့မှတ်တမ်း စွယ်စုံကျမ်းမှာ ပါဝင်မှတ်တမ်းတင်ထားရှိပြုစုနိုင်ရေး အတွက် အကျဉ်းသဘောမျှ တင်ပြရခြင်း ဖြစ်ပါတယ်။ လူမျိုးတစ်မျိုးရဲ့ သမိုင်း၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ပျက်သုဉ်းကွယ်ပျောက်ပါက လူမျိုးပါအလွယ်တကူ မလွဲမသွေ ကွယ်ပျောက် သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အင်းတိုင်းရင်းသားများအပြင် အခြားသော မြန်မာ တိုင်းရင်းသားစစ်စစ်များအနေဖြင့်လည်း ၎င်းတို့ရဲ့ ဖြစ်တည်မှု သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ စာပေ အနုပညာ၊ ဓလေ့ထုံးတမ်းများ ရှိနေကြပါတယ်။ လူမျိုးမပျောက်ကွယ် မတိမ်ကောစေဖို့၊ ရေရှည် တည်တံ့စေဖို့ ၎င်းတို့အနေဖြင့်လည်း မှတ်တမ်းများ၊ စွယ်စုံကျမ်းများ ပြုစုထားရှိလိုကြမှာ အမှန်ပဲ ဖြစ်ပါတယ်။ ယခုအခါ မြန်မာသိ၊ ကမ္ဘာကျော် အင်းလေးကန်၊ အင်းလေးဒေသရှိ အင်းလူမျိုးများရဲ့ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများကို နောင်မျိုးဆက်သစ် အင်းလူမျိုးများနဲ့ မြန်မာတိုင်းရင်းသားများ သိရှိလေ့လာနိုင်ရန် မှတ်တမ်းကျယ်ကျယ်ပြန့်ပြန့် တစုတစည်းထဲ ပြုစု မှတ်တမ်း တင်ထားရှိနိုင်ရေး အမှန်တကယ်လိုအပ်နေပြီဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၂ (က) မှာလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အဆိုမှာပါတဲ့ မှတ်တမ်း သို့မဟုတ် စွယ်စုံကျမ်းကို

ကျယ်ကျယ် ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ပြုစုထားရှိလေ့လာနိုင်ခြင်းအားဖြင့် နောင်သားစဉ်မြေးဆက် တိုင်းရင်းသား အချင်းချင်း တစ်ဦးကိုတစ်ဦးယုံကြည် လေးစားစွာ တန်းတူရည်တူချစ်ခင်ရင်းနှီး ဥမကွဲ သိုက်မပျက် အတူယှဉ်တွဲ နေထိုင်လိုစိတ် ပိုမိုရရှိလာနိုင်ပါတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ပိုမိုရှင်သန်ခိုင် မာလာနိုင်ပါတယ်။ ကမ္ဘာအလယ်မှာလည်း မြန်မာတိုင်းရင်းသားလူမျိုးတစ်ယောက် ဖြစ်ရတာ ဂုဏ်ယူ ဝင့်ကြွားနိုင်ပါလိမ့်မယ်။ အခြားတိုင်းတစ်ပါးသားတို့ရဲ့ ယဉ်ကျေးမှုဓလေ့ထုံး တမ်းတွေအပေါ် အထင်ကြီး စိတ်တွေ လျော့ပါးလာနိုင်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (ခ) ကိုလည်း အကောင် အထည်ဖော်ရာရောက်ပါမယ်။ ဒါ့ကြောင့် ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းတင်သွင်းတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်း စွယ်စုံကျမ်းပြုစုရေးအဆိုကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူပြီး လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစီခန်ရမ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစီခန်ရမ်(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့တွင် ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းတင်သွင်းခဲ့သော မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့သမိုင်း ယဉ်ကျေးမှု၊ စာပေဓလေ့ ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်းထားရှိရေးအဆိုကို ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစီခန်ရမ်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် နေထိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည်ပြုပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ နယ်ချဲ့ဆန့်ကျင် ရေးကာလတွင် တိုင်းရင်းသားလူမျိုးအားလုံးသည် မိမိတို့နေထိုင်ကြရာ ဒေသအသီးသီး၌ ရရာလက်နက်ဖြင့် တော်လှန်ခဲ့ကြပါတယ်။ သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဓာတ်သည် တိုင်းရင်းသား လူမျိုးအားလုံး၌ ခိုအောင်းနေခြင်းကြောင့် ဖြစ်ပါတယ်။ သွေးချင်းသားရင်းများဖြစ်၍ အရေးကြီးရင် သွေးနီးကြပြီး နယ်ချဲ့ကို ဆန့်ကျင်ကြခြင်းဖြစ်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှု ဖြစ်စဉ်တွင် တစ်မျိုးသားလုံး တလုံးတဝတည်း ဖြစ်နေသည်ကို နယ်ချဲ့အင်္ဂလိပ်သိရှိကြ၍ ကိုလိုနီ

ခေတ်တွင်ရေးသားသော သမိုင်းအဖြစ်အပျက်များကို သတင်းစာ၊ ပြန်တမ်း၊ ဆောင်းပါးများ ရေးသားရာ၌ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲစရာနဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးနဲ့တစ်မျိုး မုန်းတီးစရာ ရေးသားမှတ်တမ်းတင်ထားကြသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေရန်နှင့် တိုင်းရင်းသားအချင်းချင်း သံသယဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။ ဥပမာ ၁၉၇၁ ခုနှစ်၊ မတ်လထုတ် ဗိုလ်တထောင် သတင်းစာပါ မြစ်ဖျားဧရာရောင်စုံဖြာဆောင်းပါး၌ နာမည်ကျော် သတင်းစာဆရာကြီး တစ်ဦးက ရဝမ်တိုင်းရင်းသားများ လူမျိုးများရဲ့ သမိုင်းကို မမှန်မကန် ရေးသား၍ လူထုဆန္ဒပြမှုဖြစ်ပွားပြီး ဆောင်ပါးရှင်၏ကိုယ်တိုင် ဗိုလ်တထောင်သတင်းစာတွင် ဝန်ချတောင်းပန်၍ ယင်း၏ဆောင်းပါးကို ရုပ်သိမ်းခဲ့သော ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင် တိုင်းရင်းသား လူမျိုးများ၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို နိုင်ငံအနှံ့ကွင်းဆင်းလေ့လာ၍ တိုင်းရင်းသား လူမျိုးများ၏ ရိုးရာစာအုပ်များ ထုတ်ဝေခဲ့ပါတယ်။ အဆိုပါစာအုပ်များတွင်လည်း ပြည့်စုံမှုမရှိတဲ့အပြင်၊ လေ့လာတွေ့ရှိရတဲ့အပြင် ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် မထုတ်ဝေနိုင်ခဲ့၍ တိုင်းရင်းသား လူမျိုးများရဲ့ သမိုင်းစာပေ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းများ အလွန်နည်းပါးနေသည်ကို တွေ့ရပါတယ်။ ယခုလက်ရှိ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာ၌ မီဒီယာအခန်းကဏ္ဍသည် အလွန်အရေးကြီးပါတယ်။ လက်ရှိဂျာနယ်၊ မဂ္ဂဇင်း၊ ဆောင်းပါးများတွင်လည်း တိုင်းရင်းသား လူမျိုးများရဲ့အကြောင်းနဲ့ ပတ်သက်၍ ရေးသားကြရာတွင် နယ်ချဲ့ရဲ့အမွေဆိုးများဖြစ်သော မမှန်မကန် ရေးသားမှုကို အခြေခံ၍ ရေးသားကြသည်ကို လေ့လာဖတ်ရှုရပါတယ်။ သက်သေသာဓကအားဖြင့် ပြရမယ်ဆိုရင် မြန်မာပြည် မြောက်ဖျား ခါကာဘိုရာဇီသဘာဝ ဥယျာဉ် လေ့လာရေးခရီး ရောက်ခဲ့ ဖူးသော နိုင်ငံခြားသားတစ်ဦးက Beyond the Last Wading စာအုပ်တွင် လည်းကောင်း၊ နိုင်ငံခြားခရစ်ယာန်သာသနာပြု ဆရာတစ်ဦးက The Doubt Purpose Cabin Most From စာအုပ်တွင်လည်းကောင်း ရဝမ်တိုင်းရင်းသားများရဲ့ ဂုဏ်သိက္ခာကို ထိပါးညှိုးနွမ်းစေသော ရေးသားမှုများရေးခဲ့သည်ကို ဖတ်ရှု လေ့လာရပါတယ်။ ဤကဲ့သို့ မှားယွင်းစွာ ရေးသားခြင်းသည် ယင်းတို့နှင့်ပေါင်းသင်းဆက်ဆံနေသော နိုင်ငံခြားသားများနှင့် ဧည့်လမ်းညွှန်များသည် တိုင်းရင်းသားလူမျိုးများရဲ့ သမိုင်းစာပေ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းများကို ကိုယ်တိုင်လေ့လာမှု

မရှိဘဲ နယ်ချဲ့အင်္ဂလိပ် လက်ထက်ရေးသားခဲ့သော စာအုပ်စာတမ်းများကို ကိုးကားဖတ်ရှုပြီး မှားယွင်းစွာ ကိုးကားကြခြင်းဖြစ်သည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးအသီးသီးသည် မိမိတို့ရဲ့ချစ်ခင်မြတ်နိုးသော စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို စနစ်တကျမှတ်တမ်းတင်ရေးသား ပြုစုလျက်ရှိကြပါတယ်။ စာပေနှင့် ယဉ်ကျေးမှုကော်မတီများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရရှိပြီး မိမိတို့ရဲ့သမိုင်းဖြစ်ရပ် အမှန်ကို ဖော်ထုတ်နေကြပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုး(၁၀၀)ကျော် ရှိသော်လည်း ဆင်းသက်ရာလမ်းကြောင်း အခြေချနေထိုင်ကြရာဒေသပေါ် မူတည်ပြီး စကားစာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အနည်းငယ်ကွဲပြားမှာ ဖြစ်ပါတယ်။ သို့သော်လည်း တစ်အူတုံဆင်း၊ တစ်မြေတည်းနေ၊ တစ်ရေထဲသောက်တဲ့ သွေးချင်းသားချင်းများဖြစ်ကြ၍ တိုင်းရင်းသားအားလုံးရဲ့ သမိုင်းစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အလွယ်တကူလေ့လာနိုင်ရန် စွယ်စုံကျမ်း ပြုစုထားရှိရေးသည် အမှန်တကယ်လိုအပ်နေသည်ကို တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားလူမျိုးစည်းလုံးညီညွတ်ရေးပိုမိုကျစ်လျစ်ခိုင်မာ စေရန် ပြည်ထောင်စုတိုင်းရင်းသားများရဲ့ အကြောင်းကို မြန်မာနှင့်ကမ္ဘာက အလွယ်တကူ လေ့လာ သိရှိနိုင်ရန် ကန့်ဘလူ မဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း တင်သွင်းခဲ့သော မြန်မာနိုင်ငံ တိုင်းရင်းသားများရဲ့သမိုင်း ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ မှတ်တမ်း စွယ်စုံကျမ်း ပြုစုရေးသားခြင်း အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ညို စစ်တွေမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ဂါရဝပြုလျက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစချင်းတော့ ကျွန်တော်တစ်ခုပြောချင်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ (၁၉)ရက်မြောက် အစည်းအဝေးအစီအစဉ်မှာ ကျွန်တော်တို့ စွယ်စုံကျမ်းဆိုတာ ပါခဲ့ပါတယ်။ မှတ်တမ်းစွယ်စုံ ဒီနေ့ကျတော့ မှတ်တမ်းစွယ်စုံပျောက်သွားပါတယ်။ ကျွန်တော်တို့ စွယ်စုံလုပ်တဲ့အခါ အဲဒီလို

စွယ်စုံပျောက်သွားရင်တော့ ကျွန်တော်တို့ စွယ်စုံမဖြစ်တော့ဘူး။ အကုန်လုံး အဓိပ္ပာယ်မရှိဘူး ဖြစ်သွားပါလိမ့်မယ်။ အဲဒီဥစ္စာ ၁၃ ရက်အကြာမှာ အဲဒီစွယ်စုံ ပျောက်သွားပါတယ်။ ဒီမှာ ဒေါက်တာချမ်းငြိမ်း၊ ကန့်ဘလူမဲဆန္ဒနယ်၏ မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ မှတ်တမ်းတင် အဲဒီစွယ်စုံကျမ်းမပါတော့ဘူး။ ပြုစုထားရှိရေး အဆိုကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ဆွေးနွေးဖို့ဆိုပြီးတော့ အစီအစဉ်မှာ ပါဝင်နေပါတယ်။ အဲဒါလည်း ကျွန်တော်တို့ ဟာကွက်တစ်ခုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတိုင်းရင်းသားများဆိုသော ဝေါဟာရသည် မြန်မာပြည်၌ ဘိုးဘေးစဉ်လာ ရှေးပဝေသဏီကပင် နေထိုင်လာခဲ့သည့် ဒေသခံတို့ကို ဆိုလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်က ရခိုင်ရာဇဝင်ပြောရင်တော့ ရှည်နေဦးမှာပဲ။ တိုတိုလေးပဲ ပြောပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၏ ရာဇဝင်ကတော့ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် ဒီသုံးခေတ်၊ လေးခေတ်ကို ဖြတ်သန်းပြီးတော့ လာခဲ့ရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ဘက်တံခါးကို စောင့်ရှောက်ကာကွယ်နေသော ဒေသခံ ရခိုင်၊ သက်၊ မြို၊ ခမီ၊ ဒိုင်းနက်နဲ့ မရမသီးများသည်သာ တိုင်းရင်းသားအစစ်အမှန်ဖြစ်ပါသည်။ ကျွန်တော်က ရခိုင်ပြည်နယ် တိုင်းရင်းသားမျိုးနွယ်စုဖြစ်နေ၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းပေးထားတဲ့ အားကစား၊ ယဉ်ကျေးမှုနဲ့ ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးမှုကော်မတီတွင် ယဉ်ကျေးမှု ကော်မတီဝင် ဖြစ်နေ၍လည်းကောင်း၊ မြန်မာနိုင်ငံတိုင်းရင်းသား၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်းပြုစုရေးအဆိုကို ကြိုဆိုထောက်ခံပါတယ် ခင်ဗျား။ ကျွန်တော်သည် ရခိုင်ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးပေါင်းမြောက်မြားစွာကို ပန်းချီမင်းညိုကလောင်အမည်ဖြင့် ဒေသမဂ္ဂဇင်းတို့တွင် ရေးခဲ့ပါတယ်။ ထို့အတူ တိုင်းရင်းသားများ လူမျိုးအချင်းချင်း ယဉ်ကျေးမှုဖလှယ်နိုင်ရန် ဦးဦးဖျားဖျား ရခိုင်ဘာသာစကားဖြင့် သမိုင်းနဲ့ခေတ်ပေါ်ဇာတ်လမ်းများ၊ ရခိုင်ဗွီဒီယိုဇာတ်လမ်းများကို ကျွန်တော်တို့ ထုတ်လုပ်နေပါတယ်။ အခုထိ ထုတ်လုပ်နေပါတယ်။ သို့သော်ခေတ်မီနည်းပညာများ အားနည်းချက်ကြောင့် ဆောင်းပါးရေးရာတွင် နဂိုရှိရင်းစွဲ ရှေးဟောင်းလက်ရာများကို ပကတိအတိုင်း ဖော်ပြရန် ခက်ခဲပါတယ်။ ရုပ်ဝတ္ထုအစစ်အမှန်ကို ဖော်ပြလိုသော်လည်း ပန်းချီစွမ်းအားကို အသုံးပြုရ၍ အားရကျေနပ်မှုမရှိခဲ့ပါ။ ရှေးဟောင်း ရခိုင်နန်းတော်များ ပျက်စီးခဲ့သော်လည်း မြောက်ဦးခေတ်တွင် ဓာတ်ပုံရိုက်ကူးရေး မပေါ်ပေါက်သေးသဖြင့် အနောက်နိုင်ငံ ပေါ်တူဂီဘုန်းတော်ကြီး မန်နရိတ်နဲ့အတူပါလာတဲ့ ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားများကို ကျေနပ်နှစ်သိမ့်ခဲ့ရပါတယ်။ အင်္ဂလန်ရှေးဟောင်းပြတိုက် (Museum) တွင်

ရှေးဟောင်းပုံများ၊ ပုဂ္ဂိုလ်ရေးအရ ကူးယူရန်မစွမ်းဆောင်နိုင်ခဲ့ပါ။ အားနည်းချက်ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကျမ်းပြုလိုလျှင် တိုင်းတစ်ပါးတွင်ရှိသော ပစ္စည်းများကို ကူးယူရန်လွယ်ကူပါမည်။ ဒါကာပြတိုက် (Dacca Museum)၊ အင်္ဂလန်ပြတိုက်(England Museum)၊ ပေါ်တူဂီပြတိုက်များတွင် ရခိုင်နဲ့ဗမာ သမိုင်းအထောက်အထားများရှိပါတယ်။ အစိုးရချင်းဆက်သွယ်လျှင် ပြတိုက်များမှ ကူးယူ၍ လွယ်ကူပါမည်။ စွယ်စုံကျမ်းများ ပြုစုလိုပါက နိုင်ငံခြားပြတိုက်များတွင်ရှိသော မင်းအသုံးအဆောင်ပစ္စည်း၊ လူ့အသုံးအဆောင်ပစ္စည်းများကို လက်မလွှတ်ဘဲ မိတ္တူကူး၍ ဖော်ပြရန်အရေးကြီးပါတယ်။ မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ထုံးတမ်းများကို လစ်ဟင်းပါက စွယ်စုံမဖြစ်ဘဲ ဖြစ်နေပါလိမ့်မယ်။ ကျောက်စာ၊ ပေစာ၊ ခေါင်းလောင်းစာ၊ ရွှေတန်းကား၊ ငွေတန်းကား၊ ကျုံးမြောင်း၊ ပြအိုး၊ တနိုင်း၊ ဝတ်စားဆင်ယဉ်မှုပါမကျန် ခေတ်မီကိရိယာများဖြင့် အတိအကျကူးယူပြီး ကျွန်တော်တို့ တစ်ပင်တည်းမှာပေါက်တဲ့ အသီးတစ်ရာအညာတစ်ခု တိုင်းရင်းသား ၁၃၅ မျိုးအတွက် စွယ်စုံကျမ်းပြုစုနိုင်ပါမှ တိုင်းရင်းသားများ၏အကြောင်းကို မှတ်တမ်းတင်ရာလည်း ရောက်ပါမယ်။ ပီပြင်လာမည်ဖြစ်ပါတယ်။ ဒေါက်တာချမ်းငြိမ်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ ကျန်းမာကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဌေး၊ ထီးလင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဌေး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေးဖြစ်ပါတယ်။ အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လူမျိုးတစ်မျိုးမှာ ဘာသာ၊ စာပေသည် အလွန်အရေးကြီးပါတယ်။ ဘာသာစကားဆိုတာ လူမျိုးမပျောက်ကွယ်ဖို့အတွက် ကာလရှည်စွာအသက်တမျှ ထိန်းသိမ်းထားရမှာဖြစ်ပါတယ်။ ဒါကြောင့် မြေမျို၍ လူမျိုးမပျောက်၊ လူမျိုမှ လူမျိုးပျောက်တယ်ဆိုတဲ့စကား ရှိပါတယ်။ အရှင်းဆုံးဥပမာအနေဖြင့် မြန်မာ တိုင်းရင်းသားအချင်းချင်း တူနှစ်ကိုယ်မေတ္တာမျှလို့ ကလေးရလာရင် အမျိုးကိုချစ်တဲ့ ကိုမျိုးချစ် ကလေးများဖြစ်လာမှာမလွဲပါဘူး။ မြန်မာတိုင်းရင်းသားနဲ့ တိုင်းတစ်ပါးသားသွေးနှောရင် အမျိုး မစစ်သော လူမျိုးများဖြစ်ပြီး မျိုးရိုးတိမ်ကောမှုနှင့်အတူ ယဉ်ကျေးမှုဓလေ့များ ကွယ်ပျောက်ဖို့ အလွန်နီးတဲ့အတွက် မျိုးချစ်လူငယ်များ မျိုးချစ်စိတ်ရှိသူလူတစ်ဦးအနေနဲ့ အမျိုးပျောက်မှာ စိုးကြောက်၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းဖို့ လူတိုင်းမှာတာဝန်ရှိကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် နှိုးဆော်လိုက်ရပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယောဒေသရှိ

ယောတောင်သားလူမျိုးစုအကြောင်း အနည်းငယ်ရှင်းပြခွင့်ပြုပါခင်ဗျား။ ရှေးက ယောကို ဆောမြို့၊ ယောမြို့၊ လောင်းရှည်မြို့၊ ထီးလင်းမြို့ဟူသော ယောလေးမြို့ဖြင့် ဗုဒ္ဓဘာသာကိုကိုးကွယ်ခဲ့ ကြပါတယ်။ တစ်ဖန် တောင်သားအစပုပ္ပားကလို့ဆိုခဲ့ပါတယ်။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းဒုတိယတွဲ စာမျက်နှာ ၁၉ ၌ တောင်သားလူမျိုးများ ဆင်းသက်လာပုံလေ့လာမိပါတယ်ခင်ဗျား။ ဗမာ၊ ပျူ၊ ကန်းယန်၊ တောင်သား၊ တောင်သူ၊ ယော၊ ရခိုင်စသည်တို့သည် မျိုးနွယ်တူများဖြစ်ကြောင်း လေ့လာမိပါတယ်။ ယနေ့တိုင်း ထီလင်းမြို့နယ်၌ ၂၃ ရွာ၊ ဆောမြို့နယ်၌ ၁၂ ရွာ၊ ဂန့်ဂေါခရိုင်၌ ၃ ရွာရှိပြီး လူဦးရေ ၃၀၀၀၀ ကျော်ရှိပြီး စာစကားရှိပြီး လက်ရေးစာသားမရှိဘူးဖြစ်ပါတယ်။ တောင်သားစကားနဲ့ ထမင်းစားရအောင်ဆိုရင် တောင်သားစကားဖြင့် သာသောရီလို့ခေါ်ပြီး ယောစကားနဲ့ဆိုရင် ထမန်းစား ရအောင်လို့ပြောပါတယ်။ ရေကိုတော့ တွီလို့ခေါ်ပါတယ်ခင်ဗျား။ အဲ့ဒီစကားကိုလည်း ကျွန်တော်တို့ တောင်သားလူမျိုးများ ထိန်းသိမ်းစောင့်ရှောက်သွားရမှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မှတ်တမ်းများ ပြုစုတဲ့အခါမှာ သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုများကပါဝင်သင့်ကြောင်း အဆိုပြုပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုခေတ်ဟာ မီဒီယာခေတ်ဖြစ်လို့ တိုင်းတစ်ပါးမှ ယဉ်ကျေးမှု များဝင်ရောက်လွှမ်းမိုးလာခြင်းကို တွေ့မြင်နေရဆဲဖြစ်ပါတယ်။ သမိုင်းနှင့် ဓလေ့ထုံးစံများမပျောက် ပျက်ရအောင် မိမိတို့အမျိုးကို မိမိထိန်းသိမ်းခြင်း၊ မျိုးချစ်စိတ်ဓာတ်ကိုယ်ခံအားကောင်းအောင် သက်ဆိုင်ရာကျောင်းများ၌ တိုင်းရင်းသားစာပေများကိုသင်ကြားပေးခြင်း၊ အမျိုးသားစာရိတ္တ ပညာများကိုထိရောက်စွာသင်ကြားခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်း၊ တိမ်ကောစပြုနေသော လူမျိုးစုများ၏ယဉ်ကျေးမှုများကို လေ့လာဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းဖြင့် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ ကိုယ်စားလှယ်များမှပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်မှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေ နဲ့ ယနေ့အချိန်အခါဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တိုင်းရင်းသားတို့ ညီညာဖြဖြစုပေါင်း၍လျှောက်လှမ်းနေတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒေါက်တာ ချမ်းငြိမ်း၊ ကန့်ဘလူမဲဆန္ဒနယ်ရဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့သမိုင်း ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံများနှင့်ပတ်သက်၍ မှတ်တမ်းများပြုစုထားရှိရေးအဆိုကိုလေးနက်စွာ၊ လှိုက်လှဲစွာဖြင့် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးကျော်သီဟ၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်သီဟ(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်က ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ဖြစ်ပါတယ်။ ဒေါက်တာချမ်းငြိမ်းရဲ့အဆိုကို ကျွန်တော်ဆွေးနွေးဖို့ပြင်ဆင်ထားခဲ့ပါတယ်။ ဒီအဆိုကို ထောက်ခံတာ၊ ကန့်ကွက်တာဆိုတာထက် အကုန်လုံးကလည်းထောက်ခံမယ်ဆိုတာ ကျွန်တော် သိပြီးသားဖြစ်ပါတယ်။ ဒါထောက်လည်း ထောက်ခံရမယ့် မြန်မာနိုင်ငံတိုင်းရင်းသားအရေးနှင့် ပတ်သက်ပြီးတော့ တိုင်းရင်းသားတွေရဲ့စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံတွေဆိုတာ အင်မတန်အရေးကြီးပါတယ်။ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့တဲ့ အုပ်ချုပ်သူတိုင်းက ဒါကိုပြင်ဆင်ပြီး တော့မှ စာအုပ်စာတမ်းတွေရေးခဲ့တယ်။ မှတ်တမ်းတွေရေးခဲ့တယ်။ စွယ်စုံကျမ်းတွေပြုစုခဲ့တယ်ဆိုတာ လည်း သမိုင်းအထောက်အထားအရရှာဖွေပြီးဖြစ်ပါတယ်။ အဲ့ဒီအကြောင်းအရာကို ကျွန်တော် တော်တော်များများပြင်ဆင်ခဲ့ပါတယ်။ လွှတ်တော်မှာ ဒီလိုအကြောင်းအရာတစ်ခုကို အခုလိုအဆိုမျိုးကို ကျေကျေလည်လည်ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ရောက်နေတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များမှာ အထောက်အထားစာအုပ်စာတမ်းအင်မတန်အရေးကြီးပါတယ်။ လိုလည်းလိုအပ်ပါတယ်။ အဲ့ဒီ အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်အတွင်းမှာ စာရွက်စာတမ်းတွေကို လေ့လာနိုင်ဖို့အတွက် ဒီကနေပြီးတော့မှ တက္ကသိုလ်စာကြည့်တိုက်ကြီးတွေမှာ ကျွန်တော်တို့ ကြည့်ခဲ့ရသလိုမျိုးပဲ စာကြည့်တိုက်တွေ၊ စာအုပ်စာတမ်းတွေလေ့လာဖတ်ရှုခွင့် ကျွန်တော်တို့ အခွင့် အရေးတွေအများကြီးလိုအပ်ပါတယ်။ အဲ့ဒီအတွက်လည်းပဲ ကြုံတုန်းတင်ပြတာပါ။ ဒီနေ့ ကျွန်တော် ပြင်ဆင်ထားတဲ့ဟာတွေကိုလည်း အပြည့်အစုံပြောစရာမလိုတော့ပါဘူး။ ကျွန်တော်ထောက်ခံဆွေးနွေး မယ့်နေရာမှာ ဥက္ကဋ္ဌကြီးနေရာကနေပြီးတော့မှ ကျွန်တော်တို့ကို ပြည်ထောင်စုဝန်ကြီးဌာန အလိုက်ကနေပြီးတော့မှ ဘာတွေလုပ်ခဲ့တယ်။ ဘာတွေဆက်လုပ်မယ်ဆိုတာကို အတိအလင်းပြောသွား တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဘက်ကနေပြီးတော့မှ ဒါကိုဆက်ပြီးထောက်ခံပြီးတော့မှ ပြောနေ စရာ၊ ကန့်ကွက်စရာ ဘာအကြောင်းမှမရှိပါဘူး။ မဟုတ်လည်းပဲ ကျွန်တော်တို့ဘက်ကနေ ဒါကို လုပ်သင့်ပါတယ်။ လုပ်ရမှာပါ။ မှတ်တမ်းနှင့်ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ကျမ်းတွေနှင့်ပတ်သက်လို့ပဲ ဖြစ်ဖြစ်၊ ဘယ်နှစ်စောင်၊ ဘယ်လောက်ပဲထွက်ထွက်၊ ဘယ်လောက်အရေအတွက်ပဲထွက်ထွက် တန်ဖိုး ရှိပါတယ်။ အရေးကြီးပါတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်ထောက်ခံဆွေးနွေးမလို့ဖြစ်ပါတယ်။ သို့သော် ပြည်ထောင်စုအဆင့်ဝန်ကြီးတွေဘက်ကနေ ဒီလိုလာရောက်ဆွေးနွေးတယ်။ ဒီလိုလုပ်မယ် ဆိုတာကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အဆိုတစ်ခုအနေနဲ့ တင်ပြဆွေးနွေးစရာမလိုဘဲနဲ့

လုပ်လို့ရနေရဲ့သားနဲ့ ကျွန်တော်တို့ ဒီနေရာမှာဆွေးနွေးရတာကတော့ အချိန်လည်းကုန်ပါတယ်။ လူတွေလည်းပဲ အချိန်တွေကုန်ပြီးတော့မှ အလုပ်တွေပျက်ပါတယ်။ ဒီလိုဆွေးနွေးတဲ့ကိစ္စမှာ တကယ်တမ်းလိုအပ်တဲ့ ဒီကနေပြီးတော့မှ ပြဋ္ဌာန်းပြီးတော့မှ လုပ်သင့်တဲ့အလုပ်မျိုးကို ပိုပြီးတော့ လုပ်သင့်ပါတယ်။ မဟုတ်လည်းပဲနဂိုက ဝန်ကြီးဌာနက အင်မတန်ကောင်းတဲ့အလုပ်ကို လုပ်နေပါတယ်။ သူတို့ဆက်ပြီးတော့လည်း လုပ်ပါ့မယ်။ အဲ့ဒီလုပ်တဲ့နေရာမှာ ဝန်ကြီးဌာနတွေ၊ အစီအစဥ်တွေအင်မတန်လည်း ကောင်းပါတယ်။ အဲ့ဒီနေရာအတွက် အနည်းငယ်ပဲဖြည့်စွက်အကြံပြု ဆွေးနွေးချင်ပါတယ်။ အခု ပညာရေးဝန်ကြီးဌာနရော၊ ယဥ်ကျေးမှုဝန်ကြီးဌာနရော အကုန်လုံး ပူးပေါင်းပြီးတော့မှ ကော်မရှင်ဖွဲ့ပြီးတော့မှ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့ စာပေ၊ ယဥ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေကို မှတ်တမ်းတွေအနေနဲ့ ပြုစုမယ်လို့ပြောပါတယ်။ အစောတုန်းက ဦးမောင်ညိုပြောသလိုပဲ။ ဒီနေရာမှာ စွယ်စုံကျမ်း ကျန်ခဲ့တယ်ဆိုတဲ့ဟာလည်းပဲ အဆိုရှင် ပထမ ဆွေးနွေးတုန်းက စွယ်စုံကျမ်းဆိုတဲ့စကားလုံးပါပါတယ်။ ကျွန်တော်တောင်မှ စိတ်ပူပါတယ်။ စွယ်စုံကျမ်းဆိုတဲ့စကားလုံး ကျန်ခဲ့တဲ့အခါမှာ ဒီအဆိုများ ဘာလို့ပါလိမ့်ဆိုတဲ့သံသယဖြစ်ပါတယ်။ သို့သော် ဒီနေ့ ဒီအချိန်မှာတော့ ရှင်းပါတယ်။ စွယ်စုံကျမ်းရော၊ မှတ်တမ်းတွေနဲ့ရော တကယ့်ကို ခန့်ခန့်ထည်ထည်နဲ့ ဒီလိုအချိန်အတွင်းမှာ ကြိုးစားပြီးတော့ အလုပ်လုပ်မယ်လို့သိရပါတယ်။ ကျွန်တော် မန္တလေးတက္ကသိုလ်၊ သမိုင်းဌာနမှာ ကျောင်းဆရာအနေနဲ့ ၅ နှစ် အလုပ်လုပ်ခဲ့ဘူးပါတယ်။ ဒါကြောင့်မို့လို့ တက္ကသိုလ်မှာ သမိုင်းဌာနမှာ လူမျိုးစုတွေအလိုက် တိုင်းရင်းသားလူမျိုးစုတွေရဲ့ ကျမ်းတွေကို ပါမောက္ခတွေကနေပြီးတော့မှ ကြီးကြပ်ပြီးတော့မှ ကျမ်းတွေအများကြီး ပြုစုခဲ့ဖူးပါတယ်။ အဲ့ဒီကျမ်းတွေကို ပြုစုထားတာကြောင့်မို့လို့ ကျွန်တော်တို့ ပြုစုပြီးသား မျိုးစုတွေနဲ့ သုတေသနကျမ်း စာအုပ်တွေကို အဓိကပြုစုပြီးတော့မှ ကျန်နေတဲ့ဟာတွေလည်းပဲ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်အသီးသီးက သမိုင်းဌာန၊ မနုဿဗေဒဌာန၊ မြန်မာစာဌာန၊ ရှေးဟောင်း သုတေသနဌာနဆိုတဲ့ ရှေးဟောင်းနှင့်ပတ်သက်တဲ့ အကြောင်းအရာတွေကို ရှာဖွေဖော်ထုတ်ပြီးတော့မှ ဆရာဆရာမတွေနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်အကြီးအကဲတွေ၊ ရှေ့မီနောက်မီ တိုင်းရင်းသား အကြီးအကဲတွေ အပါအဝင် ပင်စင်စား၊ ဒေသအသီးသီးကိုရောက်ရှိ နေတဲ့လူကြီးတွေ စုပေါင်းပြီး တော့မှ ဒီလိုကော်မရှင်ဖွဲ့ပြီး မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့စွယ်စုံကျမ်းတွေ၊ မှတ်တမ်းတွေ ရေးထိုးဖို့ အတွက် အင်မတန်လိုလားပါတယ်။ အဲ့ဒီနေရာအတွက်လည်း အခုလိုနယ်ပယ်အစုံ၊ ကဏ္ဍအသီးသီး အစုံစုံကနေပြီးတော့ လူတွေပါပြီးတော့မှ သေချာဆွေးနွေးဖို့ လိုပါတယ်။ အခုနောက်ဆုံး အနေနဲ့

ပြောချင်တာကတော့ အခုချိန်မှာ IT ခေတ်မှာ ခေတ်မီတဲ့ကင်မရာတွေ၊ ရုပ်သေဓာတ်ပုံတွေ၊ ဗွီဒီယို မှတ်တမ်းတွေ အများကြီးပဲပြင်ဆင်ပြီးတော့မှ သွားလို့ရပါတယ်။ အခုဟာက တကယ်တမ်းတက္ကသိုလ် ပညာရှင်၊ သိပ္ပံနည်းကျသုတေသန (Research) တွေကို ပီပီပြင်ပြင်လုပ်နိုင်တဲ့ ဆရာဆရာမတွေ အများကြီးရှိပါတယ်။ အဲ့ဒီလူတွေနဲ့ပူးပေါင်းပြီးတော့မှ ပြန်ကြားရေးခေတ်မီနည်းပညာတွေနှင့် ပူးပေါင်းမယ်ဆိုရင် ခန့်ခန့်ထည်ထည်နဲ့ ဒီလက်ထက်အတွင်းမှာ မှတ်တမ်းတွေကိုပိုပြီးတော့မှ ရယူနိုင် တယ်ဆိုတဲ့ အကြောင်းကိုပြောကြားရင်းနဲ့ နိဂုံးချုပ်ပါရစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဌ။** ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်း တင်သွင်းသွားတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့ သမိုင်း ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းနှင့် ပတ်သက်ပြီးတော့ မှတ်တမ်းစွယ်စုံကျမ်းများ ပြုစုထား ရှိရေးနှင့်ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသား အားလုံးဟာ ရှေးနှစ်ပေါင်းထောင်ချီကနေပြီး အတူတူနေလာခဲ့ကြတဲ့ တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ မြန်မာမင်းများလက်ထက်တုန်းကလည်း တိုင်းပြည်ရဲ့ကာကွယ်ရေးလုပ်ငန်းကအစ အားလုံးဟာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ရန်ကိုလည်း ကာကွယ်ခဲ့ကြပါတယ်။ မြန်မာမင်းများ လက်ထက်မှာတော့ သမိုင်းတွေနှင့်ပတ်သက်ပြီးတော့ ပညာရှင်များနည်းပါးခြင်း၊ သွားရေးလာရေး ခက်ခဲခြင်းများကြောင့် တိုင်းရင်းသားတွေရဲ့ စာပေ၊ သမိုင်းစွယ်စုံကျမ်းတွေကို ရေးသားပြုစုနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ အဲ့ဒီကနေတစ်ဆင့် မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲခဲ့ပြီး ၁၈၈၅ ခုနှစ်မှာ တစ်နိုင်ငံလုံးကျွန်ဘဝကို ရောက်ခဲ့ရပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ တစ်ချိန်တုန်းက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့နေခဲ့တဲ့ တိုင်းရင်းသားတွေဟာ နယ်ချဲ့

အင်္ဂလိပ်တို့ရဲ့ တိုင်းရင်းသားအချင်းချင်း တောင်ပေါ်မြေပြန့်၊ ဘာသာစကား၊ လူမျိုးတွေကို ခွဲခြား သပ်လျှိုပြီးတော့ စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင်လုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့တိုင်းပြည်ရဲ့ တိုင်းရင်းသားတွေဟာ အင်မတန်ဝမ်းနည်းစရာကောင်းတဲ့ စည်းလုံးညီညွတ်မှုအထိ ပျက်ပြား သွားခဲ့ ရတဲ့ နောက်ဆုံးအဆင့်တော့ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင် တိုက်ခိုက်ရတဲ့အဆင့်အထိ ရောက်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြန်တော့လည်း အင်္ဂလိပ်တွေရဲ့ သပ်လျှိုသွေးခွဲ ခဲ့မှုကြောင့် တိုင်းပြည်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေ၊ တိုင်းပြည်ကို ပြန်လည် တည့်မတ်နေရတဲ့ အတွက်ကြောင့် သမိုင်းမှတ်တမ်းများမပြုစုနိုင်ခဲ့ပါဘူး။ သို့သော်လည်း တော်လှန်ရေးကောင်စီ လက်ထက် ခုနသက်ဆိုင်ရာဒုတိယဝန်ကြီး ပြောသွားသလို ၁၉၆၄ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနကဆရာဆရာမတွေကို တာဝန်ပေးပြီးတော့ တိုင်းရင်းသားတွေရဲ့စာပေ၊ ဘာသာစကားတွေ ကိုမှတ်တမ်းပြုစုစေခဲ့ပါတယ်။ အဲ့ဒီပြုစုတဲ့နေရာမှာလည်း ပြန်လည်လေ့လာ ကြည့်တဲ့အခါ တော်တော် အခက်အခဲတွေ့ကြုံခဲ့တဲ့အနေအထားကို တွေ့ရပါတယ်။ ရေးသားပြုစုခဲ့တဲ့ သမိုင်းစာအုပ်စာတမ်းတွေ ဟာ နိုင်ငံခြားသားစာရေးဆရာတွေပြုစုရေးသားခဲ့တဲ့စာအုပ်တွေဖြစ်တဲ့ အတွက်ကြောင့် မှီငြမ်း ကိုးကားပြုစုရတဲ့အခါမှာ အများကြီးအခက်အခဲဖြစ်ခဲ့ကြပါတယ်။ အဲ့သလို အခက်အခဲဖြစ်တဲ့အတွက် ကြောင့်မို့လို့ သမိုင်းပြုစုရေးအတွက် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်ကောလိပ်က ဆရာဆရာမများဟာ အဖွဲ့တွေခွဲပြီးတော့ တိုင်းရင်းသား အသီးသီးတွေရဲ့စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းတွေ ပြုစုလေ့လာခဲ့ပါတယ်ဆိုတဲ့ အထောက်အထားတွေ အများကြီးတွေ့ရပါတယ်။ ၁၉၆၅ ခုနှစ်မှာ (၁၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို တက်ရောက် လာကြတဲ့ တိုင်းရင်းသားကိုယ်စားလှယ် ၅၁၂ ဦးရဲ့ တွေ့ဆုံမေးမြန်းရရှိထားတဲ့ အချက်အလက်၊ ကျောင်းပိတ်ကာလ ၄၅ ရက်မှာ တိုင်းရင်းသားအသီးသီးရဲ့သမိုင်းမှတ်တမ်းများ လေ့လာပြုစုပြီး ၁၉၆၆ ခုနှစ်မှာ ခုနက ကျွန်တော်တို့ တင်ပြသွားသလို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်းလူမျိုးများရဲ့ စာအုပ်တွေ ကိုတော့ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့တာတွေ့ရပါတယ်။ သို့သော်လည်း အခြားတိုင်းရင်းသားများရဲ့သမိုင်း စာပေ၊ ယဉ်ကျေးမှုတွေကိုတော့ ရေးသားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများကို ရေးသားပြုစုထားတဲ့ဟာကို ပြန်ကြည့်တဲ့အခါမှာ အခန်းအနေနဲ့ တချို့စာအုပ်တွေမှာ ၅ ခန်းပါပါတယ်။ တချို့စာအုပ်တွေမှာတော့ ၆ ခန်းပါပါတယ်။ ခေါင်းစဉ်ငယ် အားလုံးဟာ ၅၂ ခုပါဝင်ရေးသားထားတာကိုတွေ့ရပါတယ်။ တစ်ဖန် ၁၉၉၈ ခုနှစ်မှာ ပြန်ကြားရေး ဝန်ကြီးဌာနကနေ ထုတ်ဝေခဲ့တဲ့ အတွဲ(၁) အမှတ်(၂)မှာ ယနေ့မြန်မာဆိုတဲ့ စာအုပ်ထဲမှာ တိုင်းရင်းသားလူမျိုးနွယ်စု

ပေါင်း ၁၃၅ မျိုးရှိကြောင်း ကချင်မျိုးနွယ်စုမှာ ၁၂ မျိုး၊ ကယား မျိုးနွယ်စုမှာ ၉ မျိုး၊ ကရင်မျိုးနွယ်စုမှာ ၁၁ မျိုး၊ ချင်းမျိုးနွယ်စုမှာ ၅၃ မျိုး၊ ဗမာမျိုးနွယ်စုမှာ ၉ မျိုး၊ မွန် မျိုးနွယ်စုမှာ ၁ မျိုး၊ ရခိုင်မျိုးနွယ်စုမှာ ၇ မျိုး၊ ရှမ်းမျိုးနွယ်စုမှာ ၃၃ မျိုးရှိကြောင်းလေ့လာတွေ့ရှိရပါတယ်။ သို့သော်လည်း ဒီနေ့ ဒီအချိန် ဒီအခါမှာ ပြန်ပြီးတော့လေ့လာကြည့်မယ်ဆိုရင် ဒီဟာတွေလည်း တိုင်းရင်းသား လူမျိုးနွယ်စုအားလုံး ပါဝင်နိုင်ခြင်းမရှိသေးဘူးဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ရေးသားပြုစုတဲ့ နေရာမှာလည်း တချို့တိုင်းရင်းသားတွေဟာ တခြားတိုင်းရင်းသားများထဲမှာ ရောနှောပါဝင် နေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသားများရဲ့ သမိုင်းစာတမ်းတွေပြုစုတဲ့ အခါမှာ အဲ့ဒီတိုင်းရင်းသားတွေရဲ့ဆန္ဒအရ ပြုစုတာဟာပိုမိုပြည့်စုံပြီးတော့ ပိုမိုအကျိုးရှိမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ယနေ့တိုးတက်တဲ့ တိုင်းပြည်တွေမှာ လူတွေမဆိုထားနဲ့ သတ္တဝါတွေတောင် မှတ်တမ်း ပြုစုပြီးတော့ နည်းပါးလာမှုတွေ၊ တိုးတက်လာမှုတွေ မှတ်တမ်းပြုစုနေကြပါတယ်။ ဒါကြောင့် တိုင်းရင်းသားလူတွေရဲ့ သမိုင်းစွယ်စုံကျမ်းတွေကို ပြုစုတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပြုစုရေးသားရမယ့် ခေါင်းစဉ်လေးတွေကို ကူညီပေးမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လည်း မိမိဒေသမှာရှိကြတဲ့ တိုင်းရင်းသားလူမျိုးနွယ်စုအသီးသီးရဲ့ ဓလေ့ထုံးတမ်းတွေ၊ စာပေ ယဉ်ကျေးမှုတွေ ရေးသားပြုစုပြီး သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီးတော့ ပြုစုလိုက်မယ်ဆိုရင် အင်မတန်မှ ခန့်ညားထည်ဝါပြီး ပြည့်စုံတဲ့ စွယ်စုံကျမ်းတစ်ခုဖြစ်လာနိုင်မယ်လို့ ကျွန်တော် ယုံကြည် မိပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသားများဟာ လေရှီး၊ လဟယ်၊ နန်းယွန်းမှာတော့ အများဆုံး နေထိုင်ပါတယ်။ ဟုမ္မလင်း၊ ခန္တီးစသည်အားဖြင့် ပျံ့နှံ့ပြီးတော့နေထိုင်လျက်ရှိပါတယ်။ နာဂ တိုင်းရင်းသားများဟာ နှစ်ပေါင်း ၃ဝ အတွင်း အတော့်ကို တိုးတက်လာတယ်လို့ သုံးသပ်မိပါတယ်။ ၁၉၇၃ ခုနှစ် သင်တန်းဆင်းတုန်းက ကျေးရွာတစ်ရွာမှာ တာဝန်ထမ်းဆောင်စဉ်တုန်းက မနက်ပိုင်း ကျောင်းတက်တော့ အစ်ကိုကျောင်းလာတက်တယ်။ ညနေပိုင်းကျောင်းပြန်ကြည့်တဲ့အခါကျတော့ အစ်ကိုအစား ညီကလာပြီးတော့ ထိုင်တယ်။ ဟာ ဘယ်လို ဖြစ်တာလဲ။ အစ်ကိုမအားလို့ ကျွန်တော် လာထိုင်တာ။ အဲ့ဒီလိုဘဝကနေပြီး အခုလူတိုင်း လူတိုင်း၊ ရွာတိုင်း ရွာတိုင်းမှာကျောင်းတွေရှိပြီးတော့ စာသင်ကြားနိုင်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒေသတွေ တော်တော်လေးဖွံ့ဖြိုးနေပါပြီ။ လမ်းပန်း ဆက်သွယ်ရေးအနေနဲ့လည်း တစ်ချိန်တုန်းက တော့်တော့်ကို ခက်ခက်ခဲခဲသွားလာခဲ့ရပါတယ်။ ဒါပေမယ့် ယနေ့ကားလမ်းတွေဖောက်လုပ်ထားတဲ့အတွက် သွားရေးလာရေးလည်း တော်တော် ကောင်းနေပါပြီ။ ဒါကြောင့်မို့ ဒီလိုသမိုင်းတွေပြုစုတဲ့အခါမှာ အချိန်မီရရှိရေး၊ သွားလာမြန်ဆန်ရေးဟာ

လည်း အများကြီးအထောက်အကူ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီ သမိုင်းပြုစုတဲ့နေရာမှာ ကျွန်တော်တို့ မြို့နယ်အသီးသီးက ဒီမှာရောက်ရှိနေကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့လည်း တစ်ထောင့် တစ်နေရာကနေပြီးတော့ ပါဝင်ပြီးတော့ ဖြည့်စွက်ကူညီချင်ပါတယ်။ ခုန ကျွန်တော်တင်ပြသလို ပြုစုရေးသားရမယ့်အချက်အလက်တွေကို ကျွန်တော်တို့ကို ပြုစုပေးမယ်ဆိုရင် ဝိုင်းဝန်းပြုစုပေးနိုင်ဖို့အတွက်အကြံပြုရင်း ဒေါက်တာချမ်းငြိမ်းရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၅ း ၀၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ **]**

**အချိန်၊ ၁၅း၃၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့ပတ်သက်၍ အဖြေလည်း အားလုံးရပြီး ဖြစ်ပါတယ်။ ဒါကြောင့်လွှတ်တော်ရဲ့သတ်မှတ်တဲ့အချိန်အတွင်းမှာ ပြီးသွားဖို့လည်း လိုပါတယ်။ ဒါကြောင့် ဦးနိုင်လှမောင်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်လှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဖွဲ့ဝင်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာလို့ ချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးလှမောင်(ခ)ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာ ချမ်းငြိမ်း အဆိုတင်သွင်းသွားတဲ့ မြန်မာနိုင်ငံ တိုင်းရင်းသားများရဲ့ သမိုင်း၊ ယဉ်ကျေးမှု စာပေ၊ ဓလေ့ ထုံးတမ်းများနှင့်ပတ်သက်ပြီးတော့ မှတ်တမ်းစွယ်စုံကျမ်းပြုစုထားရှိရေးအဆိုကို ဆွေးနွေးသုံးသပ် အကြံပြုသွားမှာဖြစ်ပါတယ်။ ကြည်ညိုရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ တိုင်းရင်းသားများ၏ သမိုင်း ယဉ်ကျေးမှု စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် တိုင်းရင်းသားလူမျိုးတို့၏ အကြောင်းကို ဆွေးနွေးသွားမည် ဖြစ်ပါတယ်။ ၎င်းကိစ္စနှင့် စပ်လျဉ်းပြီးတော့ သင့်တင့်မျှတအောင်၊ တင်ပြနိုင်အောင် လက်လှမ်းမီ သလောက် သမိုင်းအချို့တို့ကနေ ကောက်နုတ်စုစည်းထားတာကို ရေးသားပြုစုထားပါတယ်ခင်ဗျား။ ၎င်းအချက်များကို တင်ပြနိုင်အောင် အထိုက်အလျောက်အချိန်ယူရမှာမို့ ခွင့်ပြုနိုင်ပါရန် ရိုသေစွာ ပန်ကြားအပ်ပါတယ်။ ဦးစွာပထမ မွန်တိုင်းရင်းသားအကြောင်းတို့ရဲ့ သမိုင်းကဏ္ဍကို ဆွေးနွေးမည် ဖြစ်ပါတယ်။ မွန်သမိုင်းဖြစ်စဉ် ကဏ္ဍရပ်များဟာ ကျယ်ပြန့်ရှည်လျားမည်ဖြစ်တဲ့အတွက် လိုရင်း အချက်အလက်များကို ကောက်နုတ်ရွေးချယ်၍ လိုရင်းတိုရှင်းနှင့်ပင် အကျဉ်းချုပ်တင်ပြသွားပါမယ်။ မွန်သမိုင်းအကြောင်းပြောတော့မယ်ဆိုရင် ဘာသာရေး၊ ဗုဒ္ဓဘာသာပါလာသလို ဗုဒ္ဓဘာသာ အကြောင်းပြောရင်လည်း မွန်တွေအကြောင်း ပါလာရမယ်ဆိုတာက အခုတက်ရောက်နေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိပြီးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မွန်သမိုင်းနဲ့ ပတ်သက်တဲ့ကိစ္စကို ဗုဒ္ဓဘာသာနဲ့ပဲ အရင်စလိုက်ပါမယ်ခင်ဗျား။ မြန်မာနိုင်ငံတောင်ပိုင်းဒေသ သုဝဏ္ဏဘူမိသို့ ရှေးဦးစွာ ဝင်ရောက်နေထိုင်ကြတဲ့ မွန်လူမျိုးများဖြစ်ကြတဲ့ ဥက္ကလာပတိုင်းသား တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ဟာ ဂေါတမမြတ်စွာဘုရားအား ပထမဦးစွာ ဖူးမြော်ခွင့်ရပြီး ဆံတော် ၈ ဆူကို ပူဇော်ခွင့်ရကာ ဥက္ကလာပတိုင်းသို့ ပြန်လာ၍ ဥက္ကလာပမင်းကြီး၏ အကူအညီဖြင့် ရွှေတိဂုံစေတီတော်ကိုတည်ခဲ့ပါတယ်။ ယခင် မွန်ဘာသာအခေါ်အားဖြင့် (ချင်လ္ဂုင်) ခေါ်ပြီးတော့ ယခုရန်ကုန်မြို့မှာ တည်ထားကိုးကွယ်ခဲ့ပါတယ်။ ဂေါတမမြတ်စွာဘုရား ၈ ဝါရချိန်မှာ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်ပြီးတော့ ဗုဒ္ဓတရားတော်ကိုဟောကြားခဲ့၍ မွန်လူမျိုးတို့သည် ဗုဒ္ဓဘာသာဝင် ဦးစွာဖြစ်ခြင်း၊ သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင် တတိယသင်္ဂါယနာတင်ပြီး ကိုးတိုင်းကိုးဌာန သို့ သာသနာပြုစေလွှတ်ခဲ့ရာ၌ ဘီစီ ၂၅၀ ခန့်မှာ သုဝဏ္ဏဘူမိ သထုံပြည်သို့ ရှင်သောဏထေရ်နှင့် ရှင်ဥတ္တရထေရ်တို့ အမှူးပြုသောရဟန်းတော်များ ကြွရောက်ကာ ဗုဒ္ဓတရားတော်ချီးမြှင့်ခဲ့ခြင်း၊ ဗုဒ္ဓသာသနာအဆောက်အဦတည်ထား ကိုးကွယ်ခဲ့ခြင်း၊ တစ်ဖန် အေဒီ ၄ ရာစုခန့်တွင် သုဝဏ္ဏဘူမိ

သထုံပြည်မှ မွန်အရှင်ဗုဒ္ဓဃောသသည် သီဟိုရ်ကျွန်း သီရိလင်္ကာနိုင်ငံသို့ ကြွချီပြီး ပိဋကတ်သုံးပုံ မွန်ဘာသာအက္ခရာဖြင့် ကူးယူးခဲ့သဖြင့် မွန်တို့ဒေသတစ်ခွင်တွင် ပိဋကတ်သုံးပုံ ပျံ့နှံ့ခဲ့ရာ ဗုဒ္ဓ ဘာသာကို သက်ဝင်ယုံကြည်စွာ ကိုးကွယ်ကြခြင်းဖြင့် ဗုဒ္ဓဘာသာသာသနာတော်သည် နေလိုလလို ထွန်းလင်းတောက်ပခဲ့ပါတယ်။ မွန်ဘုရင်များ စိုးစံအုပ်ချုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့ရှိ မြို့ရွာများ တို့တွင် ဘုရားစေတီပုထိုးကျောင်းများ၊ ဒသနိကအဆောက်အဦများ အမြောက်အမြား တည်ထား ကိုးကွယ်ခဲ့၍ ယခုတိုင်ဖူးမြော်တွေ့နိုင်မည် ဖြစ်ပါသည်။ ထူးခြား ထင်ရှားသော ဘုရားစေတီများကို တင်ပြရမယ်ဆိုရင် ရန်ကုန်မြို့မှာရှိတဲ့ မွန်လိုကျိုက်ဒဂုံလို့ ခေါ်တဲ့ ရွှေတိဂုံဘုရားစေတီတော်၊ ကျိုက်ဒေးအိုပ်လို့ခေါ်တဲ့ ကျိုက်ဒေးအပ် ဗိုလ်တစ်ထောင်စေတီတော်၊ ကျိုက်ဝိုင်းလို့ခေါ်တဲ့ ကျိုက်ဝိုင်းစေတီတော်၊ မင်္ဂလာဒုံမှာရှိတဲ့ ကျိုက်ကလို့ ကျိုက်ကလဲ့စေတီတော်၊ ကျိုက်ပွန်စေတီတော်၊ ကျိုက်ကလော့ပွန်စေတီတော်၊ ပဲခူးမြို့မှာရှိတဲ့ ကျိုက်မော့တားလို့ခေါ်တဲ့ ရွှေမောဓောစေတီတော်၊ ပုသိမ်မြို့မှာရှိတဲ့ ကျိုက်မုတ်ထောလို့ခေါ်တဲ့ ရွှေမုတ်ထောစေတီတော်၊ သံလျင်မြို့မှာရှိတဲ့ ကျိုက်ခေါက်ဆိုတဲ့ ကျိုက်ခေါက်ဘုရားစေတီတော်၊ မွန်ဘာသာအားဖြင့် ကျိုက်မော့ဝမ်းလို့ စေတီဆိုရာမှနေပြီးတော့ ကာလကြာမြင့်လာသည်နှင့်အမျှ ကျိုက်မှော်ဝန်းစေတီ ဟုခေါ်ဆိုနေကြတဲ့ ကျောက်တန်းရေလယ်ဘုရားစေတီတော် မော့ဝမ်းဆိုတာက မွန်ဘာသာအနေနဲ့ ဂဝံကျောက်လို့ အဓိပ္ပာယ်ရပါတယ်။ ဂဝံကျောက်ဆောင်ကို တည်ထားခြင်းအစွဲပြု၍ ကျိုက်မှော်ဝန်း စေတီတော်ဟု ခေါ်တွင်ခြင်းဖြစ်ပါတယ်။ ကျိုက်ထိုမြို့ရှိ မွန်ဘာသာအခေါ်အားဖြင့် ကျိုက်က္လသိယိုး ဟု ခေါ်ဆိုရာမှ ကာလရွေ့လျား၍ ကျိုက်ထီးရိုးစေတီတော်ဟု ခေါ်ဆိုရခြင်းဖြစ်ပါတယ်။ ကျိုက်က္လသိယိုး ဆိုသည်မှာ မွန်ဘာသာစကားဖြစ်၍ ၎င်း၏အဓိပ္ပာယ်မှာ ကျိုက်ဆိုသောစကားသည် ဘုရားအဓိပ္ပာယ်ရ၍ က္လသိ ဆိုသည်မှာ ရသေ့ဟုခေါ်ပါသည်။ ယိုး ဆိုသည်မှာ ခေါင်းပေါ်ရွက်ခြင်းကိုဆိုလိုသဖြင့် တစ်ပိုဒ်လုံး၏ အဓိပ္ပာယ်မှာ ရသေ့ရွက်ထားသောဘုရားဟု အဓိပ္ပာယ်ရပါသည်။ ၎င်းအပြင် မော်လမြိုင်မြို့မှ ကျိုက်သန်လန်ဘုရား၊ ကျိုက်ခမီမြို့မှ ကျိုက်ခမီရေလယ်ဘုရား၊ ကျိုက်မရောမြို့မှ ကျိုက်မရောဝ် (ခ) ကျိုက်မရောဘုရား၊ ဖားအောက်မြို့မှ ကျိုက်ရေးဂေး (ခ) ရိုးဂိုးဘုရား စသည် များတို့သည် မြတ်စွာဘုရား၏ ဆံတော်၊ ဓာတ်တော်များ ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ၎င်းအပြင် မွန်ဒေသကျေးရွာအသီးသီးတို့တွင်လည်း စေတီအများအပြားတည်ထားကိုးကွယ်ခဲ့ရာ ကျိုက်အမည်

ဖြင့် စတင်ခေါ်ဆိုသော စေတီများတို့သည် မွန်မင်းဆက်လက်ထက်က တည်ထား ကိုးကွယ်ခဲ့သော ဘုရားများဖြစ်ကြပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အေဒီ ၁၀၅၇ ခုနှစ် ပုဂံပြည့်ရှင် အနော်ရထာမင်းဟာ သုဝဏ္ဏဘူမိ သထုံပြည့်ရှင် မွန်ဘုရင် မနုဟာမင်းထံမှ ပဋိကတ်သုံးပုံကို သိမ်းယူဆောင်ကြဉ်းခဲ့ရာတွင် မနုဟာမင်းနှင့်တကွ မောင်းမမိသံများ၊ မွန်ပညာရှိ ကဝိသုခမိန်အကျော်အမော်များ၊ ပန်းဆယ်မျိုးပညာရှင်များ၊ စစ်သည်တော်ရဲမက်ဗိုလ်ပါများ၊ မွန်တို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပုဂံပြည်သို့ ယူဆောင်ခဲ့ရာ သုဝဏ္ဏဘူမိ သထုံပြည် မွန်နေပြည်တော် ပျက်သုဉ်းခဲ့ရပါတယ်။ ၎င်းမနုဟာမင်းသည် မွန်ဘုရင် သထုံမင်းဆက်၏ ၅၇ ဆက်မြောက်ဘုရင်ဖြစ်ပါတယ်။ ၎င်းမင်းမတိုင်မီက မွန်နေပြည်တော် သုဝဏ္ဏဘူမိတွင် မင်းဆက်ပေါင်း ၅၆ ဆက်ရှိခဲ့ရာ ၎င်းမင်းများတို့၏ အမည်၊ မိဖုရားအမည်နှင့် နန်းတက်သက္ကရာဇ်များကိုပါ ပူးတွဲတင်ပြထားပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် အဆိုပါမင်းဆက်များတို့၏အမည်ကို ဖတ်ကြားတင်သွင်းခြင်းမပြုတော့ပေမယ့် သထုံ-နေပြည်တော် သုံးကြိမ်တိုင်တိုင် ပျက်စီးခဲ့တဲ့ ခုနှစ်၊ သက္ကရာဇ် ဘုရင်နှင့် မိဖုရားအမည်တို့ကိုတော့ တင်ပြလိုပါတယ်။ သထုံမင်းဆက် ၅ ဆက်မြောက် အကုံရရာဇာနှင့် မိဖုရားတော် နန္ဒာဒေဝီလက်ထက် သာသနာသက္ကရာဇ် ၁၃၇ ခုနှစ်မှာ ပထမ အကြိမ် နေပြည်တော် ပျက်စီးခဲ့ရပါတယ်။ သထုံမင်း၏ ၄၆ ဆက်မြောက် ဒီဃရာဇာ ဘုရင် နှင့် မိဖုရားတော် သုဝဏ္ဏဒေဝီလက်ထက် သာသနာသက္ကရာဇ် ၁၄၀၂ ခုနှစ်မှာ ဒုတိယအကြိမ် သထုံပျက်စီးခဲ့ပြန်ပါတယ်။ သထုံမင်း၏ ၅၇ ဆက်မြောက် မနောဟရီရာဇာ(ခ) မနုဟာမင်းနှင့် မိဖုရားတော် ဣနၵ်လာဒေဝီ လက်ထက် သာသနာသက္ကရာဇ် ၁၆၀၁ ခုနှစ် အေဒီ ၁၀၅၇ ခုနှစ်တွင် တတိယအကြိမ် သထုံ နေပြည်တော် ပျက်ဆီးခဲ့ရပါတယ်။ သထုံနေပြည်တော်သည် သုံးကြိမ်တိုင်တိုင် ပျက်ဆီးခဲ့ရပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သုဝဏ္ဏဘူမိ သထုံပြည်အပြင် ဟံသာဝတီ(ခ) ပဲခူးမြို့နှင့် မုတ္တမမြို့များတို့သည်လည်း မွန်မင်းဆက်များ၏ နေပြည်တော်မြို့များဖြစ်ခဲ့ကြပါတယ်။ ပထမ ဟံသာဝတီ ပဲခူးနေပြည်တော်ကို သမလမင်းက သက္ကရာဇ် ၁၈၇ မှ ၁၉၉ ခုနှစ်များတွင် စိုးစံ အုပ်ချုပ်ခဲ့ပါ သည်။ သမလမင်းမှစ၍ ဝိမလမင်း၊ အသာကုမ္ဘာမင်းနှင့် အခြားမင်းအသီးသီးတို့ စိုးစံခဲ့ရာ သက္ကရာဇ် ၄၀၅၊ ၄၁၉ ခုနှစ်တွင် စိုးစံသော ၁၇ ဆက်မြောက် တိဿမင်းလက်ထက်တွင် မင်းဆက်ပြတ်၍ ပထမ ဟံသာဝတီပျက်စီးခဲ့ရပါတယ်။ သက္ကရာဇ် ၆၄၃ ခုနှစ်တွင် ဝါရီရူမင်းသည် မုတ္တမမြို့တွင် ထီးနန်း စိုက်ထူ၍ မွန်လူမျိုးစုကို အုပ်ချုပ်ခဲ့ပါတယ်။ ဝါရီရူမင်းမှစ၍ မင်းအဆက်ဆက် စိုးစံခဲ့ရာ မင်းအဆက် ပေါင်း ၈ ဆက်ရှိပါတယ်။ ၈ ဆက်မြောက်မင်းဖြစ်သော ဗညားဦးမင်းသည်

သက္ကရာဇ် ၇၃၁-၇၄၅ ခုနှစ် တွင် သမလမင်းတည်ထောင်၍ တိဿမင်းလက်ထက်က ပျက်စီးခဲ့သော ပထမဟံသာဝတီမြို့ဟောင်းကို ပြန်လည်မွမ်းမံပြင်ဆင်၍ တည်ထောင်ပြီး ဒုတိယဟံသာဝတီကို ပြန်လည်တည်ထောင်ပါတယ်။ ဒုတိယဟံသာဝတီနေပြည်တော်တွင် ဗညားဦးမင်းမှ သုရှင်တကာရွတ်ပိ မင်းလက်ထက်အထိ မင်းဆက် ပေါင်း ၁၁ ဆက်စိုးစံခဲ့၍ သက္ကရာဇ် ၉၁၀ တွင် ဒုတိယဟံသာဝတီ ပျက်သုဥ်းခဲ့ရပါတယ်။ ၎င်းနောက် သက္ကရာဇ် ၉၁၂ မှ ၉၁၄ အထိ သမိန်စဏ္ဍဝေါ (ခ) သမိန်စောထွဋ်နှင့် သမိန်ထောရာမ ဘုရင်တို့က တတိယဟံသာဝတီတွင် နန်းစံခဲ့ပြန်ပါတယ်။ ၎င်းအပြင် သက္ကရာဇ် ၁၀၈၆ မှ ၁၁၀၆ အထိ ဆင်ကျွားရှင်သမိန်ထောကလည်းကောင်း၊ သက္ကရာဇ် ၁၁၀၆ မှ ၁၁၁၉ အထိ ဗျမိုင်းတိရာဇာကလည်း ကောင်း စတုတ္ထဟံသာဝတီကို စိုးစံခဲ့ပြန်ပါတယ်။ သို့ဖြစ်ပါ၍ ပထမဟံသာဝတီမင်းဆက် ၁၇ ဆက်၊ ဒုတိယဟံသာဝတီမင်းဆက် ၁၁ ဆက်နှင့် တတိယဟံသာဝတီမင်းဆက် ၂ ဆက်၊ စတုတ္ထ ဟံသာဝတီမင်းဆက် ၂ ဆက်ရှိသဖြင့် စုစုပေါင်း ဟံသာဝတီမင်းဆက်ပေါင်း ၃၂ ဆက်ဖြစ်ပါတယ်။ မုတ္တမမင်းဆက်မှာ ဝါရီရူမင်းဟာ ဗညားဦးမင်းအထိ ၈ ဆက်ဖြစ်ပါတယ်။ အထက်ဖော်ပြပါ ဟံသာဝတီမင်းဆက် ၃၂ ဆက်နှင့် မုတ္တမမင်းဆက် ၈ ဆက် တို့၏ ဘုရင်အမည်၊ နန်းတက်သည့်ခုနှစ်၊ သက္ကရာဇ်၊ စာရင်းအားလုံးကို ပူးတွဲပြီးတော့ တင်ပြ ထားရှိပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် ၎င်းစာရင်းကို ဖတ်ကြားခြင်းမပြုတော့ပါကြောင်း ပန်ကြားအပ်ပါတယ်။ ယခု ကျွန်တော်တင်ပြခဲ့တဲ့ မွန်သမိုင်းမင်းဆက်များဟာ သထုံမင်းဆက် ၅၇ဆက်၊ ဟံသာဝတီမင်းဆက် ၃၂ ဆက်၊ မုတ္တမမင်းဆက် ၈ ဆက်တို့သည် မွန်သမိုင်း၏မင်းဆက်အမည်မျှသာ ဖြစ်ပါတယ်။ ၎င်းတို့၏ တိုင်းပြုပြည်ပြု ဆောင်ရွက်ချက်များ မပါဝင်သေးကြောင်း တင်ပြအပ်ပါတယ်။ မြန်မာသမိုင်းတွင် အနော်ရထာမင်းနှင့် ဆက်စပ်၍ မနုဟာမင်းအကြောင်းကို တစ်စိတ်တစ်ပိုင်းကို လည်းကောင်း၊ ဘုရင်မင်းခေါင်နှင့်ဆက်စပ် ၍ ရာဇာဓိရာဇ်အကြောင်း တစ်စိတ်တစ်ပိုင်းကို လည်းကောင်း၊ တပင်ရွှေထီးနှင့် ဘုရင်နောင်တို့နှင့် စပ်လျဉ်း၍ မွန်တို့၏သမိုင်း တစ်စိတ်တစ်ပိုင်းကို လည်းကောင်း အနည်းငယ်မျှသာ တွေ့ရှိထားခြင်း ဖြစ်ပါသည်။ မွန်မင်းဆက်များသည် နှစ်ပေါင်းများ စွာ အောက်မြန်မာပြည်တစ်လွှားတွင် ထီးနန်းစိုက်ထူ၍ အုပ်ချုပ်လာခဲ့ရာတွင် နိုင်ငံတော်၏ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံတော်ထူထောင်ရေး၊ ပြုပြင် ပြောင်းလဲရေးဆောင်ရွက်ချက်များ စိတ်ဝင်စားစွာနဲ့ မှတ်သားထိုက်သော ဆောင်ရွက်ချက်များစွာရှိပါသည်။ တိုင်းရင်းသားသမိုင်းနှင့်စပ်လျဉ်း၍ မှတ်တမ်း များ စွယ်စုံကျမ်းများ ထားရှိရေးကိစ္စ ဆောင်ရွက်ရန်မှာ မြန်မာ့သမိုင်းတွင် တွေ့ရှိထားသော မွန်သမိုင်း အချို့နှင့်သာ မှတ်တမ်းတင်မည်ဆိုပါက မလုံလောက်ပါသေးကြောင်း တင်ပြလိုပါတယ်။ မွန်မင်းဆက်

အဆက်ဆက်တို့၏ ထီးနန်းစိုက်ထူရာ အုပ်ချုပ်စိုးစံခဲ့သော ဒေသအသီးသီးရှိ မြို့ကြီး၊ မြို့ငယ်၊ ကျေးရွာများတစ်ဝိုက်တွင် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်အမြောက်အမြားရှိပါသော်လည်း ရှာဖွေတူးဖော်မှု မပြုလုပ်ရသေးပါကြောင်း တင်ပြလိုပါတယ်။ စစ်တောင်းမြစ်နှင့် သံလွင်မြစ်ကြားရှိ သုဝဏ္ဏဘူမိသထုံပြည်နှင့် မုတ္တမမြို့၊ နန်းမြို့ရိုးများ၊ ဆင်ဖြူရှင် ဗညားဦးလက်ထက်၊ ရာဇဓိရာဇ်၊ ဘုရင်နောင်လက်ထက် ရှေးဟောင်းအမွေအနှစ်ဖြစ်သည့် ထီးနန်းနဲ့မြို့ရိုးဟောင်းများကိုလည်း သုတေသနပြုတူးဖော်ခြင်း မပြုလုပ်ရသေးပါကြောင်း တင်ပြလိုပါတယ်။ မှတ်တမ်းတင်ခြင်း၊ စွယ်စုံကျမ်းပြုစုခြင်းဆိုသည့်ကိစ္စရပ်တွင် ဘက်စုံအချက်အလက်ပြည့်စုံမှုရှိခြင်း၊ တိကျမှန်ကန်မှုရှိခြင်း၊ သေချာခြင်း၊ ယုံကြည်လက်ခံနိုင်လောက်တဲ့ ယုတ္တိသက်သေခိုင်မာခြင်း၊ လက်တွေ့ အထောက်အထား ခိုင်ခြင်း စသည်အရေးပါသော အချက်အလက်များဖြစ်ပါသည်။ ဤသို့ အရေးပါသည့် အချက်အလက်များရရှိရေးကို ပထမဦးစားပေးဆောင်ရွက်ထိုက်ပါကြောင်း ထပ်ဆင့်တင်ပြအပ်ပါသည်။ ဤအချက်အလက်များကို ရရှိရန် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သုတေသီပညာရှင်များ တို့၏ စွမ်းအားများကို ပေါင်းစပ်၍ အချိန်၊ ငွေ၊ လူအင်အားများ အလုံအလောက်ရယူပြီး ရှာဖွေစူးစမ်းလုပ်ကိုင်နိုင်ပါမှသာလျှင် ပြည့်စုံလုံလောက်မည်ဖြစ်ပါကြောင်း နှင့် ပြည့်စုံလုံလောက်စွာ စုဆောင်းရရှိပြီးမှသာလျှင် မှတ်တမ်းစွယ်စုံကျမ်းကို ပြုစုထားရှိသင့်ပါကြောင်း လေးနက်စွာ တိုက်တွန်းအကြံပြုပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယကဏ္ဍအနေနှင့် မွန်လူမျိုးတို့၏ ရိုးရာဓလေ့ ထုံးစံများအကြောင်းကို တင်ပြလိုပါတယ်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့ မဆလခေတ်က တိုင်းရင်းသားများတို့၏ ရိုးရာဓလေ့ထုံးစံများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသား ဖော်ပြထားရှိပြီးဖြစ်တဲ့အတွက် တိုင်းရင်းသားများတို့ရဲ့ ဓလေ့ထုံးစံများကို သိရှိပြီးဟုယူဆ၍ ၎င်းအချိန်ကို လေးစားသောအားဖြင့် အကျယ်တဝင့် မတင်ပြလိုတော့ပါ။ အကျဉ်းအားဖြင့် ပြောရပါမူ လူမှုရေးကဏ္ဍ၊ ဘာသာကိုးကွယ်မှု၊ နတ်ကိုးကွယ်မှု၊ လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ အိုးအိမ် ထူထောင်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ စေ့စပ်ကြောင်းလမ်းခြင်း၊ ရှင်ပြုမင်္ဂလာပြုလုပ်ခြင်း၊ ကင်ပွန်းတပ်မင်္ဂလာပြုလုပ်ခြင်း၊ မီးဖွားခြင်း၊ အသုဘကိစ္စများ ဆောင်ရွက်ခြင်းစသည်တို့သည် ယခင် ရှေးဟောင်းဓလေ့များကို အခြေခံ၍ဆောင်ရွက်ကြပြီး ခေတ်အလိုက်ပြောင်းလဲမှုလည်း အထိုက် အလျောက်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရမည်ဖြစ်ပါတယ်။ ယဉ်ကျေးမှုအပိုင်းကိုလည်း အချိန်ကိုလေးစားသောအားဖြင့် အထူးတလည် မတင်ပြလိုတော့ပါ။ အနုပညာနှင့် စပ်လျဉ်းပြီးတော့

အများဝေဖန်ပြောဆိုနေတဲ့ ကိစ္စတစ်ခုကတော့ မွန်တို့ရဲ့အဆိုအကများက နှေးကွေးလွန်းခြင်း၊ အေးဆေးလွန်းခြင်း၊ တက်ကြွမှုအားနည်းခြင်းစသောအချက်များဟု သိရှိရပါတယ်။ မွန်လူမျိုးတို့၏ တင်ပြနေကြတဲ့ ယိမ်းအကများသည် ရှေးဟောင်းနန်းတွင်းယိမ်းအကများတို့နှင့်နွယ်သော ကကြိုး ကကွက်၊ ကဟန်ဆိုဟန်များ ဖြစ်ကြပါတယ်။ ရှေးမွန်မင်းနှင့် မိဖုရားတို့သည် ထီးမူ၊ နန်းဟန်၊ ကြင့်နန်း ဆန်ဆန်နှင့် သာယာအေးမြသောဆိုသံ၊ ပျော့ပြောင်းနွဲ့နှောင်းသောကဟန် ငြိမ့်ညောင်းသော တီးခတ်သံများကို ကြိုက်နှစ်သက်၍ ၎င်းတို့၏အကြိုက်အတိုင်း ကပြသီဆိုတီးမှုတ် အသုံးတော်ခံရခြင်းဖြစ်ပါတယ်။ ၎င်းကကွက် ဆိုကွက်တီးကွက်များတို့ကို အခြေခံ၍ ကပြသီဆိုတီးမှုတ် ထားခြင်းဖြစ်ပါကြောင်း ရှေးမွန်အနုပညာရှင်များတို့၏ အဆိုအမိန့်ကို မှတ်မိသမျှ တင်ပြအပ်ပါတယ်။ အခြားသော ကကွက်များဖြစ်တဲ့ ဇာတ်သဘင်အက၊ တစ်ပင်တိုင်အက၊ နှစ်ပါးသွားအကများ၊ အိုးစည် အကများ၊ ပွဲတော်အလိုက်အကများလည်းရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုအကများသည် ဆင်တူရိုးမှား ဖြစ်ကြ၍ မွန်အက၊ မြန်မာအကဟူ၍ ခွဲခြားမရတဲ့ ကကွက်များလည်း ရှိကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်စာပေကဏ္ဍနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေး လိုသည်မှာ မွန်စာပေများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် ကျောက်စာ၊ ခေါင်းလောင်းစာ၊ စဥ့်ချပ်စာ(ဝါ)စဥ့်ကွင်းစာ၊ မင်စာ၊ အုတ်ခွက်စာ၊ ဂဝံစာ၊ အင်္ဂတေစာ၊ ပေစာ၊ ပုရပိုက်စာစသည်ဖြင့် အမြောက်အများရှိပါတယ်။ ၎င်းအပြင် ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်စာပေ၊ ဇာတ်တော်သမိုင်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ သိုက်တဘောင်၊ ပျို့ကဗျာ၊ လင်္ကာ၊ သီချင်း၊ ပုံပြင်၊ ဝတ္ထု၊ စကားထာ၊ စကားပြေအရေးအသားများလည်း အမြောက်အမြားရှိပါတယ်။ သို့သော် ဖော်ပြပါစာပေ များတို့အနက် စာပေအချို့တို့သည် လက်ဝယ်ရှိထားနှင့်သော်လည်း ရာခိုင်နှုန်းတော်တော်များများဟာ စာပေများ တို့က ရှေးဟောင်းမွန်မင်းဆက်များ နန်းတည်ရာ မြို့ဟောင်းများတွင် တိမ်မြုပ်လျက်ရှိနေပါ သေးကြောင်းကိုလည်း သမိုင်းအထောက်အထားအရ ပြောကြားလိုပါတယ်။ ပျူမြို့ဟောင်းများဖြစ်ကြ သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့များကို ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များအား ရှာဖွေတူးဖော်သလို မွန်မင်းတို့ နန်းစံခဲ့တဲ့ မြို့ဟောင်းများတို့ကိုလည်း ရှေးဟောင်းအမွေအနှစ်များ အား သုတေသနပြုရှာဖွေရန် သင့်တော်ပါကြောင်းကိုလည်း တင်ပြအစီရင်ခံလိုပါတယ်။ လိုအပ် သော သုတေသနပြုမှုများ ဆောင်ရွက်ပြီး လိုအပ်သောအချက်အလက်များ ပြည့်စုံစွာ ရရှိပြီး နောက်မှသာလျှင် ၎င်းအချက်အလက်များ မပျောက်ပျက်အောင်၊ နိုင်ငံတော်၏ အမွေအနှစ်များ

ရေရှည် တည်တံ့ခိုင်မြဲအောင် မှတ်တမ်းတင်ခြင်း၊ စွယ်စုံကျမ်းပြုစုခြင်းများကို ပြုလုပ်သင့်ပါကြောင်း ကိုလည်း လေးနက်စွာ တိုက်တွန်းပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်အမျိုးသားစာပေနှင့်ပတ်သက်ပြီးတော့ မွန်စာပေသင်ကြားရေးသမိုင်း အကျဉ်းချုပ်ကို ရေးထားတဲ့ကိစ္စနဲ့ အချက် ၁၈ ချက်ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော် အချိန်ကို လေးစားသောအားဖြင့် နောက်ဆုံး ၅ ချက်ကိုပဲ ကျွန်တော် ဖတ်ကြားပါမယ်။ ခွင့်လွှတ်ပါ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်စာပေက အင်မတန်ကျယ်ပြန့်တော့လည်း တင်ပြရခြင်းဖြစ်ပါတယ်။ အခု တင်ပြတဲ့ဥစ္စာက မွန်တစ်ဦးတည်းအတွက် မဟုတ်ပါဘူး။ တိုင်းရင်းသားအားလုံးအတွက် ဖြစ်ပါတယ်။ နံပါတ်စဉ်(၁၄) မိခင်ဘာသာစကားနှင့် တိုင်းရင်းသားလူမျိုးကလေးငယ်များ၏ မူလတန်းပညာ နိုင်ငံတော်အစိုးရ၏ မူလတန်းကျောင်းများတွင် မြန်မာဘာသာကို အသုံးပြုသင်ကြားသော စနစ်ဖြစ်ပါသည်။ ဝေးလံခက်ခဲသောဒေသ၊ တိုင်းရင်းသား ဘာသာစကားကို အသုံးများသော ဒေသများရှိ မူလတန်းကျောင်းများတွင် စာပေသင်ကြားရာ၌ မြန်မာဘာသာကိုသာ အသုံးပြုသဖြင့် မြန်မာဘာသာကို ပြောဆိုရန်၊ နားလည်ရန် အခက်အခဲများကြောင့် မူလတန်းပညာသင်ကြားရာတွင် တိုင်းရင်းသားကလေးများက ဘာသာစကားအခက်အခဲများစွာနှင့် ကြုံတွေ့နေရပြီး မူလတန်း ပညာမပြီးဆုံးဘဲ ကျောင်းထွက်လိုက်ရပါသည်။ (၁၅) တိုင်းရင်းသားကလေးငယ်များနှင့် မူလတန်း ပညာသင်ကြားမှုအခြေအနေ၊ ပြည်နယ်တိုင်းများရှိ အထူးသဖြင့် မိခင်ဘာသာစကားကို အသုံးများ သော ဒေသများရှိ မူလတန်း ကလေးများတွင် ဘာသာစကားအခက်အခဲများရှိနေကြောင်း တွေ့ရှိရပြီး မူလတန်းအဆင့်တွင် တိုင်ရင်းသားဘာသာစကားကို သင်ကြားရေးမဏ္ဍိုင်အဖြစ် အသုံးပြုခွင့်ပေးခြင်း သည် ပညာသင်ကြားရာတွင် ဘာသာစကားအခက်အခဲကို လျော့ပါးစေနိုင်ပါသည်။ (၁၆) ရာခိုင်နှုန်း ဖြင့် သတ်မှတ်သင်ကြားခြင်း။ သင်ရိုးညွှန်းတမ်းတွင် ပင်မပြဋ္ဌာန်းအကြောင်းအရာကို ၆၀ ရာခိုင်နှုန်း ခန့်နှင့် ဒေသအကြောင်းအရာများကို ၄၀ ရာခိုင်နှုန်းခန့် ထည့်သွင်းခြင်းသည် တိုင်းရင်းသားကလေး များအတွက် လွယ်ကူသော သင်ကြားနည်းတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါသည်။ (၁၇) မူလတန်းကျောင်း များနှင့် တိုင်းရင်းသားစာပေသင်ကြားရေး။ တိုင်းရင်းသားဘာသာစကားအပြောများသောဒေသများ တွင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားကို မဏ္ဍိုင်ပြုသင်ကြားခြင်းဖြင့် ပညာရေးသင်ကြားမှု ပိုမိုထိရောက်နိုင်သည့်နည်းတူ သက်ဆိုင်ရာတိုင်းရင်းသားတို့၏ အခြေခံစာပေကို သင်ကြားခြင်းဖြင့် အောက်ပါအတိုင်း ကျေးဇူးများကို ရရှိနိုင်ပါသည်။ (က) မူလတန်းပညာကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ခြင်း၊ (ခ) တိုင်းရင်းသားတို့၏ စာပေကွယ်ပျောက်သွားခြင်း သို့မဟုတ် ကွယ်ပျောက်ရန်

အန္တရာယ်မှ တားဆီးနိုင်မည်ဖြစ်ပါသည်။ (၇) တိုင်းရင်းသားတို့၏ စာပေဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာနိုင်ငံ၏ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်သည်။ (၁၈) မူလတန်းကျောင်းများတွင် ပြဋ္ဌာန်းထားသောဘာသာရပ်တစ်ခုအတွက် စာပေသင်ကြားရာတွင် တိုင်းရင်းသားအများစုသည် မိမိတို့၏ စာပေနှင့် ဘာသာစကားကို ချစ်မြတ်နိုးပြီး တန်ဖိုးထားကြသည်။ စာသင်ရန်အလွယ်ကူဆုံးသော အသက်အပိုင်းအခြားသည် မူလတန်းအရွယ်ကလေးများဖြစ်ကြပါသည်။ တိုင်းရင်းသား အများစု နေထိုင်ကြသော ကျေးရွာများရှိ မူလတန်းကျောင်းများတွင် တိုင်းရင်းသားစာကို ပြဋ္ဌာန်းဘာသာ တစ်ရပ်တစ်ခုအဖြစ် သင်ကြားပေးသင့်ပါသည်။ မူလတန်းကျောင်းတစ်ကျောင်းတွင် တိုင်းရင်းသား စာသင်ပြနိုင်သည့် ဆရာတစ်ဦးတည်းသာ လိုအပ်ပါသည်။ လက်ရှိမူလတန်းကျောင်းတစ် ကျောင်းတွင် ပျမ်းမျှ အတန်း ၅ တန်းသာ၍ တစ်နေ့တာ ကျောင်းစာသင်ချိန်သည် ၈ ချိန်ရှိပါသည်။ ဆရာတစ်ဦးသည် တစ်ချိန်လျှင် တစ်တန်းသင်ကြားခြင်းဖြင့် လုံလောက်ပါသည်။ မူလတန်းကျောင်း တစ်ကျောင်းတွင် ဆရာတစ်ဦး ခန့်ထားပေးခြင်းဖြင့် လုံလောက်ပါသည်။ လက်ရှိ ခွင့်ပြုမိန့်တွင် တိုင်းရင်းသားစာ သင်ပြနိုင်သော ကျောင်းဆရာတစ်ဦးသာ ခန့်ထားပေးရန် လိုအပ်ပါသည်။ ကျောင်းချိန်ပြင်ပတွင် သင်ကြားခြင်းသည် အနည်းဆုံး ၅ တန်းကို သင်ကြားနိုင်ရန် ဆရာဦးရေ အများအပြား လိုအပ်မည်ဖြစ်ပါသဖြင့် ပြည်သူများအနေဖြင့် အဆိုပါဆရာဦးရေအတွက် ကျခံနိုင်သော လုံလောက်သည့် ရန်ပုံငွေအခက်အခဲရှိပါကြောင်း တင်ပြအပ်ပါသည်။ အထက်ဖော်ပြပါ တင်ပြချက် အတိုင်း တိုင်းရင်းသားစာပေသည် အေဒီ ၄ ရာစုခန့်က ပေါ်ထွန်းခဲ့ကြောင်း စာပေပညာရှင်များက ယူဆခဲ့သလို ကျောက်စာများ အထောက်အထားအရလည်း အလွန်ရှေးကျကြောင်း သိရှိနိုင်မည် ဖြစ်ပါသည်။ အလွန်ရှေးကျသော စာပေတစ်ရပ်ဖြစ်သည့် အလျောက်ခိုင်မာတောင့်တင်းပြီး ပြည့်စုံမှု လည်း ရှိသသောစာပေတစ်ရပ်ဖြစ်ပါတယ်။ သို့သော် ခေတ်စနစ်အမျိုးမျိုးတို့ တားဆီးပိတ်ပင်မှု အမျိုးမျိုးကြောင့် တိမ်ကောပပျောက်လုမတတ် ဖြစ်ခဲ့ရပါတယ်။ တင်ပြချက်၏ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈ တို့အပေါ် သုံးသပ်ပြီး မြန်မာ့ဒီမိုကရေစီခရီးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကဏ္ဍတိုးမြှင့် လာရန် တိုင်းရင်းစာပေသင်ကြားရေးကိစ္စကို အလေးအနက်ထား ပေးသင့်ပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးလှမောင်ရဲ့တင်ပြရန်ကျန်တဲ့ကိစ္စတွေ ရှိကောင်းရှိပါမယ်။ ဒါ့ကြောင့်မို့လို့ အခုရေးသားထားတဲ့စာတမ်း ကျွန်တော်တို့ဆီကို ပေးပို့ပေးပါ။ ဦးစိုင်းဘိုးအောင် မူဆယ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း တင်သွင်းတဲ့အဆိုနဲ့ပတ်သက်လို့ ကျွန်တော် အပိုင်း ၃ ပိုင်းခွဲပြီးတော့ အတိုချုပ်ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ အပိုင်း(၁)အနေနဲ့ အဆိုမှာပါတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့ သမိုင်းမှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေးကိစ္စ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်း စုပေါင်းနေထိုင်ကြတဲ့တိုင်းရင်းသား ၁၃၅ မျိုးရှိတယ်ဆိုပေမယ့် မျိုးနွယ်စုတူတာများကို ကျွန်တော်တို့စုစည်းလိုက်မယ်ဆိုရင် မျိုးနွယ်စုရင်း ၈ မျိုး သာတွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့ပါသော်လည်း ရာဇဝင်သမိုင်းများကို လေ့လာသုတေသနပြုမှတ်တမ်းတင်ထားရှိခြင်း ခံရတာနဲ့ ကျောင်းများမှာသင်ကြားပေးခြင်းခံရတာက မြန်မာတိုင်းရင်းသားများရဲ့ရာဇဝင်သမိုင်းသာ ရာနှုန်းပြည့်နီးပါးဖြစ်ပြီး ကျန်တိုင်းရင်းသားများရဲ့ သမိုင်းတွေဟာ မပါသလောက်ဖြစ်နေတာတွေ့ ရှိရမှာဖြစ်ပါတယ်။ မျက်မှောက်ကာလ စာသင်ကျောင်းမှာ သင်ကြားရတဲ့ သင်ရိုးပါသင်ခန်းစာများမှာ ဗမာတိုင်းရင်းသားများနှင့် ထိစပ်ဆက်ဆံမှုများခဲ့တဲ့ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများရဲ့ သမိုင်းအနည်းအကျဉ်းပါဝင် ကြတယ်ဆိုပေမယ့် စေ့စပ်သေချာသုတေသနပြုမှတ်တမ်းတင်ထားတဲ့ သမိုင်းမှန်များ နည်းပါးပြီးတော့ အဲ့ဒီ တိုင်းရင်းသားများရဲ့ တကယ့်သမိုင်းအမှန်များနှင့် ချွတ်ချော် လွဲမှားမှုများ၊ တိုင်းရင်းသားအချင်းချင်းသံသယတွေဝင်၊ အထင်အမြင်လွဲမှားစေနိုင်သော အရေး အသားများ ပါဝင်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ထိုနည်းတူစွာ ပြင်ပစာပေတွေမှာ ရေးသားတဲ့ သမိုင်းကြောင်းတွေမှာလည်း သမိုင်းကြောင်းအလွဲတွေရေးသားမှုများကို တွေ့မြင်ဖတ်ရှုရတဲ့အခါမှာ တိုင်းရင်းသားတွေရဲ့ရင်ထဲမှာ နာလိုခံခက်ဖြစ်ရမယ့် ထိခိုက်ခံစားမှုများကို အဲဒီစာရေးသူများ သမိုင်း မှတ်တမ်းတင်သူများက စာနာထောက်ထားသင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဥပမာအားဖြင့် ဖော်ပြရမယ်ဆိုရင် နယ်ချဲ့အင်္ဂလိပ်ခေတ်က မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးတဲ့အခါမှာ ကွဲပြားနေတဲ့ ရှမ်းပြည်စော်ဘွားနယ် ၄၆ နယ်ကို ၃၃ နယ်အဖြစ် ပြန်လည်ဖွဲ့စည်းပြီးတော့ Federated Shan States Council ဖွဲ့စည်းပေးခဲ့ရာမှာ ၎င်းကို ရှမ်းပဒေသရာဇ်ကောင်စီ လို့ခေါ်ကြောင်း၊ Federated ကို ပဒေသရာဇ်ဆိုပြီး အသံလှယ်ရေးခဲ့တာမျိုး၊ ပေါင်းစည်းခြင်း လို့အဓိပ္ပာယ်ရတဲ့ Federal ဆိုတဲ့စကားလုံးကို ခွဲထွက်ရေးလို့ အဓိပ္ပာယ်အမှတ်မှားအောင် အတင်းသွတ်သွင်းသင်ကြား ပေးခဲ့တာမျိုး၊ နောက် ၁၉၆၁ ခုနှစ်ဇွန် လ ၈ ရက်ကနေ ပြီးတော့ ၁၉၆၂ ခုနှစ် မတ်လ ၁ ရက်နေ့အထိ ရှမ်းပြည်နယ်ကဦးဆောင်တဲ့ ပြည်နယ်များညီညွတ်ရေးအဖွဲ့

ကပြုစုတင်သွင်းတဲ့ အခြေခံဥပဒေ ပြင်ဆင်ရေးမူကို ထုတ်ဖော်မပြ အမှောင်ချပြီးတော့ ဖယ်ဒရယ်မူ (ခွဲထွက်ရေးမူ)စသည်ဖြင့် ဖြစ်ရပ်မှန် ဖော်ပြခြင်းမပြုဘဲ ဇွတ်အတင်းအမြင်စောင်းအောင် အတိတ်ကာလက ဖော်ပြရေးသားခဲ့တာမျိုးတွေ အပြင် အငြိမ်းစား ဗိုလ်ချုပ်လှမြင့်ဆွေရေးသားတဲ့ တပ်မတော်သားဂုဏ်ရည်ဆိုတဲ့စာအုပ်မှာ ရှမ်းတိုင်းရင်းသားတွေရဲ့ အထင်ကရ သမိုင်းဝင်မြို့ဟောင်း စယ်လန့်ကို အဝေးရောက်မြို့ဝန်များ၏ ဆင်စခန်းဖြစ်၍ ဆင်လန်ရွာဟုခေါ်ကြောင်းစသဖြင့် သမိုင်းကြောင်း အလွဲအရေးအသားတွေသာ များစွာတွေ့ရှိရပါတယ်။ ရှမ်းတိုင်းရင်းသားတွေနဲ့ ဆက်သွယ်တဲ့ သမိုင်းကြောင်းတွေမှာသာ ဒီလိုတွေ့ရတာမဟုတ်ပဲနဲ့ အခြားအခြားသော တိုင်းရင်းသားများရဲ့ သမိုင်းကြောင်းအလွဲများ မှတ်တမ်း တင်ထားရှိမှုများကိုလည်း လေ့လာ တွေ့ရှိရပါတယ်။ ထို့မျှမက ပြည်ထောင်စုတိုင်းရင်းသားတိုင်း အသေးစိတ်သိသင့်သိထိုက်တဲ့ ပင်လုံစာချုပ်ကဲ့သို့သော သမိုင်းဝင်စာချုပ်စာတမ်းများ၊ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုမပြိုကွဲရေးအတွက် ရည်ရွယ်ပြဋ္ဌာန်းချက်များဖြစ်ကြတဲ့ တိုင်းရင်းသားများ သိသင့် သိထိုက်တဲ့ပုဒ်မ ၂၀၁ ကနေ ၂၀၆ အဆင့်ဆင့်ပြဋ္ဌာန်းချက်များကို မျိုးဆက်သစ်များ မသိရှိ ရလေအောင် စာပေအမှောင်ချထားခြင်းမျိုးကိုလည်း ကျွန်တော်တို့ ကာလကြာရှည်စွာ ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါတယ်။ ထိုသို့တိုင်းရင်းသားများနှင့် အခြားတိုင်းတစ်ပါးတွေက ရေးသားတဲ့ သမိုင်းအမှန် မှတ်တမ်းများနှင့် ကွဲလွဲနေခြင်း၊ မပြည့်မစုံခြင်း၊ ထိမ်းချန်ခြင်း၊ ကျော်လွှားသွားခြင်း၊ အဓိပ္ပာယ်ကောက် လွဲမှားစေခြင်းစတဲ့ ရေးသားဖော်ပြချက်တွေကြောင့် တိုင်းရင်းသားအချင်းချင်း နားလည်မှု လွဲမှားနိုင်သလို တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကိုလည်း ထိခိုက်စေပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားများရဲ့သမိုင်းအမှန်ကို တိုင်းရင်းသားသမိုင်းပညာရှင်များပါဝင်တဲ့ သုတေသနအဖွဲ့ ဖွဲ့စည်းပြီးတော့ ရှာဖွေဖော်ထုတ်မှတ်တမ်းတင်ရေးသားသင့်ပါကြောင်း အကြံပြု တင်ပြလိုပါတယ်။

ဒါ့အပြင် သမိုင်းမှတ်တမ်းများကို မှတ်တမ်းစွယ်စုံကျမ်းရေးသားမှတ်တမ်း တင်ပြထားရုံနဲ့ မလုံလောက်နိုင်ဘူးလို့ ထင်မြင်ယူဆပါတယ်။ ဗမာတိုင်းရင်းသားများရဲ့သမိုင်းဝင်နယ်မြေဒေသများ၊ အဆောက်အဦများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသလို အခြားတိုင်းရင်းသားများရဲ့ သမိုင်းဝင်နယ်မြေများ၊ အဆောက်အဦများကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးမှသာလျှင် တိုင်းရင်းသားများရဲ့ရင်မှာ သာတူညီမျှမှုရှိတယ်လို့ခံစားရမှာဖြစ်ပါတယ်။ ရခိုင်မြောက်ဦးဒေသဘက် မှာ ရထားလမ်းဖောက်ဖို့အတွက် ရှေးဟောင်းသမိုင်းဝင် သာသနိကအဆောက်အဦးများ၊ ဖျက်ဆီး ခံရတာမျိုး၊ ရှမ်းတို့ရဲ့ မြို့တော်ဟောင်းစယ်လန့် မြို့ကျုံးဟောင်းတစ်လျှောက်မှာ စုစည်းရွာတွေကို

အိမ်မြေနေရာချထား ပေးတဲ့အတွက်ကြောင့်မို့လို့ ကျုံးဟောင်းဖျက်ဆီးခံရတာမျိုး၊ စော်ဘွားဟော်တွေ ဖြိုချဖျက်ဆီးခံရတာ မျိုးဟာ တိုင်းရင်းသားတွေရဲ့သမိုင်းတန်ဖိုးကို အလေးမထားရာရောက်တယ်လို့ ရင်ထဲမှာထိခိုက်ခံစား ရစေပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုင်း (၂) အနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုမှတ်တမ်းပြုစုထားရှိရေးကိစ္စ ဖြစ်ပါတယ်။ ဒီခေတ်၊ ဒီကာလမှာ မြန်မာ ဆိုတဲ့စကားလုံးကို ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးက တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ စကားလုံးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသုံးနှုန်းနေကြပါတယ်။ မြန်မာ့ယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကိုလည်း ကျင်းပလာခဲ့တာ (၁၉) ကြိမ်မြောက်ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ သို့သော် ထိုပြိုင်ပွဲတွေဟာ ဗမာ့ဆိုကရေးတီးကိုသာဖော်ထုတ်တင်ပြတဲ့ ပြိုင်ပွဲတွေဖြစ်ပြီးတော့ တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင် ပြိုင်ပွဲဝင်စေတာကြောင့် အခြားတိုင်းရင်းသားများနဲ့ ဆို၊ က၊ ရေး ၊ တီး သုခုမအနုပညာများကို ပယ်ဖျောက်ဝါးမြိုခံနေတယ်လို့ခံစားရစေပါတယ်။ ဒါ့အပြင် ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်သဘင်တွေမှာ လူကြမ်းတွေက ရှမ်းဘောင်းဘီဝတ်ပြီးတော့ ကြမ်းကြ၊ ရမ်းကြပြတဲ့အခါမှာ ကြည့်မြင်၊ ကြည့်ရှု ကြတဲ့ကလေးတွေက ရှမ်းဘောင်းဘီဝတ်တဲ့ သူတိုင်းကို လူဆိုးလို့စိတ်ထဲမှာ စွဲမှတ်ယူသွားစေတာမျိုးဟာ တိုင်းရင်းသားယဉ်ကျေးမှုကို အရုပ်ဆိုးအကျည်းတန်စေပါတယ်။ ယဉ်ကျေးမှုကိုမှတ်တမ်းတင် ရမယ်ဆိုရာမှာ ဆို၊ က၊ ရေး၊ တီး၊ ဂီတ အနုပညာတွေသာမက နေ့စဉ် လူမှုဘဝ၊ ဓလေ့ထုံးတမ်းစဉ်လာ၊ ရိုးရာဓမ္မသတ် စီရင်ဆုံးဖြတ်ကြပုံကိုလည်း စာပေနဲ့မှတ်တမ်းတင် ကျမ်းပြုထားရှိဖို့ လိုအပ်သလို အခြားသတင်းအချက်အလက် ဖြန့်ချိရေးနည်းလမ်းများဖြင့်လည်း တိုင်းရင်းသားလူမျိုးများအကြား သိရှိ နားလည်ရလေအောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ သို့မှသာ တိုင်းရင်းသားအချင်းချင်း ထိတွေ့ ဆက်ဆံမှုမှာ အထောက် အကူပြုနိုင်မှာဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုင်း (၃) အနေနဲ့တင်ပြဆွေးနွေးလိုတာ ကတော့ တိုင်းရင်းသားများ၏စာပေအရေးကိစ္စပဲဖြစ်ပါတယ်။ လူမျိုးတစ်မျိုး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေး ဟာ ၎င်းရဲ့စာပေအပေါ်များစွာတည်မှီနေတယ်လို့ထင်မြင်ပါတယ်။ စာပေဟာ ဘာသာစကားကို ထိန်းသိမ်းကာကွယ်ပေးတဲ့အရာဖြစ်ပါတယ်။ လူမျိုးတစ်မျိုးရဲ့ နေထိုင်ဝတ်စားပြောဆိုမှု၊ ဓလေ့စရိုက် အမူအကျင့်တွေဟာ ခေတ်စနစ်ပတ်ဝန်းကျင်ကြောင့် ဘယ်လောက်ပဲ ပြောင်းသွားပါစေ သူရဲ့စာပေက သူ့လူမျိုးရဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှုများအကြောင်းကို အစဉ်သက်သေထူပေးနေမှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ စာပေများကိုလည်း စုစည်းမှတ်တမ်းတင်ပေးရမှာဖြစ်သလို တိုင်းရင်းသား မိမိတို့စာပေသင်ကြားခွင့် ရရှိအောင်လည်း ကူညီဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ တိုင်းရင်းသားဘာသာစကား၊ စာပေတွေကို ပညာသင်ကြားရေးမှာ တွဲဖက်အသုံးပြုသင်ကြားစေခြင်းအားဖြင့် မူလတန်းကျောင်းနေ အရွယ်ကလေးတွေက ဒုတိယဘာသာစကား သင်ယူတတ်မြောက်မှုမှာလည်းကောင်း၊ ကျောင်းသင်ဘာသာရပ် နားလည်တတ်ကျွမ်းမှုမှာလည်းကောင်း ပိုမိုရရှိနိုင်ကြောင်းကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများရဲ့ မူလတန်းပညာသင်ကြားရေးကို လေ့လာကြည့်ရှုခြင်းအားဖြင့် ကျွန်တော်တို့ လေ့လာသိရှိနိုင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်အားဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (က)၊ (ခ) အရ နိုင်ငံတော်ဟာ တိုင်းရင်းသားများအားလုံးရဲ့စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများတိုးတက်ဖြစ်ထွန်းစေရန်နဲ့ စည်းလုံးညီညွတ်ရေး၊ ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေအောင် ကူညီဆောင်ရွက်ပေးရမယ့် ပြဋ္ဌာန်းချက်နဲ့တာဝန်များရှိပြီးဖြစ်သလို ပုဒ်မ ၃၅၄ ပုဒ်မခွဲ (ဃ) အရလည်း စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တိုင်းရင်းသားတိုင်း လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိပြီး ဖြစ်ပါတယ်။ အဓိကလိုအပ်ချက်ကတော့ ဥပဒေပါပြဋ္ဌာန်းချက်များကို တိုင်းရင်းသားများအားလုံး အပြည့်အဝရရှိခံစားနိုင်ရေးကို အလေးပေးဆောင်ရွက်ပေးဖို့ သာလိုအပ်နေပါတယ်။ ဒီကွက်လပ်ကိုဖြည့်ဆည်းဖို့အတွက် ကန့်ဘလူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးချမ်းငြိမ်း တင်သွင်းတဲ့အဆိုအတိုင်း ဆောင်ရွက်ပေးဖို့ကလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းရင်းသား သမိုင်းပညာရှင်များ၊ စာပေအနုပညာရှင်များစုပေါင်းပါဝင်တဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတော့ အချိန်ကာလသတ်မှတ်ချက်တစ်ခုသတ်မှတ်၍ စုပေါင်းဆောင်ရွက်ပေးသင့်ပါကြောင်း မိမိရဲ့အတွေးအမြင်ကို ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၃) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်(ကြာသပတေးနေ့) ၁၀း၀၀ နာရီချိန်မှာ ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆ း ၀၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ၁၆း၀၀ နာရီတွင်ရပ်နားပါသည်။ **]**